# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နယုန်လပြည့် ၊ သောကြာနေ့ ၊ (2-6-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၃၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များကို နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်




**နေပြည်တော် ဇွန် ၁**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊


**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အထူးဆုအဖြစ် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဖိုင်နယ်ပွဲသို့ တက်ရောက်နိုင်ခဲ့သည့် အမျိုးသမီးဘောလုံးအသင်းအား အမေရိကန်ဒေါ်လာ၅၀၀၀၀ ကို ပေးအပ်ချီးမြှင့်စဉ်။**




ရတနာပုံ
၂၀၁၃ ခုနှစ် ဇွန် ၂ ရက်
အယ်ဒီတာ့အာဘော်

# တောင်သူတို့လုပ်ငန်းခွင်ဝင်ကြ နယုန်လ

နယုန်လသည် မြန်မာပြက္ခဒိန်တွင် တတိယမြောက်လဖြစ်ပြီး နွေဥတုကုန်ဆုံးတော့မည့်လဖြစ်သလို မြန်မာစာဆိုပညာရှင်များက နွေနှောင်းလ၊ နွေစွန်လဟူ၍လည်း စာဖွဲ့လေ့ရှိကြသောလဖြစ်ပေသည်။

နွေနှောင်းလဖြစ်သော ကဆုန်လတွင် တစ်နေ့တာလုံး ချစ်ချစ်တောက်ပူပြင်းသောနေမင်းကအပူရှိန်အားလျော့လာစပြုကာ ကောင်းကင်တစ်ပြင်လုံး မိုးသားများမည်းမှောင်အုံ့ဆိုင်းပြီး မိုးတဖြိုင်ဖြိုင်ရွာသွန်းလေ့ရှိသည်။ သစ်ပင်သစ်ကိုင်းများထက် ရွက်နုညွန့်သစ်ကလေးများက စိမ်းစိုလန်းဆန်းကာ နယုန်လ၏ မိုးသေးမိုးဖွဲကလေးများကြောင့် မြေပြင်မှာ မြက်နုကလေးများစိုပြည်စိမ်းလန်းလာသည်ကို "နယုန်မိုးသေး မြက်သားမွေး"ဟု ဆိုစမှတ်ပြုကြကြောင်းလည်း တွေ့ရသည်။ စိမ်းစိုသောမြက်ခင်းကမ္ဘာလာမှာ နယုန်လ၏အင်္ဂါရပ်တစ်ခုသဖွယ်ဖြစ်သည်။

နယုန်လတွင် စံပယ်ဖြူလှိုင်လှိုင်ပွင့်ကာ မိုးဖွဲမိုးမှုန်ကလေးများမှ မိုးသည်းထန်စွာလည်း ရွာသွန်းတတ်သည်ဖြစ်ရာ လယ်ယာ၊ မြစ်ချောင်းများတွင် ရေများအပြည့်အဝရကြပေသည်။ တောင်သူတို့လုပ်ငန်းခွင်ဝင်ကြရန်အတွက် ထွန်တုံးထွန်တံတို့ ပြင်ကြဆင်ကြသလို ကောက်ပဲသီးနှံ၊ စပါး၊ ဆန်တို့ကို စိုက်ပျိုးကြရန်အတွက် ပျိုးထောင်ထားသော မျိုးစပါးကောက်နှံတို့ဖြင့် လယ်ကွင်းပြင် ရေဖွေးဖွေးဝယ် ပျိုးနုတ်ကြ၊ ကောက်စိုက်ကြသောအချိန်လည်းဖြစ်ပေသည်။

ထို့ကြောင့် နယုန်လသည် စပါးဆန်ရေပေါပြည့်စေရန် နိုင်ငံအတွက် စပါးကျီများတည်ထားနိုင်ရန်အတွက် ကနဦးကျေးဇူးပြုသောလဟုလည်း သတ်မှတ်ခေါ်ဆိုထိုက်ပေသည်။ လယ်ကွင်းပြင်ရေဖွေးဖွေးဝယ် ကောက်စိုက်သမတို့၏ ရိုးပေးညာသံခေါ် ထူးပဲ့တင်သံတို့မြည်သောသမယလည်းဖြစ်သလို အစကောင်းမှ အနှောင်းသေချာဟူသကဲ့သို့ ဆန်စပါးစိုက်ပျိုးကြသူ တောင်သူများအတွက် ကောက်ကွက်မှန်၊ ကောက်နှံပြည့်အောင် ကြိုးပမ်းကြရသည့်အချိန်လည်းဖြစ်ပေသည်။

ရှေးယခင် မြန်မာဘုရင်များလက်ထက်တော်အခါက နယုန်လတွင် စာတော်ပြန်ပွဲများကိုကျင်းပလေ့ရှိကြကြောင်း သမိုင်းအထောက်အထားများအရ သိရှိနိုင်သလို ယနေ့ခေတ် ပထမပြန်စာမေးပွဲများသည် နယုန်လစာတော်ပြန်ပွဲမှ ဆင်းသက်လာကြောင်း တွေ့နိုင်သည်။ ရှေးမြန်မာဘုရင်များလက်ထက်တော်အခါက စာတော်ပြန်ပွဲသာမက လယ်ထွန်မင်္ဂလာပွဲကိုပါ ကျင်းပပြုလုပ်လေ့ရှိရာ နယုန်လသည် ကောင်းမြတ်သောဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသောလဟု ဆိုရမည်ဖြစ်ပေသည်။

နယုန်လပြည့်နေ့တွင် ဗုဒ္ဓဘုရားရှင်တော်သည် လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့အား မဟာသမယသုတ်တော်ကို ဟောဖော်မြွက်ကြားခဲ့ပေသည်။ ယနေ့အချိန်၌ နယုန်လတွင် မဟာသမယသုတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြခြင်း၊ မဟာသမယအခါတော်နေ့ဆင်ယင်ကျင်းပခြင်းတို့ကို အစဉ်အဆက်ပြုလုပ်လာခဲ့ကြသည်မှာ နယုန်လ၏ထူးခြား၍ လေးစားမြတ်နိုးဖွယ်ကောင်းသော အချက်များဖြစ်သည်။

သို့ဖြစ်ပေရာ နွေလကုန်လွန်၍ မိုးကာလသို့ဝင်ရောက်ကာ ကုန်း၊ ရေ နှစ်တန်စုန်ဆန်သွားလာနိုင်ပြီး သစ်ပင်ပန်းမန်တို့ စိမ်းလန်းစိုပြည်ကာ တောင်သူတို့ ဝမ်းမြောက်စွာ လုပ်ငန်းခွင်ဝင်နိုင်ကြသော ပြည့်ဝမ်းစာ စပါးကျီကျရိက္ခာလှအောင် စတင်ဆောင်ရွက်နိုင်သော စိမ်းလန်းအေးမြနယုန်လ အခါသမယကို ဂုဏ်ပြုရေးသားလိုက်ရပေသည်။

# သရက်သီးအနှစ်ထုတ်ကုမ္ပဏီများက အိတ်မစွပ်သရက်သီးများကို တစ်တန်လျှင် ငွေကျပ် ၁၀ သိန်းဖြင့် ဝယ်ယူမှုရှိနေ



**မန္တလေး ဇွန် ၁**

မန္တလေးတိုင်းဒေသကြီးအတွင်း အိတ်မစွပ်သရက်သီးများကို သရက်အနှစ်ထုတ်လုပ်သည့် ကုမ္ပဏီများက တစ်တန်လျှင် ငွေကျပ် ၁၀ သိန်းဖြင့် ဝယ်ယူမှုရှိနေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြ၍ သိရသည်။

သရက်အနှစ်ထုတ်ကုမ္ပဏီများသည် သရက်ခြံများမှထွက်ရှိသော အိတ်မစွပ်သရက်သီးများကို သရက်အနှစ်ထုတ်ရန်အတွက် တစ်တန်လျှင် ငွေကျပ် ၁၀ သိန်းထိ ဈေးကောင်းပေး၍ ဝယ်ယူနေခြင်းဖြစ်ကြောင်း သိရသည်။

"အခုလက်ရှိအချိန်မှာက သရက်သီးတွေဟာ လှိုင်လှိုင်ဝင်ရောက်နေပါတယ်။ တရုတ်ဈေးကွက်ကိုလဲ တင်ပို့ရောင်းချနေပါတယ်။ အိတ်စွပ်သီးတွေကို တင်ပို့ရောင်းချနေတာပါ။ အခုအချိန်မှာတော့ မြေပြန့်ပိုင်းကအသီးတွေက လျော့နည်းသွားပါပြီ။ တောင်ပေါ်ဒေသက အသီးတွေ ကျန်သေးပါတယ်။ ပြည်တွင်းမှာလဲ ရောင်းချနေပါတယ်။ အိတ်မစွပ်သီးတွေကိုတော့ တစ်ဖက်ကနေပြီး သရက်အနှစ်ထုတ်ကုမ္ပဏီ နှစ်ခု၊ သုံးခုလောက်ကနေ ဝယ်ယူနေတာတွေရှိပါတယ်။ နောက်ထွက်ရှိလာမဲ့ သရက်သီးတွေကိုလဲ ဆက်လက်ပြီး ဝယ်ယူသွားဖို့ရှိပါတယ်"ဟု ဦးကျော်စိုးနိုင်က ပြောပြသည်။

သရက်စိုက်တောင်သူများသည် လက်ရှိအချိန်တွင် သရက်သီးဈေးကောင်းရရှိနေသည့်အပြင် သရက်အနှစ်ထုတ်ကုမ္ပဏီများကလည်း ဝယ်ယူမှုကြောင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

(၁၈၅)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး ဇွန် ၁**

ယခုတစ်ပတ်အတွင်း စလစ်ကပ်ကားများမှ တိုယိုတာဗစ်ရှ်၊ ကလူဂါကားများ အရောင်းအဝယ်ရှိလာပြီး ဖရီးပါမစ်ပွိုင့်သရီးကားလေးများဖြစ်သည့် နံပါတ်ထွက်ပြီးသား ကားဟောင်းများလည်း အရောင်းအဝယ် ရှိနေကြောင်း မန္တလေး ကားဈေးကွက်အတွင်းမှ သိရသည်။

နံပါတ်ထွက်ပြီးသား ကားဟောင်းများမှ ဟွန်ဒါဖစ်၊ တိုယိုတာဗစ်၊ ဆူဇူကီးဆွစ် စသည့်ကားများ အရောင်းအဝယ်ရှိနေပြီး ဈေးနှုန်းများလည်း မြင့်တက်လာကြောင်း သိရသည်။

လုပ်ငန်းသုံးကား ၆၆၀ စီစီ မီနီထရပ်(ခွေးဘီလူး) ကားများမှ ဆူဇူကီးအမျိုးအစားများမှာ ငွေကျပ်သိန်း ၁၀၀ မှ သိန်း ၁၃၀ ခန့်၊ ဟိုက်ဂျက်အမျိုးအစားမှာ ငွေကျပ် ၁၁၅ သိန်းမှ ၁၃၅ သိန်းခန့်ဈေးရှိနေပြီး ငွေကျပ်သိန်း ၁၀၀ ခန့် ခွေးဘီလူးကားများ ပို၍လူကြိုက်များကြောင်းသိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်းနှစ် ၂၀ အမည်ပေါက်စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ်သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ် သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ပြန်ဖြစ်နေပြီး ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇောင်ချမ်းအမျိုးအစားများမှာ ငွေကျပ် လေးသိန်းခန့် ဆိုင်ကယ်များ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ထိုသို့ တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ် ပြန်ရှိလာသော်လည်း ရောင်းချလိုသူ များနေကြောင်း၊ အသစ်ဘီးများမှာ အဝယ်နည်းပြီး အရောင်းအဝယ်အေးနေဆဲဖြစ်ကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ်Click(ပုံပြောင်း) ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ ၄၄ သိန်း၊ ၂၀၁၉ မော်ဒယ်ဘီးများမှာ ငွေကျပ် ၂၈ သိန်း ၅ သောင်းမှ ၃၅ သိန်းခန့်၊ နောက်ဆုံးမော်ဒယ် မဟုတ်သည့် အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ သိန်း ၂၀ ခန့်ဈေးရှိကြောင်း၊ Scoopy i အမျိုးအစား ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၄ သိန်းမှ ၁၇ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် Click (ဒလက်)မှာ ငွေကျပ် ၁၅ သိန်း၊ Click (စပုတ်)မှာ ငွေကျပ် ၁၃ သိန်း ၅ သောင်းခန့်၊ Scoopy i အမျိုးအစားမှာ ငွေကျပ် ၁၃ သိန်း ၅ သောင်းမှ ၁၅ သိန်းခန့်ဈေးရှိကြောင်း၊ အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅သောင်းမှ ၁၃ သိန်းခန့်၊ CZI နောက်ဆုံးထုတ်အသစ်တစ်စီးလျှင် ငွေကျပ် ၁၃ သိန်းခန့်ရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

(၁၇၃)

# မန္တလေးဈေးကွက်အတွင်း ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့်ဂျုံများ ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀ ဖြင့် ဈေးကောင်းရရှိ

**မန္တလေး ဇွန် ၁**

မန္တလေးဈေးကွက်အတွင်း ရှမ်းပြည်နယ်ဘက်မှ ထွက်ရှိသည့်ဂျုံများ ဝင်ရောက်လာပြီး ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀ ဖြင့် ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ ရှမ်းပြည်နယ်ဘက်မှ အရည်အသွေးကောင်းမွန်သည့် ဂျုံများ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာကြောင်း၊ ၎င်းဂျုံများကို မန္တလေးဈေးကွက်အတွင်း ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ် ကောင်းမွန်လာမှုကြောင့် ဈေးကောင်း ရရှိလာကြောင်း သိရသည်။

"ရှမ်းပြည်နယ်ဘက်ကနေ အရည်အသွေးကောင်းမွန်တဲ့ဂျုံတွေ မန္တလေးဈေးကွက်နဲ့ တောင်ကြီးမြို့အပြင် အခြားမြို့တွေကပါ မှာယူမှု မြန်ပြီးများလာတယ်။ ရှမ်းပြည်နယ်ဘက်ကဂျုံတွေကို မှာယူမှုမြန်ပြီး များပြားလာတာကြောင့် အရောင်းအဝယ်မြန်ကောင်းလာပြီး ဈေးကောင်းရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း မေလနောက်ဆုံးပတ်က ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့်ဂျုံ ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ သာပေါက်ဈေးရှိကြောင်း၊ ယခုအခါ ရှမ်းပြည်နယ်ဘက်မှ ထွက်ရှိသည့်ဂျုံများကို ဝယ်ယူမှုများလာခြင်းကြောင့် ယနေ့တွင် ဂျုံ ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) မှ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဇာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျောက်ဖြူမြို့နယ် ဂေါ်တူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကျောက်ဖြူ ဇွန် ၁**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဂေါ်တူကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းနိုင်နှင့် ဝန်ထမ်းများက ကော်မတီဝင်များနှင့်အတူ ဂေါ်တူကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းနိုင်က လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ဂေါ်တူကျေးရွာ၌ လမ်းအရှည် ၃၁၅ ပေ၊ အကျယ် ကိုးပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၆၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ် ၇၅ သိန်းဖြင့် ယခုနှစ် မတ်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာတော့မည်ဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများလမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းနိုင်ထံမှ သိရသည်။ **သန္တာ**

# ရွှေဘိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၂၁၀၂၂၁ ဧက စိုက်ပျိုးမည်

**ရွှေဘို ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၂၁၀၂၂၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရန်အတွက် သီးနှံအလိုက် လျာထားမှုအနေဖြင့် မိုးစပါးဧက ၁၁၃၉၀၀၊ ပဲမျိုးစုံ ၃၇၆၃၈ ဧက၊ ဆီထွက်သီးနှံ ၂၃၂၃၇ ဧက၊ ကြံ ၂၁၄၄ ဧက၊ စားဖိုဆောင်သီးနှံ ၈၁ ဧက၊ အခြားသီးနှံ ၃၃၂၂၁ ဧက စုစုပေါင်း ၂၁၀၂၂၁ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ရွှေဘိုမြို့နယ်အတွင်း မိုးသီးနှံစုံဧက ၂၀၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ မိုးသီးနှံစုံဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ မိုးသီးနှံစိုက်ပျိုးရာသီမှာ အချိန်မီစိုက်ပျိုးကြဖို့ ဆောင်ရွက်နေပါတယ်။ နည်းပညာတွေလဲ ဆောင်ရွက်ပေးနေတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးမည့် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သွင်းအားစုပစ္စည်းများ ပြုလုပ်သုံးစွဲမှုနည်း၊ သဘာဝမြေဆွေးပုံ ပြုလုပ်သုံးစွဲနည်းများနှင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်တို့ကို ပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၁၉၁ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စားဖိုဆောင်သီးနှံစိုက်ခင်းကို တွေ့ရစဉ်။

**မော်လမြိုင်ကျွန်း ဇွန် ၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၁၉၁ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မော်လမြိုင်ကျွန်းမြို့နယ်တွင် စားဖိုဆောင်သီးနှံ ၂၁၉၁ ဧကကို ယခုနှစ် ဇွန်လ ပထမပတ်တွင် စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံများ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မော်လမြိုင်ကျွန်းမြို့နယ်မှာ စားဖိုဆောင်သီးနှံ ၂၁၉၁ ဧကစိုက်ပျိုးမှာဖြစ်ပါတယ်။ အခု ဇွန်လပထမပတ်မှာ စတင်စိုက်ပျိုးဖို့လျာထားတယ်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စားဖိုဆောင်သီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းနဲ့ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်လုပ်ဆောင်ပေးနေပါတယ်။ သက်ဆိုင်ရာဌာန အသီးသီးကလဲ မိုးသီးနှံတွေစိုက်ပျိုးနိုင်ဖို့လိုအပ်သလို ချိတ်ဆက်ကူညီပေးနေတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် နှစ်စဉ် စပါးသီးနှံအပြင် စားဖိုဆောင်သီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ယခုနှစ် စားဖိုဆောင်သီးနှံ ၂၁၉၁ ဧကစိုက်ပျိုးရာတွင် နံနံပင်၊ ပန်းဂေါ်ဖီ၊ ခရမ်းသီး၊ မုန်လာ၊ ပိန်းဥ၊ ဂေါ်ဖီထုပ်၊ ငရုတ်သီး၊ တိုင်ထောင်ပဲ၊ ပဲပုစွန်၊ ကြက်ဟင်းခါးသီး စသည့်သီးနှံများကို အများဆုံးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံများ စိုက်ပျိုးပြီးပါက ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# စဥ့်ကိုင်မြို့နယ် ကြည်ရွာကျေးရွာ၌ အခြေခံဆိုင်ကယ်ပြင်သင်တန်းဖွင့်ပွဲ ကျင်းပ

**စဥ့်ကိုင် ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတွင် အထောက်အကူပြုနိုင်ရန်အတွက် ကြည်ရွာကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံဆိုင်ကယ်ပြင် သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က အမှာစကားပြောကြားပြီး စဥ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြင့်ခိုင်က အခြေခံဆိုင်ကယ်ပြင်သင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရှာဖွေနိုင်သည်ထိ ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်မီမီအောင်က သင်တန်းသားများကို သင်တန်းဆိုင်ရာအထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ စဥ့်ကိုင်မြို့နယ်ရှိ ကျေးရွာများမှ သင်တန်းသား ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာနှစ်ဦးက အခြေခံဆိုင်ကယ် ပြုပြင်နည်းပညာများကို ယနေ့မှ ဇွန် ၂၀ ရက်ထိ အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ပင်းတယမြို့နယ် ကျားကုန်းခေတ်မီစံပြကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး


**ပင်းတယ ဇွန် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျားကုန်းခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြှင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်း ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို မေ ၃၁ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်နှင့် တာဝန်ရှိသူများက ကျားကုန်းခေတ်မီစံပြကျေးရွာ၌ အစုအဖွဲ့စနစ်ဖြင့် ရွှေနီဝက်အစုအဖွဲ့၊ တိုးပွားဝက်အဖွဲ့တို့မှ ဝက်မွေးမြူနေမှုအခြေအနေများကိုလည်းကောင်း၊ သိန်းရွှေနွားမ သားပေါက်မွေးမြူရေးအဖွဲ့မှ နွားသားပေါက်များ မွေးမြူနေမှုအခြေအနေများကိုလည်းကောင်း၊ ထူးရှယ်အစုအဖွဲ့မှ အလူးကြော်ထုတ်လုပ်နေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက RBF အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကျားကုန်းခေတ်မီစံပြကျေးရွာ၌ အဆိုပါ အစုအဖွဲ့စနစ်ဖြင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို ကျေးလက်စီးပွားမြှင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀၊ အသင်းဝင်များ၏ မတည်ငွေကျပ် သိန်း ၁၀၀ စုစုပေါင်းငွေကျပ် သိန်း ၄၀၀ ဖြင့် အဆိုပါကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်လုပ်သူများ၊ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က ပြောပြ၍ သိရသည်။

**ရှိုသန်းဉွန့်**



# လောကုတ်-လောကီ စာပန်းချီခြယ်သလို့မကုန်တဲ့ လမြတ်နယုန်

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

**"လ-နယုန် မေထုနမှာ၊ ကြယ်ငွေယှဉ်လာ..**
**မြတ်လေးပွင့်၊ ငွေစံပယ်ငယ်၊ ရုပ်ရှစ်နယ်ပျံ့သင်း၊**
**မြညာငယ်-ရွှေဖူးစာရိုင်ရိုင်မြရအောင်**
**စာပွဲတော်သည်သဘင်၊**
**ဦးရှိပန်ဆင်၊**
**နတ်မာဃသေနင်ငယ်၊**
**ပြင်ဆင်တော်မူမြဲထင့်လေး။ ။"**

**(ဦးပုညဖွဲ့-တေးထပ်)**

မြန်မာ့ဆယ့်နှစ်လရာသီသည် မြန်မာ့ရိုးရာယဉ်ကျေးမှုထုံးဓလေ့များအရ သဘာဝအလှများနှင့်အတူ ဘာသာသာသနာ အစဉ်အလာကောင်းများနှင့်ပြည့်စုံနေကြသည်။

နယုန်လသည် ခွေ့အကုန် မိုးအကူး မိုးဦးရာသီအစ အခါသမယဖြစ်သည်။ တောင်သူဦးကြီးများ ထွန်ရေးပြင်၊ ထွန်ရေးငင်စအချိန်လည်းဖြစ်သည်။ မြတ်ဗုဒ္ဓဖွားမြင်ပြီးခါစ လယ်ထွန်မင်္ဂလာကျင်းပချိန်လည်းဖြစ်ခဲ့သည်။

ဗုဒ္ဓဂုဏ်ရည်၊ ဓမ္မဂုဏ်ရည်၊ သံဃာ့ဂုဏ်ရည်၊ ရတနာသုံးပါးဂုဏ်ရည်အရ **"မဟာသမယအခါတော်နေ့"**နှင့် **"စာပြန်တော်ပွဲများ"**ကျင်းပလေ့ရှိသည့် လထူးလမြတ်ဖြစ်သည်။

**မဟာသမယအခါတော်နေ့**

**"ဗုဒ္ဓဝါဒ မဟာသမယ၊ ကျင့်ကြံနဲ့မြိုင်မြိုင်**
**သာယာငြိမ်းအေး၊ ရန်ဘေးမဆိုင်**
**ချမ်းသာဂုဏ်ပြိုင်၊ တန်ခိုးလှိုင်ကျုံ**
**ပြည်မြန်ချမ်း၊ ဘုံနန်းရောက်စေနိုင်"**

**(သာသနာ့ရောင်ခြည်-၁၀-၈-၅၇)**

**"မဟာသမယအခါတော်နေ့"**ကလည်း လနယုန်၏ ဗုဒ္ဓဂုဏ်တော်နေ့ဖြစ်သည်။ မဟာသက္ကရာဇ် ၁၀၇ ခုနှစ်တွင် မြတ်စွာဘုရားရှင် ငါးဝါမြောက် နယုန်လပြည့်နေ့တွင် သက္ကတိုင်း ကပိလဝတ်ပြည်၏ မဟာဝုန်တောကြီး၌ **"မဟာသမယသုတ်"**ဒေသနာတော်ကို ဟောကြားတော်မူခဲ့သည်။

ဟောကြားတော်မူရခြင်း၏အကြောင်းရင်းမှာ ဗုဒ္ဓမြတ်စွာ၏ ဆွေတော်မျိုးတော်များ နေထိုင်ကြရာ ကပိလဝတ်ပြည်နှင့် ကောလိယပြည်တို့သည် ယနေ့အိန္ဒိယမြောက်ပိုင်း ဂင်္ဂါမြစ်နှင့် ရောဟဏီမြစ်နှစ်သွယ်တို့ဆုံရာ ကမ်းတစ်ဖက်စီ မျက်စောင်းထိုး၍ တည်ရှိခဲ့ကြသည်။ အိမ်နီးချင်းနှစ်ပြည်ထောင်စလုံးတွင် မြတ်ဗုဒ္ဓ၏ ဆွေတော်မျိုးဆက်၊ ဗုဒ္ဓနွယ်ဝင်သာကီဝင်မင်းမျိုးတို့ချည်းသာလျှင်ဖြစ်ကြသည်။ နှစ်နိုင်ငံကြားရှိ ရောဟဏီမြစ်ရေကို အမှီပြုလျက်(ရေသွင်း၊ ရေရှင်) ရေလွှဲဆည်ဖြင့် ရေသွယ်ယူကြကာ စိုက်ပျိုးလုပ်ကိုင်စားသောက်နေထိုင်ခဲ့ကြသည်။

သက္ကရာဇ် ၁၀၇ ခုနှစ် နယုန်လတွင် မိုးရွာသွန်းမှုနည်းလွန်းသောကြောင့် ရောဟဏီမြစ်ရေလျော့နည်းလာခဲ့ရာ နှစ်ပြည်ထောင် ရေဝေခြမ်းခွဲယူမှုအဆင်မပြေဖြစ်ခဲ့ကြရာက ရန်မီးပွားပြီး စစ်ကြီးဖြစ်ပေါ်လာမည့်ကိန်းသို့ ဆိုက်ရောက်လာခဲ့ကြသည်။ နှစ်ပြည်ထောင်စစ်တပ်ကြီးများက ရောဟဏီမြစ်ကမ်းနှစ်ဖက်သို့ တစ်ဖက်တစ်ချက်ရေသိမ်းတိုက်ပွဲဆင်နွှဲကြရန် နယုန်လပြည့်နေ့ အရုဏ်မတက်မီ စုဝေးရောက်ရှိလာခဲ့ကြသည်။

ထိုရန်မီးပွားကို သိတော်မူသော မြတ်စွာဘုရားသည် အချိန်မီတားဆီးနိုင်ရေးအတွက် အရုဏ်တက်တွင် ဈာန်သမာပတ်ဖြင့် အချင်းဖြစ်ပွားရာသို့ ကြွချီတော်မူခဲ့သည်။ နှစ်ဖက်စလုံး၏ ရန်ကင်းလွတ်စေရေးအတွက် နှစ်ပြည်ထောင်၏ နယ်မြေဒေသဖြစ်သော ရောဟဏီမြစ်၏ အလယ်ဗဟိုတည့်တည့် ကောင်းကင်ယံထက်ဝယ်ဖွဲ့ခွေနေတော်မူ၍ ရောင်ခြည်ခြောက်သွယ်ကို အံ့ဖွယ်အသွယ်သွယ်ဖြင့် ဖြန့်ကြက်စံတော်မူပြီး နှစ်ပြည်ထောင်ငြိမ်းချမ်းရေးတရားကို ဟောကြားတော်မူခဲ့လေသည်။

ရေကိုအကြောင်းပြု၍ နှစ်ပြည်ထောင်မင်းမြတ်တို့ အဘယ်ကြောင့် အပျက်စီးခံကြမည်နည်းဟူသော ငြိမ်းချမ်းရေးတရားသဘောမှ ခြောက်ချက်ဖြစ်သော-

(၁) **ဖန္ဒနဇာတ်၊**
(၂) **ပထဝီဥန္ဒြိယဇာတ်၊ ဒုဒ္ဒုဘဇာတ်**
(၃) **လဋုကိကဇာတ်**
(၄) **ရုက္ခဓမ္မဇာတ်**
(၅) **ဝဋ္ဋက-သမ္မောဒမာနဇာတ်**
(၆) **အတ္တဒဏ္ဍဇာတ်** တို့ကို ဟောကြားတော်မူခဲ့ပါသည်။

ဗုဒ္ဓမြတ်စွာ၏ ရန်ပြေမာန်ပြေငြိမ်းချမ်းရေးတရားဒေသနာတော်ခြောက်ရပ်ကို နာခံကြရသော နှစ်ပြည်ထောင်သားများအားလုံး ရန်ပြေငြိမ်းသွားကြကာ အချင်းချင်း စည်းလုံးညီညွတ်သွားခဲ့ကြသည်။ ထို့မှသာမက နှစ်ပြည်ထောင်မှ ၂၅၀ စီမျှသော စစ်သည်တော် ၅၀၀ တို့သည် ရဟန်းဘောင်သို့ဝင်သွားခဲ့ကြရာ သောကကင်းဝေး စိတ်အေးချမ်းမြေ့ကုန်ကြကာ ရဟန္တာများဖြစ်သွားကြသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များအတွက် ငြိမ်းချမ်းရေးမှတ်တိုင်စိုက်ထူခဲ့သည့်နေ့ **"ငြိမ်းချမ်းရေးအခါတော်နေ့"**ဟုလည်း တင်စားညွှန်းဆိုခဲ့ကြသည်။ ထိုနယုန်လပြည့်နေ့ညတွင် ကပိလဝတ်ပြည်အနီး ဟိမဝန္တာတစ်နေရာ မဟာဝုန်တော၌ မြတ်စွာဘုရားရှင်သည် ရဟန္တာငါးရာနှင့်အတူစံတော်မူနေစဉ် စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့က မြတ်စွာဘုရားရှင်နှင့် ရဟန္တာများကိုဖူးမြော်ရန် စုဝေးရောက်ရှိလာခဲ့ကြသည်။ နတ်ဗြဟ္မာအပေါင်းနှင့် ရဟန္တာငါးရာတို့အား မြတ်စွာဘုရားက ငြိမ်းချမ်းကြည်ဖြူ၊ အတူယှဉ်တွဲ၊ အဓွန့်ရှည်ကြာစွာနေထိုင်ရေးကို ညွှန်ပြဆုံးမသည့် **"မဟာသမယသုတ်တော်"**ကို ဟောကြားတော်မူခဲ့သည်။ **"မဟာသမယ"**ဟု ဆိုကြသည်။ **"မဟာ"** ကြီးကျယ်သော၊ မြင့်မြတ်သော၊ **"သမယ"**အချိန်အခါ။ ကြီးကျယ်မြင့်မြတ်သော အချိန်အခါသမယဟု အဓိပ္ပာယ်ရသည်။

မူလမဟာသမယသုတ်တော်မှာ နတ်ဗြဟ္မာအပေါင်းအား မည်သည့်အရပ်မှမည်မျှသောနတ်တို့ လာရောက်ကြသည်ကို ကြေညာတော်မူသည့်စကားတော်ကို ခေါ်ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် နယုန်လပြည့်နေ့ကို **"မဟာသမယအခါတော်နေ့"**ပုဏ္ဏမီရက်မြတ်အဖြစ် ဗုဒ္ဓစာပေမှတ်တမ်းပြု၍ ဂုဏ်ရည်မပျက် အစဉ်အဆက်သတ်မှတ်ကျင်းပခဲ့ကြသည်။

မြတ်စွာဘုရားရှင်သည် မူလမဟာသမယသုတ်သာမက ဆက်လက်၍ **"မဟာသမယသုတ်ခြောက်သုတ်"**ဖြစ်သော-

၁။ **သမ္မာပရိဗ္ဗာဇနီယသုတ်**
၂။ **ကလဟဝိဝါဒသုတ်**
၃။ **မဟာဗျူဟသုတ်**
၄။ **စူဠဗျူဟသုတ်**
၅။ **တုဝဋကသုတ်**
၆။ **ပုရာဘေဒသုတ်**တို့ကို ဟောကြားတော်မူခဲ့သည်။

နတ်ဗြဟ္မာတို့၏အမည်များသာပါသော မူလအစ (ပထမ)မဟာသမယသုတ်တော်ကို ရွတ်ဖတ်ပူဇော်ကြရုံမျှဖြင့် နတ်ဗြဟ္မာတို့၏ ချစ်ခင်စောင့်ရှောက်မှုကို ခံယူရရှိကြသည်ဖြစ်ရာ နိဗ္ဗာန်ရောက်ကြောင်း မဟာသမယသုတ် ခြောက်သုတ်ကိုသာ အမြဲမပြတ်ရွတ်ဖတ်ပူဇော်ကြပါက ကပ်သုံးပါးဘေးမှ ကင်းဝေးကြကာ ထူးမြတ်သောအကျိုးကို ခံစားကြရမည်ဖြစ်သည်။ ထိုသို့ ရွတ်ဖတ်ပူဇော်သော နယုန်လပြည့်နေ့ကို **"မဟာသမယသုတ်အခါတော်နေ့"**အဖြစ် သတ်မှတ်ကာ နှစ်စဉ် ရွတ်ဆိုပူဇော်နေကြခြင်းဖြစ်သည်။

**စာတော်ပြန်ပွဲ**

**"ရာသီမေထုန်၊ လနယုန်၊ နမျှန်ခေါ်တစ်ပါး၊**
**ရွှေစာတော်ပြန်၊ ပွဲတော်ပန်၊ ဘုန်းသန်မင်းမြတ်များ"**

**(စာဆိုတစ်ဦး၏ သံပေါက်)**

**"နယုန်မာသ၊ မေထုန်ကျ၊ ငွေရောင်ရုံကျင်း...။**
**ခံပယ်မြတ်လေး၊ ရန့်မွှေး၊ စာမေးသဘင်စင်း...။"**

**(ကင်းဝန်မင်းကြီးဖွဲ့ သံပေါက်)**

နယုန်လ၏ ထူးမြတ်လှသောသင်္ကေတတစ်ရပ်မှာ ရှင်သာမဏေများနှင့် ရဟန်းပျိုများ စာဝါလိုက်ကြသည့်စာအံသံများ၊ စာတော်ပြန်ပွဲများနှင့် ကြည်နူးဖွယ်ကောင်းလှသည်။ ရှင်သာမဏေများနှင့် ရဟန်းသံဃာများ၏ စာသင်နှစ်မှာ နှစ်စဉ်ဝါဆိုလမှ နယုန်လထိ တစ်နှစ်ပတ်လုံးဖြစ်သည်။ စာသင်နှစ်၏ နောက်ဆုံးလဖြစ်သော နယုန်လတွင် သင်ကြားခဲ့ကြသော ဗုဒ္ဓစာပေကျမ်းဂန်များကို အာဂုံပြန်နှင့် နှုတ်မေး၊ နှုတ်ဖြေနှစ်မျိုးကို **"စာတော်ပြန်ပွဲ"**ဟု သတ်မှတ်ထားခြင်းဖြစ်သည်။

❖ နယုန်လ၏ ထူးမြတ်လှသောသင်္ကေတတစ်ရပ်မှာ ရှင်သာမဏေများနှင့် ရဟန်းပျိုများ စာဝါလိုက်ကြသည့် စာအံသံများ၊ စာတော်ပြန်ပွဲများနှင့် ကြည်နူးဖွယ်ကောင်းလှသည်။ ရှင်သာမဏေများနှင့် ရဟန်းသံဃာများ၏စာသင်နှစ်မှာ နှစ်စဉ်ဝါဆိုလမှ နယုန်လထိ တစ်နှစ်ပတ်လုံးဖြစ်သည်။ စာသင်နှစ်၏ နောက်ဆုံးလဖြစ်သော နယုန်လတွင် သင်ကြားခဲ့ကြသော ဗုဒ္ဓစာပေကျမ်းဂန်များကို အာဂုံပြန်နှင့် နှုတ်မေး၊ နှုတ်ဖြေနှစ်မျိုးကို "စာတော်ပြန်ပွဲ"ဟု သတ်မှတ်ထားခြင်းဖြစ်သည်။ ❖

ယခုအခါတွင် စာတော်ပြန်ပွဲများအစား ပိဋကတ်တော်၊ တရားဓမ္မများကို ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲများကျင်းပပြီး ဘွဲ့ထူးဂုဏ်ထူးများဆက်ကပ်ပူဇော်ကြသည်။ ထို့ပြင် **"စာပုလွေစင်း၊ ပဥ္စင်းတော်စံ"**စာဆိုနှင့်အညီ ဝါဆိုကြမည့် သာမဏေများနှင့် ရဟန်းသံဃာတော်များအတွက် ရှင်ပြုမင်္ဂလာနှင့် ရဟန်းခံမင်္ဂလာပွဲများကို ကျင်းပနေကြသည်။

**လနယုန်ခေါ်ဆိုကြပုံ**

နယုန်လကို ခေါ်ဆိုဖွင့်ဆိုကြရာတွင် **"နံ၊ န"**= အချိန်အခါ။ **"ယုန်၊ ဗျုန်"**=မိုးရွာခြင်း၊ မိုးရွာစအချိန်အခါလသမယဟူ၏။ **"အာဒိမာသ"**။ **"အာဒိ"**= အစ အဦး။ **"မာသ"**=အချိန်အခါ။ တောင်သူများပျိုးကြစိုက်ပျိုးချိန်၊ လယ်တောတစ်ခွင် ထွန်ရေး၊ ထယ်ရေး ပြင်ဆင်ချိန်ဟုလည်း ဆိုစမှတ်ပြုခဲ့ကြသည်။

နယုန်လသည် မြတ်ဗုဒ္ဓလက်ထက်ကပင် **"လယ်ထွန်မင်္ဂလာ"**ကျင်းပခဲ့ကြောင်း၊ သိဒ္ဓတ္ထမင်းသားကို ဖွားမြင်ပြီး တစ်လမြောက်သောအခါ ခမည်းတော်က လယ်ထွန်မင်္ဂလာကျင်းပခဲ့ကြောင်း၊ မင်းတုန်းမင်းကြီးလည်း လယ်ထွန်မင်္ဂလာပွဲကျင်းပခဲ့ကြောင်း မှတ်တမ်းပြုစုထားခဲ့ကြသည်။

ထို့ပြင် **"နံ"**သည် မိုးနှင့်ရေဟု အဓိပ္ပာယ်ရပြီး **"ယုန်"**သည် **"ရုန်"** ဝေါဟာရမှ ပျက်ပြားလာသော **"တိုက်ခိုက်ခြင်း၊ ပြင်းထန်ခြင်း"**ဖြစ်ကြောင်း၊ မိုးရွာလေမုန်တိုင်းကျသောလဟု ယူဆခဲ့ကြကြောင်း၊ တိဗက်၊ ဂျိန်ဖော့၊ မရုနှင့် တရုတ် စသည်တို့၏ အနွယ်တူဘာသာစကားများအရ **"နံ"**=အချိန်အခါ။ **"ယုန်"**= ယိုစီးကျခြင်း၊ မိုးစီးကျခြင်း၊ မိုးရွာခြင်းအစပြုရာ အခါသမယဟုလည်း ယူဆခဲ့ကြကြောင်း မှတ်တမ်းတင်ထားကြသည်။ ပုဂံခေတ်၊ အင်းဝခေတ် ကျောက်စာများတွင် **"နံယုန်၊ နယုန်၊ နံမျှန်"**ဟု အမျိုးမျိုးရေးထိုးခဲ့ကြသည်။

**နယုန်လ၏ရာသီပန်း**

**"နယုန်တွင်မူ၊ စုံမင်ထပ်ရစ်၊**
**ပြက်လျှပ်စစ်နှင့်၊ နတ်ပမ္ဗူ၊**
**အမွှုန့်တို၊ ရန့်ကရေပန်း၊**
**ကြဲလေဖျန်း၏။**
**ပန်းယုထိကာ၊ သုမနာလည်း၊**
**သင်းစွာလှိုင်ဝေ၊ ကြိုင်လွှင့်ကြွေလျက်၊**
**မြိုင်ဖြေပျို့ပျို့၊ ညို့ရရို့တည်"**

**(မင်းလုလုရာစကျော်ထင်၏ အဘိရကပျို့)**

နယုန်လ၏ရာသီပန်းကို ပါဠိစကားလုံးများဖြင့် ခြယ်မှုန်းထားရာ **"ယုထိကာ=စွန်ပန်း၊ သုမနာ=မြတ်လေးပန်း"**ဟူသော စံပယ်ပန်းနွယ်ဝင်များဖြစ်ကြသည်။ ထိုမြတ်လေးခေါ် မုလေးပန်းကို ရှေးအခါက ပန်းတကာတို့၏ဘုရင်၊ တော်ဝင်ပန်း၊ အမြတ်ဆုံးပန်းဟု ဂုဏ်ပြုတင်စားခဲ့ကြသည်။ ဆေးဖက်လည်းဝင်သောကြောင့် ပို၍တန်ဖိုးထားခဲ့ကြသည်။

**နယုန်လ၏ ဝိသေသ**

နယုန်လသည် မြန်မာ့ဆယ့်နှစ်လတွင် တတိယမြောက်လဖြစ်ပြီး နွေရာသီ၏ "နွေနှောင်းလ" "နွေစွန်လ"ဖြစ်သည်။ နွေနှောင်းလဆိုသည့်စကားနှင့်အညီ နွေရာသီကုန်ဆုံးခါနီး မိုးဦးလေဦးကျစအခါသမယဖြစ်သည်။ ပူပြင်းနေသော နေပူရှိန်ကြားမှ မိုးသေးမိုးမွှားမိုးဖွဲကလေးများ ရွာသွန်းကြဲဖျန်းပေးလေ့ရှိသည်။ ထို့ကြောင့် မြေပြင်ရှိ ချုံနွယ်များနှင့် မြက်ပင်လေးများ လန်းဆန်းစိုးကြွရှင်သန်လာကြပြီး အညွန့်အတက်အခက်အလက်များ ဝေဆာလာကြသည်။ ဤသည်ကို ရှေးတောင်သူတို့က **"နယုန်မိုးသေး မြက်သားမွေး"**ဟု ဆိုခဲ့ကြသည်။

**"နယုန်မိုးသေး"**ဟု ဆိုရေးရှိသော်လည်း နယုန်လမိုးက အစိုးမရ။ တစ်ခါတစ်ရံတွင် ဖောက်ပြန်လေ့ရှိသည်။ မြစ်ရေတိုး၊ ကွင်းရေလျှံသည်ထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေကျလည်း မြန်ဆန်ပြင်းထန်လေ့ရှိသည်။ နယုန်လ၏ မိုးဦးမိုးရှုးကို မြစ်နားချောင်းနားနေကြသူများ အလွန်ကြောက်လန့်နေခဲ့ကြရပါသည်။

ဗုဒ္ဓသာသနာအတွက် တန်ဖိုးမဖြတ်နိုင်သော နယုန်လမြတ်၏ ရာသီအမည်က **"မေထုန်"**၊ စန်းပြည့်နက္ခတ်က **"ဇေဋ္ဌ"**၊ ယှဉ်တာရာက **"မြင်းတာရာ"**၊ ရာသီရုပ်က **"မိန်းမ-ယောကျ်ား"**၊ ရာသီပန်းက **"စံပယ်ပန်း"**၊ ရာသီပွဲက **"စာပြန်ပွဲ"**၊ လပြည့်သန်းခေါင်နတ်ပေါင်းခပင်က **"သမန်းကျားပင်၊ ဆေးကျားပင်၊ ရွှေကြာပင်"**၊ ရက်ရာဇက **"အင်္ဂါ"**၊ ပြဿဒါးက **"တနင်္ဂနွေ၊ တနင်္လာ"** စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ်မှတ်တမ်းတင်ထားခဲ့ကြပါသည်။

ရှေးပညာရှိ ကဝိအဆူဆူ၊ စာပေဝိဒူအဆက်ဆက်တို့သည် လမြတ်နယုန်နှင့်စပ်လျဉ်း၍ ညွှန်းဆိုဂုဏ်ပြုရေးသားခဲ့ကြရာ ဖော်ပြ၍ပင်မကုန်နိုင်အောင် စုံလင်များပြားလှသည်။ ထိုအစဉ်အလာကောင်းများကို ဆက်လက်ထိန်းကျောင်းမြှင့်တင်ပေးကြရမည့် တာဝန်မှာ ယနေ့ဗုဒ္ဓဘာသာဝင် မျိုးဆက်များပင်ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် မျှဝေစေ့ဆော်ပေးလိုက်ရပါသည်။

**ကိုးကား**

- **ရာသီသဘင်**
- **ဆရာလှသမိန်၏ "ရှေးစာဆိုတော်များ၏ ဆယ့်နှစ်ရာသီပွဲပေါင်းချုပ်"**
- **ဝိသုဇ္ဇက(ပဲခူး) မြန်မာ့ဆယ့်နှစ်လရာသီဖွဲ့**
- **ပြည်ထွန်းရွှေ မြန်မာလများနှင့်စပ်လျဉ်း၍**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၁၂၄၅ ဧက စိုက်ပျိုးပြီးစီး



**ကန့်ဘလူ ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၁၂၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် ပဲမျိုးစုံဧက ၂၂၉၇၄၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲတီစိမ်း ၇၆၂၄ ဧက၊ ပဲစင်းငုံ ၃၆၂၁ ဧက စုစုပေါင်း ၁၁၂၄၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကန့်ဘလူမြို့နယ်မှာ ပဲမျိုးစုံဧက ၂၂၉၇၄၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ပဲမျိုးစုံစိုက်ပျိုးတာနဲ့ပတ်သက်ပြီး စိုက်နည်းစနစ်တွေမှန်ကန်စေဖို့၊ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးကြဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့အတွက် ကွင်းဆင်းဆောင်ရွက်နေပါတယ်။ ဒီနှစ် ပဲမျိုးစုံဧက လျာထားချက်ပြည့်မီအောင်ဆောင်ရွက်သွားပါမယ်"ဟု မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ပဲတီစိမ်းဧက ၉၀၅၉၀၊ ပဲစင်းငုံ ၁၃၆၁၃၅ ဧက၊ စွန်တာပြာ ၂၂၂၂ ဧက၊ ထောပတ်ပဲဧက ၇၉၀၊ အခြားပဲ သုံးဧကတို့ဖြစ်ကြောင်း၊ ပဲမျိုးစုံစိုက်ပျိုး တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် ပဲမျိုးစုံစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် မေလမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ပဲမျိုးစုံ ၂၀၇၃၁၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# တောင်ကြီးမြို့နယ် နားရီး(န)ကျေးရွာ၌
# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ နဝမအကြိမ်ထုတ်ချေး

**တောင်ကြီး ဇွန် ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားဟီးကျေးရွာအုပ်စု နားရီး(န)ကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်ဝင်းက နားရီး(န)ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၀၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နားရီး(န)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ငါးဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူနှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၀၉ သိန်းကို အတိုးနှုန်းသက်သာစွာ တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# လမြတ်နယုန်

- စံပယ်ပန်းလေး ရနံ့ကြူ
  သင်းပျံ့တလူလူ၊
  ဖွေးဖွေးဖြူတဲ့ ရာသီပန်း
  နယုန်လပွင့်လန်း။

- မြင်တင့်ဆန်းတဲ့ မိုးရာသီ
  ဇေဋ္ဌနက္ခတ်ကြည်၊
  စာပြန်ကြမည် ရှင်လိုင်များ
  သင်အံကျက်မှတ်ထား။

- မိုးစက်ပေါက်များ သွန်းကာညို
  ဟိုတောင်ရိပ်ဆီခို၊
  ချမ်းစိမ့်အေးပို မြင်ကွင်းက
  လွမ်းဖွယ်လွန်ကောင်းလှ။

- လေယူယိမ်းကြ ပင်ဝါးရုံ
  တေးဆိုညည်းကခုန်၊
  ရာသီမေထုန် စီးပွားတက်
  ကံကောင်းခြင်းဆောင်လျက်။

- ခုနစ်ရက်ဖွား ပုဂ္ဂိုလ်တွေ
  ကျန်းမာချမ်းသာလေ၊
  ငြိမ်းချမ်းပါစေ တို့ဆုတောင်း
  မေတ္တာရေသွန်းလောင်း
  ပြည့်ဝကြစေကြောင်း။ ။

**ဇင်မင်းစိုး(မိုလ်ကလေး)**

# မကွေးမြို့နယ် ပုထိုးစမ်ကျေးရွာ၌
# အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**မကွေး ဇွန် ၁**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကွေးမြို့နယ် မကြီးကန်ကျေးရွာအုပ်စု ပုထိုးစမ်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို မေ ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြီးက သင်တန်းသားများအနေဖြင့် သင်တန်းက သင်ကြားပို့ချပေးသောစက်ချုပ်သင်တန်းနှင့်ပတ်သက်သည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာကာ လက်တွေ့နယ်ပယ်တွင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုအဖြစ် အကျိုးရှိရှိ အသုံးပြုစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူများအား ပေးအပ်ခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စက်ချုပ်သင်တန်းဆင်းပွဲသို့ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများ၊ ပုထိုးစမ်ကျေးရွာမှ ရပ်မိ၊ ရပ်ဖများနှင့် သင်တန်းသူ ဦးရေ ၃၀ တက်ရောက်ကြကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြများက အခြေခံစက်ချုပ်နည်းပညာများကို မေ ၁ ရက်မှ မေ ၃၀ ရက်ထိ စာတွေ့၊ လက်တွေ့ဖြင့် ရက်ပေါင်း ၃၀ ကြာ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ကိုလှိုင်**

**ဗလငါးတန် ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေ ဖတ်ကြစို့**

# နိုင်ငံတကာ သတင်းများ

## နီပေါဝန်ကြီးချုပ် ကာမဲလ်ဒါဟဲလ်နှင့် အိန္ဒိယဝန်ကြီးချုပ်မိုဒီတို့ နယူးဒေလီမြို့၌ တွေ့ဆုံဆွေးနွေး



**ဒေလီ ဇွန် ၁**

နီပေါဝန်ကြီးချုပ် ပွတ်ရှ်ပါး ကာမဲလ်ဒါဟဲလ်နှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့သည် ယနေ့တွင် နယူးဒေလီမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

နီပေါဝန်ကြီးချုပ် ဒါဟဲလ်သည် လေးရက်ကြာခရီးစဉ်အဖြစ် အိန္ဒိယနိုင်ငံသို့ရောက်ရှိလျက်ရှိသည်။

နယူးဒေလီ ဆွေးနွေးပွဲတွင် နီပေါဝန်ကြီးချုပ်နှင့် အိန္ဒိယဝန်ကြီးချုပ်တို့သည်စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးအပါအဝင်နှစ်နိုင်ငံဆက်ဆံရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲ ပြီးဆုံးချိန်တွင် ဝန်ကြီးချုပ်နှစ်ဦးသည် နှစ်နိုင်ငံပူးတွဲစီမံကိန်းသစ်များကို ဗီဒီယိုကွန်ဖရင့်နည်းလမ်းဖြင့် ဖွင့်လှစ်ပေးခဲ့ကြသည်။

ယခုအိန္ဒိယခရီးစဉ်သည် နီပေါဝန်ကြီးချုပ်အတွက် ပြီးခဲ့သည့်နှစ်ဒီဇင်ဘာလအတွင်း ဝန်ကြီးချုပ်ရာထူးရယူပြီးနောက်ပိုင်း ပထမဆုံးပြည်ပခရီးစဉ်ဖြစ်သည်။

နီပေါဝန်ကြီးချုပ်များသည်ရာထူးရယူပြီးနောက်ပိုင်းတွင်အစဉ်အလာအားဖြင့် အိမ်နီးချင်းအိန္ဒိယနိုင်ငံသို့ ဦးစွာသွားရောက်လေ့ရှိကြောင်း သိရသည်။ KKO

## နိုင်ငံခြားရေးဝန်ကြီး အက်ဂါရင်ကီဗစ်ကို သမ္မတသစ်အဖြစ် လတ်ဗီးယားလွှတ်တော်ရွေးချယ်

**ရီဂါ ဇွန် ၁**

လတ်ဗီးယားလွှတ်တော်အမတ်များသည် နိုင်ငံခြားရေးဝန်ကြီး အက်ဂါရင်ကီဗစ်ကို နိုင်ငံတော်သမ္မတအဖြစ် မေ ၃၁ ရက်တွင် မဲခွဲရွေးချယ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

လတ်ဗီးယား လွှတ်တော်မဲခွဲပွဲတွင် လွှတ်တော်အမတ် ဦးရေ ၁၀၀ အနက် ၅၂ ဦးတို့က အက်ဂါရင်ကီဗစ်ကို သမ္မတအဖြစ် ရွေးချယ်ရန် ထောက်ခံမဲပေးခဲ့ကြသည်။

၂၀၁၉ ခုနှစ်မှစ၍ လတ်ဗီးယားသမ္မတ တာဝန်ရယူထားခဲ့သော လက်ရှိသမ္မတအက်ဂီးလ်လစ်ဗစ်မှာ သမ္မတရာထူးအတွက် လွှတ်တော်မဲခွဲပွဲ၌ ထပ်မံပါဝင်ယှဉ်ပြိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

လတ်ဗီးယားလွှတ်တော်၏သမ္မတရွေးချယ်ပွဲတွင် နိုင်ငံခြားရေးဝန်ကြီး အက်ဂါရင်ကီဗစ်၏ အနီးကပ်ဆုံးပြိုင်ဘက်ဖြစ်သည့် စီးပွားရေးလုပ်ငန်းရှင် အူလ်ဒစ်ပီလန်းမှာ ထောက်ခံမဲ ၂၅ မဲသာ ရရှိခဲ့သည်။

အသက် ၄၉နှစ်ရှိ အက်ဂါရင်ကီဗစ်သည် လတ်ဗီးယားနိုင်ငံခြားရေးဝန်ကြီးရာထူးကို ၂၀၁၁ ခုနှစ်မှစ၍ ရယူခဲ့သူဖြစ်သည်။

အက်ဂါရင်ကီဗစ် အနေဖြင့် လေးနှစ်သက်တမ်းရှိ လတ်ဗီးယားသမ္မတရာထူးအတွက် ယခုနှစ် ဇူလိုင် ၈ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုရမည် ဖြစ်ကြောင်း သိရသည်။ KKO



## ဘရစ်အုပ်စုနိုင်ငံခြားရေးဝန်ကြီးများ တောင်အာဖရိကနိုင်ငံ၌ တွေ့ဆုံဆွေးနွေးမည်

**ဂျိုဟန်နက်စဘတ် ဇွန် ၁**

စီးပွားရေး အင်အားကြီးနိုင်ငံသစ်များ ပါဝင်ဖွဲ့စည်းထားသည့် ဘရစ်အုပ်စု ဘီအာရ်အိုင်စီအက်စ်မှ နိုင်ငံခြားရေးဝန်ကြီးများသည် ယနေ့တွင် တောင်အာဖရိကနိုင်ငံ၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဘရစ်အုပ်စုဝင်နိုင်ငံများသည် ယူကရိန်းပဋိပက္ခ စတင်ပြီးနောက်ပိုင်း အနောက်အုပ်စု၏ပထဝီနိုင်ငံရေးအရလွှမ်းမိုးနိုင်စွမ်းကို တုံ့ပြန်ရန်ကြိုးစားလျက်ရှိသည်။

ယနေ့ ဘရစ်အုပ်စုနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသည် လာမည့်ဩဂုတ်လတွင် ဂျိုဟန်နက်စဘတ်မြို့၌ကျင်းပမည့် ဘရစ်ထိပ်သီးညီလာခံ၏အကြိုဆွေးနွေးပွဲဖြစ်သည်။

ယနေ့ဆွေးနွေးပွဲတွင် ဘရစ်အုပ်စု နိုင်ငံခြားရေးဝန်ကြီးများသည် ဘရစ်အဖွဲ့ အင်အားတိုးချဲ့ရေးကိုဆွေးနွေးမည်ဖြစ်သည်။

ဘရစ်အဖွဲ့၌ပါဝင်ရန် ဗင်နီဇွဲလား၊ အာဂျင်တီးနား၊ အီရန်၊ အယ်လ်ဂျီးရီးယား၊ ဆော်ဒီအာရေဗျနှင့် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)တို့က စိတ်ဝင်စားလျက်ရှိသည်။



ဘရစ်အုပ်စုကို တရုတ်၊ ရုရှား၊ အိန္ဒိယ၊ တောင်အာဖရိက၊ ဘရာဇီး နိုင်ငံတို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။ KKO

## ၂၀၂၂ ခုနှစ် ဆော်ဒီအာရေဗျနိုင်ငံ၏ လူဦးရေစုစုပေါင်း ၃၂ ဒသမ ၂ သန်းထိရှိ

**ရီယာ့ဒ် ဇွန် ၁**

၂၀၂၂ ခုနှစ်အတွင်း ကောက်ခံထားသည့် လူဦးရေစာရင်းအရ ဆော်ဒီအာရေဗျနိုင်ငံ၏ လူဦးရေစုစုပေါင်းမှာ ၃၂ ဒသမ ၂ သန်းထိရှိကြောင်း ရိုက်တာသတင်းဌာနက မေ ၃၁ ရက်တွင် ဖော်ပြခဲ့သည်။

ဆော်ဒီအာရေဗျလူဦးရေ ၃၂ ဒသမ ၂ သန်းအနက် ၄၂ ရာခိုင်နှုန်းမှာ နိုင်ငံခြားသားများဖြစ်ကြပြီး ဆော်ဒီနိုင်ငံသား ၆၃ ရာခိုင်နှုန်းမှာ အသက် ၃၀ အောက်လူငယ်များဖြစ်ကြောင်း ဆော်ဒီအစိုးရက ကြေညာချက်ထုတ်ပြန်ထားသည်။

၂၀၂၂ ခုနှစ် လူဦးရေစာရင်းကောက်ခံမှုသည် ၁၂ နှစ်တာအတွင်း ပထမဆုံးအကြိမ် ပြုလုပ်သည့် လူဦးရေစာရင်းကောက်ခံမှုဖြစ်ပြီး ဆော်ဒီသမိုင်းတစ်လျှောက် အတိကျဆုံး စာရင်းဖြစ်ကြောင်း ဆော်ဒီအစိုးရစီးပွားရေးနှင့်စီမံကိန်းရေးဆွဲရေးဝန်ကြီး မိုင်ဆယ်အယ်လ်ဗီဘရာဟင်က ပြောကြားထားကြောင်း သိရသည်။

ဆော်ဒီအာရေဗျနိုင်ငံ၏ လူငယ်လူဦးရေတိုးတက်မှုသည် ဆော်ဒီအိမ်ရှေ့မင်းသား ဘင်ဆယ်လ်မန်အကောင်အထည်ဖော်မည့် စီးပွားရေးစီမံကိန်းများ ရင်ဆိုင်ရနိုင်မည့်ပြဿနာများကို ပြသလျက်ရှိသည်။

ဆော်ဒီအိမ်ရှေ့မင်းသား ဘင်ဆယ်လ်မန်သည် ရေနံအပေါ်အမှီပြုထားသည့်စီးပွားရေးပုံစံမှ အခြားစီးပွားရေးပုံစံများ ပြောင်းလဲကျင့်သုံးရေးအတွက် စီစဉ်ထားကြောင်း သိရသည်။

ဆော်ဒီအာရေဗျနိုင်ငံ၏ လူဦးရေတိုးနှုန်းသည် ၂၀၁၀ပြည့်နှစ်မှစ၍ နှစ်စဉ်ပျမ်းမျှ ၂ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

KKO

## ပင်လယ်ကွေ့ရေကြောင်းသွားလာမှု ကာကွယ်ရေးအဖွဲ့၌ပါဝင်မှု အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး) ရပ်ဆိုင်း

**ဒူဘိုင်း ဇွန် ၁**

အမေရိကန်နိုင်ငံဦးဆောင်သော ပင်လယ်ကွေ့ရေကြောင်းသွားလာမှုကာကွယ်ရေး အဖွဲ့စစ်ဆင်ရေးများတွင် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)ပါဝင်မှုမရှိတော့ကြောင်းရိုက်တာသတင်းဌာနက မေ ၃၁ရက်တွင် ဖော်ပြခဲ့သည်။



အီရန်စစ်ဘက်က ပင်လယ်ကွေ့ဒေသအတွင်းရေနံတင်သင်္ဘောများအားသိမ်းယူမှုအပေါ် တုံ့ပြန်မှုမရှိခဲ့သည့်အတွက် ယူအေအီးနိုင်ငံမှာ အမေရိကန်နိုင်ငံ အပေါ်စိတ်ပျက်ခဲ့သည်ဟု ဝေါလ်စထရိဂျာနယ်သတင်းစာက မေ ၃၀ ရက်တွင် ဖော်ပြထားသည်။

ဝေါလ်စထရိဂျာနယ်သတင်းစာ၏အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း ယူအေအီးအစိုးရက မေ ၃၁ ရက်တွင် ကြေညာချက်ထုတ်ပြန်ထားသည်။

သို့သော် ယူအေအီးအနေဖြင့် အမေရိကန်နိုင်ငံ ဦးဆောင်သော ပင်လယ်ကွေ့ရေကြောင်းသွားလာမှုကာကွယ်ရေး လှုပ်ရှားမှုများတွင် ဆက်လက်ပါဝင်ခြင်း မရှိတော့ကြောင်း အဆိုပါကြေညာချက်၌ ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ ဦးဆောင်သော ပူးပေါင်းပင်လယ်ရေကြောင်းတပ်ဖွဲ့တွင် ပူးပေါင်းပါဝင်မှုကို ပြီးခဲ့သည့် နှစ်လကပင် ယူအေအီး ရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း အဆိုပါကြေညာချက်အရ သိရသည်။

ပူးပေါင်းပင်လယ်ရေကြောင်းတပ်ဖွဲ့သည် ဘာရိန်းနိုင်ငံ၌ အမေရိကန်ရေတပ်အခြေစိုက်စခန်းတစ်ခုတွင် အခြေစိုက်ထားသောတပ်ဖွဲ့ဖြစ်ကြောင်း သိရသည်။

KKO

# ညာတာ စာနာ ကရုဏာ

## လင်းသွေးအိမ်(ကျိုက်မရော)

ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီးတို့သည် သဘာဝက ပေးအပ်လာသော ဘေးဥပဒ်အန္တရာယ် အသွယ်သွယ်ကို အမြဲတစေခံစားကြရသည်။ မြေပြိုခြင်း၊ လျှင်လှုပ်ခြင်း၊ တောမီးလောင်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ရေကြီးရေလျှံခြင်း၊ မုန်တိုင်းကျရောက်ခြင်း အစရှိသော သဘာဝဘေးအန္တရာယ်များကို အနည်းနှင့်အများဆိုသလို ခံစားကြရသည်။ ကမ္ဘာကြီးဖြစ်တည်လာမှုနှင့်အတူ သဘာဝကပေးလာသော ကောင်းကျိုး၊ ဆိုးကျိုးဟူသမျှသည်လည်း အမြဲတစေ ကပ်ပါလာခဲ့သည်။ လူသားတို့အတွက် သဘာဝ ကောင်းကျိုးများကို အပြည့်အဝခံစားခွင့်ရကြသလို သဘာဝ၏ ဆိုးကျိုးများကိုလည်း ရင်စည်းခံကြရစမြဲဖြစ်သည်။ အကောင်းနှင့်အဆိုး၊ ဖြစ်ခြင်း၊ ပျက်ခြင်းသည်ကား လူသားတို့နေထိုင်ရာ ဤကမ္ဘာကြီးပေါ်၌ ထာဝရတည်ရှိနေကြမည်ဖြစ်သည်။

သဘာဝတရားသည် ဆန်းကြယ်၏။ အထူးသဖြင့် ပင်လယ်သမုဒ္ဒရာတို့သည်ကား ပို၍မာယာများလေ၏။ စာရေးသူကိုယ်တိုင် ပင်လယ်ပြင်၌ နှစ်ချီ၍ တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ပင်လယ်တို့၏မာယာကို ကောင်းစွာသိခဲ့ရ၏။ ရာသီဥတုကြည်လင်ရှင်းလင်းနေရာမှ ရုတ်ခြည်းကောင်းကင်အရောင်ပြောင်းလာကာ ရာသီဥတုချက်ချင်းလက်ငင်းဆိုသလို ပြောင်းလဲလာပြီး တည်ငြိမ်သောပင်လယ်ပြင်အလှများ ကွယ်ပျောက်ကုန်၍ လှိုင်းတံပိုးထန်ကာ ကြောက်မက်ဖွယ်ရာပင်လယ်ပြင်ကြီးအဖြစ် ပြောင်းလဲသွားခဲ့သည်။ တစ်သက်နှင့်တစ်ကိုယ်မမြင်ခဲ့ဖူးသော လှိုင်းလုံးကြီးကို အသက်အန္တရာယ်ကြားမှ ငေးမောကြည့်မိခဲ့သည်။ ပင်လယ်ပြင်တာဝန်ကို မထမ်းဆောင်မီက ကြားဖူးနားဝရှိခဲ့သော စကားလုံးကို ယုံတမ်းစကားဟု ထင်ခဲ့သော်လည်း ကိုယ်တိုင်မြင်တွေ့လိုက်ရသောအခါ ရင်သပ်ရှုမောစရာဖြစ်လာရသည်။ လှိုင်းလုံးကြီးများကား လူနေအိမ်တစ်လုံး၏ အမြင့်မကပင်ရှိနေချေသည်။ သက်စွန့်ဆံဖျားဖြင့် အမိရေပိုင်နက်ကို ကာကွယ်စောင့်ရှောက်ပေးနေကြသော မြန်မာ့တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များကိုလည်း လေးစားဂုဏ်ယူမိသည်။

မြန်မာနိုင်ငံ၌ တန်ခူးလမဟာသင်္ကြန်ပွဲတော်ပြီးဆုံးသည်နှင့် ရာသီဥတုပြောင်းလဲလာခြင်းနှင့်အတူ မိုးလရာသီကို အစပျိုးရန် တာစူနေပြီဖြစ်သလို တိမ်ထူလာခြင်း၊ မိုးသားတို့တရိပ်ရိပ်တက်လာခြင်း တစ်ချက်တစ်ချက် လေပြင်းတို့ ဝှေ့ဝိုက်တိုက်ခတ်လာတတ်သည်မှာ အစဉ်အလာတစ်ခုပင်ဖြစ်သည်။ အပူဒဏ်ကြောင့် မိုးကိုမျှော်တတ်ကြသည်မှာလည်း လူတို့၏သဘာဝပင်ဖြစ်သည်။ လူသားတို့ မိုးကိုမျှော်နေကြသည့်နည်းတူ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကလည်း ရာသီဥတုဖြစ်ပေါ်ပြောင်းလဲလာမှုတို့ကို အချိန်နှင့်တစ်ပြေးညီ နိုင်ငံပိုင်သတင်းဌာနများ၊ နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ပြည်သူများသိရှိရန် ဖော်ပြပေးလျက်ရှိသည်။ ဤသို့ဖော်ပြနေသည့်အထဲကမှ ထူးထူးခြားခြားမြန်မာနိုင်ငံအတွင်း နေထိုင်သူများအတွက် အရေးကြီးသည့် မုန်တိုင်းသတိပေးချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ကာ ပြည်သူတို့အား အသိပေးခဲ့သည်။

သည်လိုနှင့် မေလဒုတိယပတ်အတွင်းမှစတင်၍ မြန်မာနိုင်ငံအတွင်းသို့ မိုခါ (MOCHA) ဟုခေါ်သော ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်ရန် တာစူလာခဲ့သည်။ မေ ၁၃ ရက်၊ မေ ၁၄ ရက်တွင် မုန်တိုင်းဝင်ရောက်မည့်အကြောင်းကို မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အများပြည်သူတို့သိရှိနိုင်စေရန် ခန့်မှန်းကြေညာချက်ကို ထုတ်ပြန်ပေးခဲ့သည်။ မုန်တိုင်းတည်ရာမှသည် မြန်မာ့ကမ်းရိုးတန်းဘက်သို့ ဦးတည်ရွေ့လျားလာမည့်အကြောင်းကို ခန့်မှန်းချက်ပေးခဲ့သည်။ မြန်မာနိုင်ငံအတွင်းသို့ လမ်းနှစ်သွယ်ဖြင့် ဝင်ရောက်လာမည့် မုန်တိုင်းကြီး၏လမ်းကြောင်းကိုလည်း ကြိုတင်ခန့်မှန်းချက်ထုတ်ပြန်ပေးခဲ့သည်။ ပထမလမ်းကြောင်းကား ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့မှတစ်ဆင့် ကုန်းတွင်းပိုင်းသို့ဝင်ရောက်နိုင်ပြီး ဒုတိယလမ်းကြောင်းအနေဖြင့် ရခိုင်ကမ်းရိုးတန်းကို ဖြတ်ကျော်၍ စစ်တွေမြို့နှင့် ကျောက်ဖြူမြို့တို့မှတစ်ဆင့် ကုန်းတွင်းပိုင်းသို့ ဖြတ်သန်းဝင်ရောက်မည်ဟု ခန့်မှန်းချက်ပေးခဲ့သည်။

မေ ၉ ရက်နှင့် မေ ၁၁ ရက်တို့တွင် မြစ်ဝကျွန်းပေါ် မုတ္တမပင်လယ်ကွေ့၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်ကြောင်း၊ မိုးသက်လေပြင်းကျရောက်စဉ် ရေပြင်၊ မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိတိုက်ခတ်နိုင်ပြီး မေ ၁၂ ရက်မှ ၁၄ ရက်အတွင်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးနိုင်ကြောင်း၊ မိုးသက်လေပြင်းကျရောက်စဉ် ရေပြင်၊ မြေပြင် လေသည် မိုင် ၇၀ မှ ၈၀ ခန့်ထိ တိုက်ခတ်နိုင်ကြောင်းကိုလည်း အများပြည်သူတို့သိရှိနိုင်စေရန် ကြေညာပေးခဲ့သည်။ ရေပြင်၊ မြေပြင်လေတိုက်နှုန်းများနှင့်အတူ အဆင့်ဆင့်ပြောင်းလဲလာသော မုန်တိုင်း၏အရောင်ကိုပါ သတ်မှတ်ကြေညာပေးခဲ့သည်။

မုန်တိုင်းသည် မြန်မာနိုင်ငံအတွင်းသို့ ခန့်မှန်းရက်များအတိုင်း အနီရောင်အဆင့်ဖြင့် ဝင်ရောက်လာခဲ့သည်။ မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းမှတစ်ဆင့် ရခိုင်ပြည်နယ် စစ်တွေမြို့အပါအဝင် ခရိုင် ခုနစ်ခု၊ မြို့နယ်ပေါင်း ၁၇ မြို့နယ်သည် မိုခါ (MOCHA) ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံလိုက်ရသည်ကို နိုင်ငံပိုင်သတင်းဌာနနှင့်တကွ နိုင်ငံပိုင်သတင်းစာများ၏ စာမျက်နှာပေါ်တွင် အားလုံးမြင်တွေ့ဖတ်ရှုကြရမည်ဖြစ်သည်။ ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA)ကြောင့် ရခိုင်ပြည်နယ်၏ စစ်တွေမြို့အပါအဝင် မြို့ ၁၇ မြို့၌ ပျက်စီးဆုံးရှုံးမှုများပြားခဲ့သည်။ လူအနည်းငယ်အသေအပျောက်ရှိပြီး လူနေအိမ်တိုက်တာ အဆောက်အအုံ၊ လမ်း၊ တံတား၊ အဆောက်အအုံများ၊ လျှပ်စစ်ဓာတ်အားလိုင်းများ၊ ဆက်သွယ်ရေးတာဝါတိုင်ကြီးများ ပျက်စီးခဲ့ရသည်။

**❖ မြန်မာလူမျိုးတို့သည် ဗုဒ္ဓဘာသာဝင်လူမျိုးများပီပီ သဒ္ဓါတရား ထက်သန်မှုက မည်သည့်လူမျိုးများနှင့်မျှမတူပေ။ လူတစ်ဖက်သား ဒုက္ခရောက်လျှင် ကူညီပေးချင်သည့်စိတ်က မြန်မာလူမျိုးတို့၏ ချစ်စရာ စိတ်ရင်းတစ်ခုဖြစ်သည်။ ကူညီတတ်ခြင်း၊ စာနာတတ်ခြင်း၊ သနားတတ်ခြင်းတို့သည် မွန်မြတ်သောကရုဏာတရားဖြစ်သည်။ ကရုဏာတရားကို အဓိပ္ပာယ်ဖွင့်ဆိုရသော် ကရုဏာတရားဆိုသည်မှာ အဆင်မပြေ ဒုက္ခရောက်နေသူများအတွက် ကိုယ်ချင်းစာစိတ် သူ့အလိုလိုဖြစ်ပေါ်လာခြင်းကိုခေါ်သည်။ ငါသာအဲဒီနေရာမှာဖြစ်ခဲ့ရင်၊ ငါသာသူတို့လိုခံစားရရင်ဆိုသော စာနာစိတ်ကို ကရုဏာစိတ်ဟုခေါ်သည်။ ❖**

တိရစ္ဆာန် ၅၃၁၉၁၃ ကောင်နှင့် လယ်ယာမြေ ၆၂၈၃၆ ဧကခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်မှာ လွန်စွာဝမ်းနည်းဖွယ်ကောင်းလှသည်။ တောင်သူတို့အတွက် အခိုက်အတန့်ဆုံးရှုံးမှုဖြစ်သော်ငြားလည်း တိရစ္ဆာန်များအတွက်မူ ထာဝရဆုံးရှုံးခြင်းဖြစ်သွားခဲ့သည်။ မုန်တိုင်းသတိပေးချက်များ စတင်သည့်ရက်မှစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လမ်းညွှန်ချက်နှင့်အညီ မုန်တိုင်းမကျရောက်မီ၊ မုန်တိုင်းကျရောက်ချိန်နှင့် မုန်တိုင်းပြီးဆုံးသည်ထိ ကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ၊ အကူအညီပေးရေးဆိုင်ရာများနှင့် ကယ်ဆယ်ရေးဆိုင်ရာများကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်တပ်မတော်သားများက ဟန်ချက်ညီညီစုပေါင်းလုပ်ဆောင်ပေးခဲ့ကြသည်။ မုန်တိုင်းအပြီး ပျက်စီးဆုံးရှုံးမှုများကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သွားရောက်ပြီး ရခိုင်ပြည်နယ်မှ လေဘေးသင့်၍ ပျက်စီးဆုံးရှုံးခံရမှုများကိုကြည့်ရှုပြီး မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင်လုပ်ဆောင်ပေးရန် လမ်းညွှန်မှာကြားခဲ့သည်။

ထို့ပြင် မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် လူသားချင်းစာနာစိတ်ဖြင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ပြည်တွင်း၊ ပြည်ပ စေတနာရှင်၊ အလှူရှင်များကိုလည်း ဝိုင်းဝန်းကူညီလှူဒါန်းပေးကြရန်တိုက်တွန်းပြီး အလှူငွေများကို လက်ခံနိုင်ရန် သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး အလိုက် အလှူငွေများလက်ခံရန် အဖွဲ့အစည်းများ ဖွဲ့စည်းရေး လမ်းညွှန်မှာကြားခဲ့သည်။

မိုခါ (MOCHA) မုန်တိုင်းသင့်ပြည်သူများအတွက် လူသားချင်းစာနာသောအားဖြင့် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက သက်ဆိုင်ရာနယ်မြေများရှိ အလှူငွေလက်ခံရာဌာနများ၌ တစ်ဦးချင်း အလှူငွေများ၊ အဖွဲ့အစည်းလိုက် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်ကို တွေ့ရသည့်နည်းတူ အာဆီယံနိုင်ငံများကလည်း ခန့်မှန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၇၀၆၄ ဒေါ်လာရှိ ကူညီကယ်ဆယ်ရေးပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးမူကို လက်ကိုင်ထားပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှု၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်နေသည့်အပြင် အာဆီယံအပါအဝင် သက်ဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။

မြန်မာလူမျိုးတို့သည် အရေးကြီးလျှင်သွေးစည်းကြသည်ကို မြန်မာ့သမိုင်းတစ်လျှောက်လုံး၌ တွေ့မြင်ရသည်။ နိုင်ငံနှင့်လူမျိုးချစ်စိတ်ကြောင့် သွေးစည်းညီညွတ်စိတ်ဖြင့် လွတ်လပ်ရေးကို ရအောင်ယူခဲ့သည့်သာဓကများရှိခဲ့သည်။ ထို့ပြင် မြန်မာလူမျိုးတို့သည် ဗုဒ္ဓဘာသာဝင်လူမျိုးများပီပီ သဒ္ဓါတရားထက်သန်မှုက မည်သည့်လူမျိုးများနှင့်မျှမတူပေ။ လူတစ်ဖက်သား ဒုက္ခရောက်လျှင် ကူညီပေးချင်သည့်စိတ်က မြန်မာလူမျိုးတို့၏ ချစ်စရာစိတ်ရင်းတစ်ခုဖြစ်သည်။ ကူညီတတ်ခြင်း၊ စာနာတတ်ခြင်း၊ သနားတတ်ခြင်းတို့သည် မွန်မြတ်သောကရုဏာတရားဖြစ်သည်။ ကရုဏာတရားကို အဓိပ္ပာယ်ဖွင့်ဆိုရသော် ကရုဏာတရားဆိုသည်မှာ အဆင်မပြေဒုက္ခရောက်နေသူများအတွက် ကိုယ်ချင်းစာစိတ် သူ့အလိုလိုဖြစ်ပေါ်လာခြင်းကို ခေါ်သည်။ ငါသာအဲဒီနေရာမှာဖြစ်ခဲ့ရင်၊ ငါသာ သူတို့လိုခံစားရရင်ဆိုသော စာနာစိတ်ကို ကရုဏာစိတ်ဟုခေါ်သည်။ လူသားချင်းစာနာစိတ်၏ အရင်းအမြစ်ဆိုသည်မှာ ကရုဏာတရားပင်ဖြစ်သည်။ လူလူချင်းစာနာစိတ်ကင်းမဲ့ပြီး ကရုဏာတရားခေါင်းပါးကြလျှင် ဤကမ္ဘာမြေကြီးပေါ်မှ လူနှင့် တိရစ္ဆာန်တို့၏ အလှတရားများကွယ်ပျောက်သွားမည့်အပြင် ကရုဏာတရားကို ဥပေက္ခာပြုခြင်းကြောင့် ဘေးဆိုး၊ ကပ်ဆိုးများနှင့်ကြုံတွေ့ရသော မည်သည့် လူသားမျိုးနွယ်မဆို ကယ်သူမဲ့ဘဝနှင့်အဆုံးသတ်သွားနိုင်၍ လူသားအချင်းချင်း ညာတာ စာနာ ကရုဏာထားကြစေလိုကြောင်း ရေးသားလိုက်ရပါသည်။

# ဘုတ်ပြင်းမြို့နယ် သဲဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘုတ်ပြင်း ဇွန် ၁**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမာချောင်းကျေးရွာအုပ်စု သဲဖြူ ကျေးချောင်း ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ တတိယအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက သဲဖြူကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းလေးက ကျေးလက်နေပြည်သူများ၏အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ စီမံကိန်းရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊ အသင်းသူများ၊ ကျေးရွာ ကော်မတီဝင်များအနေဖြင့် အလေးထား ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ ခေတ္တမြို့နယ် ဦးစီးမှူး ဦးအောင်ထွန်းလေး၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက သဲဖြူ ကျေးချောင်း ကျေးရွာကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၄၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် သဲဖြူ ကျေးချောင်းကျေးရွာ ကော်မတီဝင်များက ရေလုပ်ငန်းလုပ်ကိုင်သူ ၇၈ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူ ၈၃ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၃၄၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းလေးက ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# နိုင်ငံတကာ အားကစားသတင်းများ

## ကွင်းလယ်ကစားသမားမေဆင်မောင့် မန်ယူအသင်းသို့ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိ

**လန်ဒန် ဇွန် ၁**

ချဲလ်ဆီးအသင်းနှင့် စာချုပ်သက်တမ်းတိုးရန် ကြန့်ကြာနေသည့် ကွင်းလယ်ကစားသမား မေဆင်မောင့်က မန်ယူအသင်းသို့ ပြောင်းရွှေ့ရန် ပုဂ္ဂိုလ်ရေးသဘောတူညီမှုရရှိခဲ့ကြောင်း The Telegraph သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

မေဆင်မောင့်သည် ချဲလ်ဆီးအသင်းနှင့် လာမည့် ၂၀၂၄ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် အသင်းအနေဖြင့် သက်တမ်းတိုးရန် အကြိမ်ကြိမ်ကြိုးပမ်းခဲ့ရာ ကနဦးသဘောတူညီမှုရရှိခဲ့သော်လည်း ချဲလ်ဆီးအသင်းသည် လာမည့်နှစ်တွင်ဥရောပပြိုင်ပွဲကစားခွင့်မရခဲ့သဖြင့် အသင်း၏စာချုပ်သစ်ကိုငြင်းပယ်ခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ဘက် မန်ယူအသင်းသို့ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ကာ နှစ်ဖက်သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မေဆင်မောင့်ကို ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် လီဗာပူးအသင်းကမေဆင်မောင့်ကို မက်အယ်လစ်စတာနှင့် တွဲဖက်ကစားရန်စီစဉ်နေသကဲ့သို့ အာဆင်နယ်အသင်းကလည်း ဝက်စ်ဟမ်းအသင်းမှ ဒီကလန်ရိုက်ကိုခေါ်ယူကာ မေဆင်မောင့်နှင့် တွဲဖက်အသုံးပြုလိုသောကြောင့် အပြိုင်ကမ်းလှမ်းနေချိန်တွင် မန်ယူအသင်းနည်းပြတန်ဟတ်ကလက်ဦးမှုရရှိရန် ကစားသမားနှင့်သဘောတူညီမှုရယူ၍ တရားဝင်စာချုပ်ချုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ထို့ပြင် ချဲလ်ဆီးအသင်းကွင်းလယ်ကစားသမား ကိုဗာဆစ်ကို မန်စီးတီးအသင်းကခေါ်ယူရန်ကမ်းလှမ်းထားပြီးအသင်းကလည်းတရားဝင်ဆွေးနွေးမှုပြုလုပ်ရန်ခွင့်ပြုခဲ့သောကြောင့် ကိုဗာဆစ်သည် လာမည့်နွေရာသီတွင် အသင်းမှထွက်ခွာရန် သေချာနေသကဲ့သို့ မေဆင်မောင့်သည်လည်းအသင်းမှထွက်ခွာရန် သေချာနေသောကြောင့် ချဲလ်ဆီးအသင်းအနေဖြင့် အဓိကကွင်းလယ်ကစားသမားနှစ်ဦးကို လက်လွှတ်ရရန်သေချာနေကြောင်း သိရသည်။ ML




## အားကစားသတင်း အတိုအထွာများ

- အင်္ဂလန်အမျိုးသမီးအသင်း နည်းပြဝိုင်ဂမန်းက ကလပ်အသင်းများအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်သည့်ကစားသမားများကို လာမည့် ဇွန် ၁၉ ရက်မတိုင်မီ စောစီးစွာစေလွှတ်ပေးစေလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ကမ္ဘာ့ကြက်တောင်ရိုက် အဖွဲ့ချုပ်ကရုရှားနှင့် ဘီလာရုစ်နိုင်ငံတို့မှ ကစားသမားများကို ပြိုင်ပွဲများတွင် နိုင်ငံမဲ့ကစားသမားအဖြစ် ပါဝင်ခွင့်ပြုရန် စီစဉ်လျက်ရှိကြောင်း သိရသည်။
- လာမည့်နွေရာသီတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း အသင်းတာဝန်ရှိသူများကို တိုက်စစ်မှူးဘင်ဇီမား က အကြောင်းကြားခဲ့သည်။

ML

## ဂိုးမားကိုပင်နယ်တီအဆုံးအဖြတ်တွင်အနိုင်ရခဲ့သည့် ဆီဗီလာအသင်း ယူရိုပါလိဂ်ချန်ပီယံဆုဖလားရရှိ



**လစ္စဘွန်း ဇွန် ၁**

တူရကီနိုင်ငံတွင် ကျင်းပခဲ့သည့် ဆီဗီလာအသင်းနှင့် ရိုးမားအသင်းတို့၏ ယူရိုပါလိဂ်ဖိုင်နယ်ပွဲစဉ်တွင် ဆီဗီလာအသင်းကပင်နယ်တီအဆုံးအဖြတ်တွင် လေးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ချန်ပီယံဆုဖလားရရှိခဲ့ပြီး သမိုင်းတစ်လျှောက် ခုနစ်ကြိမ်မြောက် ချန်ပီယံဆုဖလားကိုဆွတ်ခူးနိုင်ခဲ့ကြောင်း Channelnewsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံးဦးဆောင်ဂိုးရရှိရန် ကြိုးပမ်းခဲ့ပြီး ရိုးမားအသင်းက ဖြတ်တင်ဘောများမှ ဆီဗီလာအသင်းကို ဖိအားပေးတိုက်စစ်ဆင်ခဲ့ရာ ပွဲကစားချိန် ၃၅ မိနစ်တွင် တန်ပြန်တိုက်စစ်မှ ဒိုင်ဘာလာက ဦးဆောင်ဂိုးသွင်းယူခဲ့သဖြင့် ဆီဗီလာအသင်းတိုက်စစ်မြှင့်တင်ခဲ့ရပြီး ပြန်လည်ဖိအားပေးခဲ့သော်လည်း တစ်ဂိုးဂိုးမရှိဖြင့် ပထမပိုင်းပြီးဆုံးခဲ့ပြီး ဒုတိယပိုင်းတွင်ဆီဗီလာအသင်းကတိုက်စစ်အသားပေး၍ ချေပဂိုးရရှိရေးကြိုးပမ်းခဲ့မှုကြောင့် ပွဲကစားချိန် ၅၅ မိနစ်တွင် မန်စီနီ၏ ကိုယ့်ဂိုးကိုယ် သွင်းယူမှုကြောင့် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် ဆီဗီလာအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ရိုးမားအသင်း၏ ခံစစ်ကစားပုံကြောင့် ဂိုးမရခဲ့ဘဲ သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။

ထို့ကြောင့် အချိန်ပိုဆက်လက်ကစားခဲ့ရကာ အချိန်ပိုတွင် နှစ်သင်းစလုံး လူစားလဲမှုများပြုလုပ်၍ ဦးဆောင်ဂိုးရရှိရေး ကြိုးပမ်းခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရပြီး ပင်နယ်တီတွင် ဆီဗီလာအသင်းကအိုကမ်ပို့စ်၊ လာမီလာ၊ ရာကီတစ်၊ မွန်တီရယ်တို့ကဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ကာ ရိုးမားအသင်းက ခရစ်စတန်နီတစ်ဦးသာ ဂိုးရရှိခဲ့ပြီး မန်စီနီနှင့်အီဗန်နက်တို့သွင်းဂိုးများကို ဂိုးသမားဘိုနိုက ကာကွယ်နိုင်ခဲ့သောကြောင့် ဆီဗီလာက လေးဂိုးတစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး ဆုဖလားရရှိခဲ့ကြောင်း သိရသည်။ ML

## ပဲလေ့စ်အသင်းက ဘုန်းမောက်ကစားသမားလာမာကို အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူ

**လန်ဒန် ဇွန် ၁**

ပဲလေ့စ်အသင်းသည် လာမည့် ဇွန် ၃၀ ရက်တွင် ဘုန်းမောက်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ကွင်းလယ်ကစားသမားလာမာကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ်ဘောလုံးရာသီနည်းပြ ရှိုင်ဟော့ဆန် လက်အောက်တွင် ပုံစံကောင်းရရှိခဲ့သည့် ပဲလေ့စ်အသင်းသည် လာမည့်နွေရာသီတွင် အသင်းမှ ကွင်းလယ်ကစားသမား မီလီဗိုဂျီဗစ်နှင့် မက်အာသာတို့ ထွက်ခွာမည်ဖြစ်သောကြောင့် ၎င်းတို့၏နေရာတွင် အစားထိုးနိုင်ရန်အတွက် ဘုန်းမောက်အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ထွက်ခွာမည့် ကွင်းလယ်ကစားသမားလာမာကိုခေါ်ယူနိုင်ခဲ့သည်။

ကွင်းလယ်ကစားသမားလာမာသည် ၂၀၁၈ ခုနှစ်က ကိုလံဘီယာကလပ် အက်သလက်တီကိုအသင်းမှ ဘုန်းမောက်အသင်းသို့ ယူရို ၂၅ သန်းဖြင့်ပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့်အတူ ၁၈၄ ပွဲကစားခဲ့ရာ သွင်းဂိုး ၁၂ ဂိုးသွင်းယူနိုင်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်း အသင်းကွင်းလယ်ပိုင်းကိုအကောင်းဆုံးပံ့ပိုးမှုများပြုလုပ်ခဲ့ကာ အမှတ်ပေးပွဲ ၃၇ ပွဲပါဝင်ခဲ့ရာတွင် သွင်းဂိုးငါးဂိုးထိ သွင်းယူ၍ ပုံစံကောင်းပြသနိုင်ခဲ့သောကြောင့် ဘုန်းမောက်အသင်း၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကိုလည်းရရှိခဲ့သူဖြစ်သည်။

ဘုန်းမောက် အသင်းသည် ခြေစွမ်းပိုင်းကောင်းမွန်သည့် လာမာကို စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် သက်တမ်းတိုးရန်ကြိုးပမ်းခဲ့သော်လည်း ကစားသမားအနေဖြင့် စိန်ခေါ်မှုအသစ်များကိုထပ်မံရင်ဆိုင်လိုသောကြောင့် အသင်း၏စာချုပ်သစ်ကိုလက်မခံဘဲ အလွတ်ပြောင်းရွှေ့ကြေးဖြင့်သာထွက်ခွာ၍ ပရီးမီးယားလိဂ်ပြိုင်ဘက် ပဲလေ့စ်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ML

## မက်ဆီအနေဖြင့် ကလဲယားမောင့်နှင့်ပွဲစဉ်ကို ပီအက်စ်ဂျီကစားသမားဘဝ နောက်ဆုံးပွဲစဉ်အဖြစ်ကစားမည်ဟု နည်းပြဂယ်တီယာ ပြောကြား

**ပဲရစ် ဇွန် ၁**

ပီအက်စ်ဂျီအသင်း နည်းပြဂယ်တီယာက အသင်းမှ အဓိကတိုက်စစ်ကစားသမား မက်ဆီသည် ယခုနှစ်ဘောလုံးရာသီ ပြင်သစ်လီဂူးပြိုင်ပွဲ နောက်ဆုံးပွဲစဉ်ဖြစ်သည့် ကလဲယားမောင့်အသင်းနှင့်ပွဲစဉ်ကို ၎င်း၏ပီအက်စ်ဂျီအသင်းကစားသမားဘဝ နောက်ဆုံးပွဲစဉ်အဖြစ် ကစားသွားမည်ဟုအတည်ပြုပြောကြားခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မက်ဆီသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က ဘာစီလိုနာအသင်းမှ ပီအက်စ်ဂျီအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်ပထမဆုံးဘောလုံးရာသီတွင်အနည်းငယ်ရုန်းကန်ခဲ့ရသော်လည်း ယခုနှစ်ဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

မက်ဆီနှင့် ပီအက်စ်ဂျီအသင်းတို့စာချုပ်သက်တမ်းမှာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ပြီးဆုံးမည်ဖြစ်ပြီး ရာသီအစပိုင်းက ပီအက်စ်ဂျီအသင်းက မက်ဆီကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကြိုးပမ်းခဲ့သော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ်ကစားခဲ့သည့် အာဂျင်တီးနားအသင်းနှင့် ပြင်သစ်အသင်းတို့ ပွဲစဉ်တွင် အာဂျင်တီးနားအသင်းကအနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီးနောက် မက်ဆီနှင့် ပီအက်စ်ဂျီအသင်း ပရိသတ်များအကြားအဆင်မပြေမှုများဖြစ်ပွားခဲ့သည့်အတွက် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကြန့်ကြာခဲ့ခြင်းဖြစ်သည်။



ပြင်သစ်နိုင်ငံသားများဖြစ်သည့် ပီအက်စ်ဂျီအသင်းပရိသတ်များက အသင်းပွဲစဉ်များတွင် မက်ဆီကို လှောင်ပြောင်မှုများ ပြုလုပ်ခဲ့ကြသည့်အတွက် မက်ဆီကိုယ်တိုင်က အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန်ပြင်ဆင်ခဲ့သကဲ့သို့ ပီအက်စ်ဂျီ အသင်းကလည်း သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် အစီအစဉ်ကိုရပ်ဆိုင်းခဲ့ပြီး အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)တွင် မဟာယူနိုက်တက်အသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ




ရန်ကုန် ဇွန် ၁

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၇)အဖြစ် ယနေ့ညနေပိုင်းက ကစားခဲ့ကြရာ မဟာယူနိုက်တက်အသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

ဦးစွာ ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်က ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ကစားခဲ့ကြသည့် ကချင်ယူနိုက်တက်အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ပွဲစဉ်တွင် နှစ်သင်းစလုံး အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကြသော်လည်း မြဝတီအက်ဖ်စီအသင်းအနေဖြင့် အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် နစ်နာခဲ့ရပြီး ပွဲချိန် ကိုးမိနစ်တွင် ကိုကိုကလည်းကောင်း၊ ပွဲချိန် ၁၅ မိနစ်တွင် မြဝတီအက်ဖ်စီအသင်းမှ သော်ဇင်ထွေးက ကိုယ်ဂိုးကိုယ်သွင်းယူမှုကြောင့်လည်းကောင်း၊ ပွဲချိန် ၁၈ မိနစ်တွင် ညီညီကလည်းကောင်း ကချင်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများသွင်းယူနိုင်ခဲ့ကာ ပွဲချိန် မိနစ် ၉၀ တွင် ပင်နယ်တီမှတစ်ဆင့် အောင်သူက မြဝတီအက်ဖ်စီအသင်းအတွက် ချေပဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ကချင်ယူနိုက်တက်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ ညနေ ၄ နာရီက မဟာယူနိုက်တက် အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင်လည်း အပြန်အလှန် သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၁၀ မိနစ်တွင် အောင်မြတ်သူနှင့် ပွဲချိန် ၂၃ မိနစ်တွင် ဇင်မင်းထွန်းတို့က ဟံသာဝတီယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၃၈ မိနစ်တွင် သက်နိုင်ကလည်းကောင်း၊ ပွဲချိန် ၅၁ မိနစ်တွင် ဥက္ကာကျော်ကလည်းကောင်း၊ ပွဲချိန် မိနစ် ၆၀ တွင် စိုးမင်းနိုင်ကလည်းကောင်း မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုးများနှင့် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မဟာယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ဘီလာရုစ်ကစားသမား ဆာဘာလင်ကာ တက်ရောက်

ပဲရစ် ဇွန် ၁

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် ပြင်သစ်အိုးပင်း အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ၏ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဘီလာရုစ်တင်းနစ်မယ်များ ဖြစ်ကြသည့် ဆာဘာလင်ကာနှင့် ရှိုင်မာနိုဗစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆာဘာလင်ကာက (၇-၅ ၊ ၆-၂) ရလဒ်ဖြင့်အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Belta သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၂) နေရာတွင် ရပ်တည်နေသည့် ဆာဘာလင်ကာသည် ကမ္ဘာ့အဆင့်(၂၀၄)နေရာတွင် ရပ်တည်နေသည့် ရှိုင်မာနိုဗစ်ကို ပြတ်သားသည့် ရလဒ်များဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဆာဘာလင်ကာသည် ရှိုင်မာနိုဗစ်ကို အခက်အခဲရှိဘဲအနိုင်ရခဲ့သော်လည်း ပွဲကစားချိန်သည် ၁ နာရီ ၂၇ မိနစ်ခန့်ထိ ကြာမြင့်ခဲ့သည်။

ဆာဘာလင်ကာသည် အခက်အခဲမရှိဘဲ အနိုင်ရလဒ်ကိုစွမ်းဆောင်နိုင်ခဲ့သော်လည်း ရှိုင်မာနိုဗစ်ကို ချီးကျူးမှုပြုလုပ်ခဲ့သည်။

ဆာဘာလင်ကာက "ကျွန်မအတွက် တကယ့်ကိုခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲဖြစ်ပါတယ်။ ရှိုင်မာနိုဗစ် ကစားသွားတာ အရမ်းကောင်းတယ်။ ခက်ခဲတဲ့ပြိုင်ဘက်ကိုအနိုင်ရခဲ့လို့ဝမ်းသာပါတယ်။ ရမှတ်တိုင်းအတွက် အကောင်းဆုံးကြိုးစားခဲ့ရတယ်။ ကျွန်မအနေနဲ့ ဒီနေ့ပွဲစဉ်မှာ ကစားနိုင်ခဲ့တဲ့ လက်စွမ်းပိုင်းအပေါ်မှာ အားရကျေနပ်မှုမရှိပါဘူး။ ပုံမှန်လက်စွမ်းအောက် ရောက်နေတယ်လို့ခံစားရတယ်။ ကျွန်မအနေနဲ့စွမ်းဆောင်ရည်ပိုင်းဒီထက် ပိုပြီးတော့ ကောင်းမွန်ဖို့လိုအပ်နေတယ်။ ဒီထက်ပိုပြီးတော့လေ့ကျင့်မှုတွေ ပြုလုပ်ဖို့လိုအပ်နေပါတယ်။ တတိယအဆင့်မှာ ရလဒ်ကောင်းဖို့အတွက် ဒီနေ့ပွဲစဉ်မှာ ကစားနိုင်ခဲ့တဲ့ လက်စွမ်းထက် အများကြီးကောင်းဖို့ လိုအပ်လိမ့်မယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဆာဘာလင်ကာသည် တတိယအဆင့်တွင် ရုရှားတင်းနစ်မယ် ရာကီမိုဗာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ရာကီမိုဗာသည် ဒုတိယအဆင့်တွင် ပိုလန်တင်းနစ်မယ် မက်ဒါလီနာနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ရာကီမိုဗာက (၆-၃ ၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

AZL

# Memorial Tournament ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ကစားသမား စနီဒီကာ ပါဝင်ယှဉ်ပြိုင်သွားမည်




ဝါရှင်တန် ဇွန် ၁

အမေရိကန် ဂေါက်သီးရိုက်ကစားသမား စနီဒီကာသည် အမေရိကန် အိုဟိုင်းယိုးပြည်နယ် ဒပ်ဘ်လင်မြို့တွင်ကျင်းပမည့် Memorial Tournament ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု RTE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စနီဒီကာသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ဒဏ်ရာခွဲစိတ်ကုသမှုခံယူထားရသည့်ကစားသမားတစ်ဦးဖြစ်ပြီး ဒဏ်ရာကြောင့် ယခုနှစ် တင်းနစ်ရာသီအတွင်း ကျင်းပပြီးဖြစ်သော ပြိုင်ပွဲများနှင့် လွဲချော်ခဲ့ရသူဖြစ်သည်။

ကာလရှည် အနားယူခဲ့ရသည့် စနီဒီကာသည် Memorial Tournament ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဒဏ်ရာကြောင့် အနားယူခဲ့ရပြီး နောက် ပထမဦးဆုံးအကြိမ်ပြိုင်ပွဲအတွင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲအတွက် အစစအရာရာ ပြင်ဆင်ထားပြီးဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

အသက် ၄၂ နှစ်ရှိ စနီဒီကာ အနေဖြင့် ရင်ဆိုင်ခဲ့ရသောဒဏ်ရာပြဿနာသည် ကစားသမားဘဝကို အဆုံးသတ်ရမည့် အခြေအနေဖြစ်နေသော်လည်း ကစားသမားဘဝကို မစွန့်လွှတ်နိုင်သေးသည့်အတွက်ကြောင့် ဒဏ်ရာကိုလိုအပ်သော ဆေးကုသမှုခံယူခဲ့ပြီးနောက် ပြိုင်ပွဲအတွင်းပြန်လည် ဝင်ရောက်လာနိုင်ရေးအတွက် ကြိုးစားခဲ့ကြောင်း ပြောကြားခဲ့သည်။

စနီဒီကာက "ဒဏ်ရာပြဿနာကြောင့် ကာလရှည်အနားယူခဲ့ရတယ်။ ဒဏ်ရာပြဿနာဟာ ကစားသမားဘဝကို စွန့်လွှတ်ရမဲ့ အခြေအနေဖြစ်ပေမဲ့ ကျွန်တော့်အနေနဲ့ ကစားသမားဘဝကို စွန့်လွှတ်ဖို့ အဆင်သင့်မဖြစ်သေးပါဘူး။ ဒဏ်ရာကိုလိုအပ်တဲ့ ဆေးကုသမှုခံယူခဲ့ပြီးဖြစ်ပါတယ်။ ဒဏ်ရာအခြေအနေတော်တော်လေးကို ကောင်းမွန်လာပြီဖြစ်ပါတယ်။ ဒဏ်ရာကိုဆေးကုသမှုခံယူနေရတဲ့ ကာလအတွင်းမှာ မိသားစုနဲ့အတူ သွားရောက် အပန်းဖြေတာတွေ မိသားစုကို အချိန်ပေးတာတွေ လုပ်နိုင်ခဲ့တဲ့အတွက် စိတ်ဓာတ်ပိုင်းကတော်တော်လေးကို လန်းဆန်းနေပါတယ်။ ပြိုင်ပွဲအတွက် အဆင်သင့်ဖြစ်နေပြီ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ယူကေအိုးပင်းပူးလ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာစနူကာနှင့်ပူးလ်ကစားသမား ဘုန်းမြင့်ကျော် ၆၄ ဦးရှုံးထွက်အဆင့်တက်ရောက်

လန်ဒန် ဇွန် ၁

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် ယူကေအိုးပင်း ပူးလ်ချန်ပီယံရှစ် ပြိုင်ပွဲတွင် မြန်မာစနူကာနှင့်ပူးလ်ကစားသမား ဘုန်းမြင့်ကျော် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ယနေ့ပွဲစဉ်များအပြီးတွင် ပြိုင်ဘက်များကို အနိုင်ရရှိခဲ့ပြီး ၆၄ ဦးရှုံးထွက်အဆင့်သို့တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ ပထမပွဲစဉ်တွင် ဘုန်းမြင့်ကျော်သည် အင်္ဂလန်ပူးလ်ကစားသမား တွမ်အီမက်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် လက်ရည်အသာစီးဖြင့်ကစားနိုင်ခဲ့ပြီး (၉-၂) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သကဲ့သို့ ဒုတိယပွဲစဉ်အဖြစ် ဂရိပူးလ်ကစားသမားစတီဖန်နိုပိုလော့နှင့်ဆက်လက် ယှဉ်ပြိုင် ကစားခဲ့ရာတွင်လည်း လက်စွမ်းပိုင်း အပြတ်အသတ် အသာစီးဖြင့် ကစားနိုင်ခဲ့ကာ (၉-၀)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ၆၄ ဦးရှုံးထွက်အဆင့်သို့တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ယူကေအိုးပင်းပူးလ်ချန်ပီယံရှစ် ပြိုင်ပွဲတွင် ဘုန်းမြင့်ကျော်အပါအဝင် ကမ္ဘာတစ်ဝန်းမှ ထိပ်တန်းအဆင့်ရှိ ပူးလ်ကစားသမား ၂၅၆ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ယခုအခါ ဘုန်းမြင့်ကျော်က ၆၄ ဦး ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

STA

## ပြင်သစ်လီဂူး ပွဲစဉ်(၃၈) ပွဲကြိုသုံးသပ်ချက်များ

STA

**မိုနာကို Vs တူးလော့**

**ကစားမည့်ရက်/အချိန် ၄-၆-၂၀၂၃ (နံနက် ၀၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**တူးလော့ ၀ - ၂ မိုနာကို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မိုနာကို | - | အိမ်(သရေ) | ဝေး(ရှုံး) | ဝေး(ရှုံး) |
| တူးလော့ | - | အိမ်(သရေ) | ဝေး(သရေ) | အိမ်(သရေ) |

မိုနာကိုအသင်းဟာ ဥရောပဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ချက်ရှိနေလို့ နောက်ဆုံးအိမ်ကွင်းပွဲစဉ်မှာ မဖြစ်မနေအနိုင်ရလဒ်ရရှိအောင် ကြိုးစားလာမှာပါ။ တူးလော့အသင်းကလဲ နောက်ဆုံးကစားခဲ့တဲ့သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး ရှုန်းကန်နေရပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးလာမဲ့ မိုနာကိုအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - မိုနာကို ၂ - ၀ တူးလော့**

**ထရွိုင်းယက် Vs လိုင်လီ**

**ကစားမည့်ရက်/အချိန် ၄-၆-၂၀၂၃ (နံနက် ၀၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုင်လီ ၅ - ၁ ထရွိုင်းယက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ထရွိုင်းယက် | - | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(ရှုံး) |
| လိုင်လီ | - | ဝေး(သရေ) | အိမ်(နိုင်) | အိမ်(နိုင်) |

မဖြစ်မနေအနိုင်ရရှိမှသာ ယူရိုပါလိဂ်ဝင်ခွင့်ရရှိမှာဖြစ်လို့ လိုင်လီအသင်းဟာ အမှားခံမှာမဟုတ်ပါဘူး။နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ ထရွိုင်းယက်အသင်းကလဲ ခြေစွမ်းပိုင်းဆိုးရွားနေလို့ လိုင်လီအသင်းကို ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ လိုင်လီအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ထရွိုင်းယက် ၀ - ၃ လိုင်လီ**

# တောင်တရုတ်ပင်လယ်အရေးတွင် ဆက်ဆံရေးပိုမိုနီးကပ်လာသော ဖိလစ်ပိုင်-ဗီယက်နမ်




ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာသည် အနောက်တိုင်းမှ အစဉ်အလာ မဟာမိတ်များနှင့် ကာကွယ်ရေးဆိုင်ရာ ဆက်ဆံရေးကိုပြန်လည်ဆန်းသစ်ခဲ့သည့်အပြင် တောင်တရုတ်ပင်လယ်အရေးနှင့်စပ်လျဉ်း၍လည်း စိတ်တူကိုယ်တူဒေသတွင်းနိုင်ငံများနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်လာခဲ့သည်။

အထူးသဖြင့် ပထဝီအနေအထားအရ အရေးပါလျက်ရှိသော မဟာဗျူဟာမြောက် ပင်လယ်ရေကြောင်းနယ်ပယ်၌ ဗီယက်နမ်သည် ဖိလစ်ပိုင်၏ ဒေသတွင်း မဟာဗျူဟာမိတ်ဖက်နိုင်ငံအဖြစ် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ မားကို့စ်ဂျူနီယာသည် ယခုလအစောပိုင်းက ဗီယက်နမ် တာဝန်ရှိသူများနှင့် တတိယအကြိမ်မြောက် အဆင့်မြင့်အစည်းအဝေးပြုလုပ်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ လာဘူအန်ဘာဂျို၌ ပြုလုပ်သည့် (၄၂) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ ဘေးပန်းဆွေးနွေးပွဲများတွင် မားကို့စ်ဂျူနီယာသည် ဗီယက်နမ်ဝန်ကြီးချုပ် ဖန်မင်ချင်းနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်များသည် တောင်တရုတ်ပင်လယ်အရေးနှင့်စပ်လျဉ်း၍ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရန် ကတိကဝတ်ပြုခဲ့ကြသည်။ အထူးသဖြင့် ဖိလစ်ပိုင်ခေါင်းဆောင်သည် အငြင်းပွားရေပိုင်နက်များအတွင်း ငါးဖမ်းသမားများအပါအဝင် နှစ်နိုင်ငံကြား မမျှော်မှန်းနိုင်သော ထိပ်တိုက်ရင်ဆိုင်မှုများ ကာကွယ်နိုင်မည့် ထိရောက်သောသဘောတူညီချက်များ ချမှတ်သွားရန် အကြံပြုခဲ့သည်။ မိမိအနေဖြင့် နှစ်နိုင်ငံကြား မမျှော်မှန်းနိုင်သော ထိပ်တိုက်ရင်ဆိုင်မှုများ ရှောင်ရှားနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးများကို ဆွေးနွေးပွဲများလုပ်ဆောင်သွားရန် တိုက်တွန်းထားကြောင်း မားကို့စ်ဂျူနီယာက သတင်းထောက်များကို ပြောကြားသွားခဲ့သည်။

ထို့နောက် နှစ်နိုင်ငံသည် ပင်လယ်ရေကြောင်းနှင့် သမုဒ္ဒရာဆိုင်ရာပူးတွဲအလုပ်အဖွဲ့ (JWG-MOG) အစည်းအဝေးကို ပြုလုပ်ခဲ့သည်။ နှစ်နိုင်ငံစလုံးသည် တောင်တရုတ်ပင်လယ်အရေးနှင့်စပ်လျဉ်း၍ အပြန်အလှန်လိုက်နာရန် ကျင့်ထုံး (COC) ကို ပူးတွဲထောက်ခံသွားရန် အခိုင်အမာဆုံးဖြတ်ခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ ဝါရင့်သံတမန်များအပြင် ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့၊ အမျိုးသားလုံခြုံရေးကောင်စီ၊ အမျိုးသားကာကွယ်ရေးဌာန၊ ငါးလုပ်ငန်းနှင့် ရေအရင်းအမြစ်များဆိုင်ရာဌာန အပါအဝင် သက်ဆိုင်ရာအေဂျင်စီများမှ ဖိလစ်ပိုင်အရာရှိများ တက်ရောက်ခဲ့ကြသည်။ နှစ်နိုင်ငံစလုံးအနေဖြင့် ပင်လယ်ပြင်ဥပဒေဆိုင်ရာ ကုလသမဂ္ဂပဋိညာဉ်အောက်တွင် ၎င်းတို့၏အခွင့်အလမ်းနှင့် တရားဝင်အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်သွားရန်နှင့် သက်ဆိုင်ရာအေဂျင်စီများကြား ယုံကြည်မှု တည်ဆောက်မြှင့်တင်သွားရန်လည်း သဘောတူညီခဲ့ကြသည်။

အာဆီယံနှစ်နိုင်ငံစလုံးအနေဖြင့် ပင်လယ်ရေကြောင်းဝန်းကျင် ကာကွယ်စောင့်ရှောက်ခြင်း၊ ရှာဖွေရေးနှင့်ကယ်ဆယ်ခြင်း၊ ငါးဖမ်းလုပ်ငန်းများစီမံခန့်ခွဲခြင်း၊ ရေနံယိုဖိတ်မှုအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ခြင်းအပြင် အဏ္ဏဝါသိပ္ပံသုတေသနလုပ်ငန်းအပါအဝင် တောင်တရုတ်ပင်လယ်တွင် အင်ပြည့်အားပြည့် ပူးပေါင်းဆောင်ရွက်သွားရန် ကတိပြုခဲ့ကြသည်။ ဖိလစ်ပိုင်တွင် တရုတ်လိုလားသော သမ္မတ ဒူတာတေးအုပ်ချုပ်သည့်ကာလတွင် ဆက်ဆံရေးကျဲပါးခဲ့ပြီးနောက် ဖိလစ်ပိုင်နှင့်ဗီယက်နမ်တို့သည် တောင်တရုတ်ပင်လယ်နှင့် ဆက်စပ်ရေပိုင်နက်များတွင် တရုတ်နိုင်ငံ၏ လွှမ်းမိုးလာမှုနှင့် စစ်ရေးတည်ဆောက်လာမှုများကို အာဆီယံမူဘောင်အတွင်းမှ တုံ့ပြန်သွားရေး လှေလှော်ဆောင်ရွက်လျက်ရှိသည်။

စစ်အေးတိုက်ပွဲကာလပြီးဆုံးချိန်မှစ၍ ဖိလစ်ပိုင်နှင့်ဗီယက်နမ်တို့သည် နိုင်ငံရေးသဘောထားနှင့် စပ်လျဉ်း၍ အပြန်အလှန်ဆန့်ကျင်တိုက်ခိုက်မှုများ ရှိခဲ့သည်။ သို့သော် နှစ်နိုင်ငံစလုံးသည် ဒေသတွင်း၌ တရုတ်နိုင်ငံမှ စစ်လက်ရုံးဆန့်တန်းလာသည့်အချိန်တိုင်းတွင် တစ်ဖက်တည်း၌ ရပ်တည်ခဲ့ကြသည်။ သမ္မတ ဖီဒရယ်ရာမို့စ် တာဝန်ထမ်းဆောင်သည့် ၁၉၉၂ ခုနှစ်မှ ၁၉၉၈ ခုနှစ်ကာလအတွင်း ဖိလစ်ပိုင်သည် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအဆင့်မြေရန်နှင့် အရှေ့တောင်အာရှတစ်ဝန်းတွင် ပထဝီနိုင်ငံရေးဆိုင်ရာတည်ငြိမ်အေးချမ်းမှုပိုမိုရရှိလာစေရန်အလို့ငှာ အာဆီယံအသင်းကြီးတွင် ဗီယက်နမ်၏ဝင်ရောက်ခွင့်ကို တက်ကြွစွာထောက်ခံခဲ့သည်။ ထို့ကြောင့် နှစ်နိုင်ငံကြား နွေးထွေးသောဆက်ဆံရေးကို ဆယ်စုနှစ်များစွာကြာ ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သည်။

၁၉၉၄ ခုနှစ်တွင် ဖိလစ်ပိုင်က ပိုင်ဆိုင်ကြောင်း အခိုင်အမာဆိုထားသည့် Mischief ကျောက်တန်းကို တရုတ်နိုင်ငံက သိမ်းပိုက်ခဲ့သည့်အချိန်တွင် ဒေသတွင်း၌ ထိရောက်သောတုံ့ပြန်မှု လုပ်ဆောင်သွားရန် ဖိလစ်ပိုင်သည် ဗီယက်နမ်နှင့်အတူ အကြံပြုခဲ့ရာ ၂၀၀၂ ခုနှစ်တွင် တောင်တရုတ်ပင်လယ်ပြင်နှင့်ဆက်နွယ်သောနိုင်ငံများလိုက်နာရန် ကျင့်ထုံးကြေညာချက် (DOC) ထွက်ပေါ်လာခဲ့သည်။ ဆယ်စုနှစ်တစ်ခုကြာပြီးနောက် ဂလိုရီယာအာရိုယို အစိုးရလက်ထက် ၂၀၀၁ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း ဆက်စပ်ရေပိုင်နက်အတွင်းရှိ အရင်းအမြစ်များကို ပူးတွဲစီမံခန့်ခွဲနိုင်ရေး ကျယ်ပြန့်သောကြိုးပမ်းအားထုတ်မှုများ၏ တစ်စိတ်တစ်ဒေသအနေဖြင့် ဗီယက်နမ်၊ တရုတ်တို့နှင့်အတူ ပင်လယ်ရေကြောင်းဆိုင်ရာ သုံးနိုင်ငံပူးတွဲမြေငလျင်တိုင်းတာရေး သဘောတူညီချက် (JSMSU) ကို ဆွေးနွေးညှိနှိုင်းနိုင်ခဲ့သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံအများစုသည် တရုတ်နှင့် ထိပ်တိုက်ရင်ဆိုင်သွားလိုသည့်ဆန္ဒ မရှိသောကြောင့် ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့သည် ဒေသတွင်းအဖွဲ့အစည်းအတွင်း မကြာခဏသဘောထား တင်းမာသူများဖြစ်နေသည်။ ၂၀၁၀ ပြည့်နှစ်တွင် ဗီယက်နမ်သည် တောင်တရုတ်ပင်လယ်တွင် တရုတ်၏ အင်အားကြီးထွားလာမှုတန်ပြန်နိုင်ရေးအတွက် အမေရိကန်၏ မဟာဗျူဟာမြောက်တည်ရှိမှုကို ထောက်ခံသည့်အချိန်တွင် အာဆီယံအဖွဲ့အတွင်း အချေအတင်ဆွေးနွေးမှုများဖြစ်ပေါ်ခဲ့သည်။

ထိုသို့ အာဆီယံအဖွဲ့အတွင်း အချေအတင်ဆွေးနွေးမှုကို တုံ့ပြန်သောအားဖြင့် အိုဘားမားအစိုးရသည် ဆက်စပ်ရေပိုင်နက်များအတွင်း လွတ်လပ်စွာရေကြောင်းသွားလာခွင့်ကို အမျိုးသားရေးအကျိုးစီးပွားဆိုင်ရာ ထိပ်တန်းဦးစားပေးမစ်ရှင်အဖြစ် ပထမဆုံးအကြိမ် ထုတ်ဖော်ပြောဆိုလာခဲ့သည်။

၁၉၉၀ ပြည့်လွန်နှစ်များတွင် Mischief ကျောက်တန်းဖြစ်ပေါ်ခဲ့ပြီးနောက် ၂၀၁၂ ခုနှစ် Scarborough သောင်ဆွယ်အရေးသည် အာဆီယံအဖွဲ့ဝင် နှစ်နိုင်ငံစလုံးကို မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု ပိုမိုလုပ်ဆောင်လာစေခဲ့သည်။ ၂၀၁၄ ခုနှစ်သည် နှစ်နိုင်ငံ ဆက်ဆံရေးအတွက် မှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့သည်။ ဖိလစ်ပိုင်နှင့် ဗီယက်နမ် ရေတပ်တပ်ဖွဲ့ဝင်များသည် တောင်တရုတ်ပင်လယ်ပြင်ရှိ ပိုင်ဆိုင်မှုအငြင်းပွားနေသောနေရာများအနက်မှ တစ်နေရာတွင် ဘော်လီဘောနှင့် ဘောလုံးကစားခဲ့ကြသောကြောင့် ချစ်ကြည်ရင်းနှီးမှုနှင့် ရဲဘော်ရဲဘက်စိတ်ရှိမှုကို ပြသခဲ့သည်။ ထိုစဉ်က ဖိလစ်ပိုင်ရေတပ် ပြောရေးဆိုခွင့်ရှိသူ ဒုတိယတပ်မှူး ဂရက်ဂျော်ရီဖာဘစ်က ဘောလုံး သံခင်းတမန်ခင်းသည် တင်းမာမှုများလျှော့ချရာတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိကြောင်း၊ အခြားရေတပ်များအနေဖြင့်လည်း အလားတူ ပူးပေါင်းဆောင်ရွက်သွားနိုင်ကြောင်း ပြောကြားသွားခဲ့သည်။

၂၀၁၀ ပြည့်နှစ်မှာပင် အာကီနိုနှင့် ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်ထရန်ထောင်တို့ကြား အရေးပါသော အစည်းအဝေးတစ်ခုကိုလည်း ပြုလုပ်နိုင်ခဲ့သည်။ ထို့နောက် နှစ်နိုင်ငံစလုံးသည် တောင်တရုတ်ပင်လယ်အရေးတွင် အပြည့်အဝပူးပေါင်းဆောင်ရွက်သွားနိုင်ရေး အပြုသဘောဆောင်သော ဆွေးနွေးမှုများ လုပ်ဆောင်နိုင်ခဲ့သည်။ ထို့ပြင် နှစ်နိုင်ငံစလုံးသည် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပုံမှန်လုပ်ဆောင်ရေး၊ ကာကွယ်ရေးဝန်ကြီး အစည်းအဝေး နှစ်စဉ်ကျင်းပရေးနှင့် ထောက်လှမ်းရေး သတင်းအချက်အလက် မျှဝေရေးတို့အတွက် နီးကပ်သော ဆက်ဆံရေး ထူထောင်လာခဲ့သည်။

**❖ ၂၀၂၀ ပြည့်နှစ်တွင် ဖိလစ်ပိုင်သည် ပါရာဆယ်ကျွန်းစုများအနီးတွင် တရုတ်ပင်လယ်ရေကြောင်းတပ်ဖွဲ့များကြောင့် ဗီယက်နမ်ငါးဖမ်းလှေတစ်စီး နစ်မြုပ်မှုနှင့်စပ်လျဉ်း၍ ဗီယက်နမ်ကို သံခင်းတမန်ခင်းအရ ထောက်ခံအားပေးခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာနက အဆိုပါဖြစ်စဉ်အပေါ် အလွန်အမင်းစိုးရိမ်ပူပန်ကြောင်း ထုတ်ပြန်ခဲ့သည်။ ဒူတာတေးအစိုးရနောက်ပိုင်း ဖိလစ်ပိုင်ငါးဖမ်းသမားတစ်ဦးကို ဗီယက်နမ်က ကယ်ဆယ်ခဲ့သောကြောင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာအားကောင်းလာခဲ့သည်။ ❖**

အာကီနိုအစိုးရသက်တမ်း ကုန်ဆုံးခါနီးအချိန်တွင် နှစ်နိုင်ငံသည် ရေရှည်မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လမ်းပြမြေပုံကို အထောက်အကူဖြစ်စေရန်အတွက် ဖိလစ်ပိုင်နှင့်ဗီယက်နမ်တို့ကြား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ထူထောင်မှုဆိုင်ရာ ပူးတွဲကြေညာချက်တစ်ရပ်ကို မူကြမ်းရေးဆွဲနိုင်ခဲ့သည်။

သို့သော် သမ္မတဒူတာတေးအစိုးရလက်ထက်တွင် ဗီယက်နမ်နှင့် ဖိလစ်ပိုင်တို့ကြားဆက်ဆံရေး အေးခဲလာခဲ့သည်။ တောင်တရုတ်ပင်လယ်တွင် ဖိလစ်ပိုင်ရေတပ်ကြောင့် ဗီယက်နမ်ရေလုပ်သားနှစ်ဦး သေဆုံးခဲ့သည့်အချိန်တွင် နှစ်နိုင်ငံဆက်ဆံရေးသည် အောက်ဆုံးအဆင့်သို့ ရောက်ရှိခဲ့သည်။ သို့သော် ၂၀၁၉ ခုနှစ်တွင် ဗီယက်နမ်ရေလုပ်သားများသည် တရုတ်ပြည်သူ့စစ်ဘက် စစ်ရေယာဉ်ဟု သံသယရှိသည့် ရေယာဉ်တစ်စီး၏ တိုက်မိမှုကြောင့် နစ်မြုပ်လုနီးပါးဖြစ်နေသည့် ဖိလစ်ပိုင်ရေလုပ်သားများကို ကယ်ဆယ်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ဖိလစ်ပိုင်သည် ပါရာဆယ်ကျွန်းစုများအနီးတွင် တရုတ်ပင်လယ်ရေကြောင်းတပ်ဖွဲ့များကြောင့် ဗီယက်နမ်ငါးဖမ်းလှေတစ်စီး နစ်မြုပ်မှုနှင့် စပ်လျဉ်း၍ ဗီယက်နမ်ကို သံခင်းတမန်ခင်းအရ ထောက်ခံအားပေးခဲ့သည်။ ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီးဌာနက အဆိုပါဖြစ်စဉ်အပေါ် အလွန်အမင်းစိုးရိမ်ပူပန်ကြောင်း ထုတ်ပြန်ခဲ့သည်။ ဒူတာတေးအစိုးရနောက်ပိုင်း ဖိလစ်ပိုင်ငါးဖမ်းသမား တစ်ဦးကို ဗီယက်နမ်က ကယ်ဆယ်ခဲ့သောကြောင့် နှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုခိုင်မာအားကောင်းလာခဲ့သည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ဖိလစ်ပိုင်ခေါင်းဆောင် မားကို့စ်ဂျူနီယာသည် ဗီယက်နမ်ခေါင်းဆောင်များနှင့်အဆင့်မြင့်ဆွေးနွေးပွဲ နှစ်ကြိမ်ပြုလုပ်ခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်၌ ပြုလုပ်သည့် အာဆီယံထိပ်သီးဆွေးနွေးပွဲ၏ဘေးပန်းဆွေးနွေးပွဲများတွင် ဗီယက်နမ်ဝန်ကြီးချုပ် ဖန်မင်ချင်းနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့နောက် မနီလာတွင် ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဗီယက်နမ်ခေါင်းဆောင်နှင့်ပထမဆုံးပြုလုပ်သည့်အစည်းအဝေးတွင် နှစ်ဖက်စလုံးသည် စားနပ်ရိက္ခာလုံခြုံမှု၊ ရာသီဥတုပြောင်းလဲမှု၊ ကာကွယ်ရေးနှင့် စားနပ်ရိက္ခာထောက်ပံ့မှုအပါအဝင် နယ်ပယ်အားလုံးတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ကတိကဝတ်ပြုခဲ့သည်။ နှစ်ဖက်စလုံးသည် မားကို့စ်နှင့် ဗီယက်နမ်လွှတ်တော်ဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေးစဉ်တွင်လည်း အလားတူ ကတိကဝတ်ပြုခဲ့ကြပြီး နှစ်ဖက်စလုံးအနေဖြင့် နှစ်နိုင်ငံကြား ထူးခြားသောဆက်ဆံရေး တည်ဆောက်ရန် အခိုင်အမာဆုံးဖြတ်ခဲ့ကြသည်။

**ကိုးကား**

- **Philippines-Vietnam teaming up on China in South China Sea by Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ကမာရွတ်မြို့နယ် Royal Palace Art Gallery တွင် ပန်းချီဆရာ ၁၂ ဦး၏ အွန်လိုင်းပန်းချီပြပွဲ ပြသမည်



**ရန်ကုန် ဇွန် ၁**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ Royal Palace Art Gallery တွင် ပန်းချီဆရာ ၁၂ ဦး၏ မတူကွဲပြားသည့် ပန်းချီလက်ရာများကို စုစည်းပြသမည့် အွန်လိုင်းပန်းချီပြပွဲ ကို ဇွန် ၅ ရက်မှ ဇွန် ၉ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်းမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်ဆွေမြင့်က ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် ထင်ရှားသည့် ပန်းချီဆရာများဖြစ်ကြသည့် ပန်းချီ မွန်သက်၊ ပန်းချီ ဇော်ဇော်ကို၊ ပန်းချီ ဦးကျော်လေး၊ ပန်းချီ မဥမ္မာ၊ ပန်းချီ ဝင်းသန္တာ၊ ပန်းချီ မောင်မြင့်အောင်၊ ပန်းချီ လှဖုန်းအောင်၊ ပန်းချီ ခင်မောင်ဇော်၊ ပန်းချီ ဇေယျာအေး၊ ပန်းချီ မိုးညို၊ ပန်းချီ စောစတီးဖ၊ ပန်းချီ ရွှေသိန်းတို့၏ စိတ်ကြိုက်ရေးဆွဲထားသော မတူကွဲပြားသည့် ပန်းချီကား ၁၀၀ ခန့်ကို ပြသရောင်းချပေးသွားမည်ဖြစ်ပြီး ပန်းချီကားအမျိုးအစားများမှာ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်၊ ခဲခြစ် အရောင်အသွေးစုံ ပန်းချီလက်ရာများကို ရှုမြင်ရမည်ဖြစ်ကြောင်း သိရသည်။

"ဒီပြပွဲကတော့ ကျွန်မတို့ စုစည်းထားတဲ့ ပန်းချီကားတွေထဲက မတူကွဲပြားတဲ့အမြင်တွေကို စုစည်းထားတဲ့ပန်းချီကား ၁၀၀ လောက်ကို ပြသရောင်းချပေးမှာဖြစ်ပါတယ်။ အများစုကတော့ ကွယ်လွန်သွားပြီဖြစ်တဲ့ ပန်းချီ မောင်မြင့်အောင်ရဲ့ ပန်းချီကားတွေ များပါတယ်"ဟု Royal Palace Art Gallery ပန်းချီပြခန်းမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်ဆွေမြင့်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့်ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄)လက်မ၊ (၂၄× ၂၄) လက်မ၊ (၁၈× ၂၄) လက်မ၊ (၁၈×၁၈)လက်မ စသည့် အရွယ်အစားစုံ ပါဝင်ပြီး ဈေးနှုန်းအနေဖြင့် အနည်းဆုံး ငွေကျပ် ငါးသိန်းမှ အများဆုံး ငွေကျပ် သိန်း ၂၀ ထိရှိကြောင်း သိရသည်။

ASH

# Nosferatu သွေးစုပ်မိစ္ဆာဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများ ပြီးဆုံး

**နယူးယောက် ဇွန် ၁**

Nosferatu သွေးစုပ်မိစ္ဆာဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းမှာ တရားဝင်ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၃၁ ရက်တွင် ရေးသားတင်ပြထားသည်။

Nosferatu ဇာတ်ကားကို ကမ္ဘာကျော် ဒါရိုက်တာ ရောဘတ် အဂ္ဂါက တာဝန်ယူရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် ၁၉၂၂ ခုနှစ်တွင် ရိုက်ကူးခဲ့သော Nosferatu ဇာတ်ကားကို ပြန်လည်ဆန်းသစ် ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

မူလ Nosferatu (1922)ကို ဂျာမနီဒါရိုက်တာ အက်ဖ်ဒဗလျူ မာနော့က စာရေးဆရာ ဘရမ်စတော့ကာ၏ Dracula ဝတ္ထုဇာတ်ကြောင်းကိုမှီ၍ ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး Nosferatu ဇာတ်ကား၌ မင်းသား ဘီစကားဂါ့နှင့် မင်းသမီး လီလီရို့စ်ဒပ်တို့က အဓိကဇာတ်ကောင်များအဖြစ် ပါဝင်ထားသည်။

လက်ရှိတွင် Nosferatu ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက သတ်မှတ်ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO




# ရွှေလုလင် ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်မြို့တွင် ရိုက်ကူးသွားမည်

**ရန်ကုန် ဇွန် ၁**

ဝကိုးလုံး ရုပ်ရှင်ထုတ်လုပ်ရေးက ပထမဆုံးရိုက်ကူးထုတ်လုပ်မည့် ရွှေလုလင် ရုပ်ရှင်ဇာတ်ကားကို ဇွန်လအတွင်း ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားကို ပုံဖော်ရိုက်ကူးမည့် ဒါရိုက်တာ ဇန်းကြီးက ပြောပြ၍ သိရသည်။

ဝကိုးလုံး ရုပ်ရှင်ထုတ်လုပ်ရေး၏ ပွဲဦးထွက်ရိုက်ကူးထုတ်လုပ်မည့် ရွှေလုလင် ရုပ်ရှင်ဇာတ်ကားအတွက် ဝတ္ထုဇာတ်လမ်းကို လွတ်လပ်အိမ်က ရေးသားထားခြင်းဖြစ်ကာ ဇာတ်ကားအတွက် ဇာတ်ညွှန်းကို မောင်အောင်(ရှုပဒေ)က ရေးသားထားပြီး ဒါရိုက်တာ ဇန်းကြီးက ပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားလေးက ပုံစံမျိုးစုံ၊ ရသမျိုးစုံကိုပေးစွမ်းမဲ့ ဇာတ်ကားတစ်ကားပါ။ သီချင်းတွေကော၊ အကတွေကော ပါဝင်မှာပါ။ ဒီဇာတ်ကားက လူတွေကြားဖူးပြီး တကယ်လဲ အပြင်လောကမှာ ရှိနေတဲ့လူခြောက်တွေ အကြောင်းပါ။ လူခြောက်တွေက လူတွေနဲ့ ဆက်သွယ်တာက အိပ်မက်ပေးတယ်။ သူတို့အသိပေးချင်ရင် အနံ့တွေပေးတယ်။ မိဘကို တအားစောင့်ရှောက်တယ်။ မကောင်းမှုလုပ်တဲ့သူကို အားမပေးဘူး။ ချစ်သူကိုလဲ တော်တော်ချစ်တတ်တယ်။ မှန်းတဲ့အချိန်မှာလဲ ဘယ်လိုသေရတယ်ဆိုတာကအစ အသေးစိတ်မြင်ရမှာပါ"ဟု ဒါရိုက်တာ ဇန်းကြီးက ပြောပြသည်။



ရွှေလုလင် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ဗိုနယ်လီယွန်၊ ဌေးရဲအောင်၊ လင်းမြတ်နေ၊ ခေးဆက်သွင်၊ မိုးပွင့်ဖြူ၊ ဟုမ်းသာစန်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Thread:An Insidious Tale ၌ ကူမေးနန်ဂျီယာနီနှင့် မင်ဒီမိုးတို့ ပါဝင်မည်

**နယူးယောက် ဇွန် ၁**

Blumhouse ရုပ်ရှင်ကုမ္ပဏီ၏ Thread: An Insidious Tale ဇာတ်ကား၌ မင်းသား ကူမေးနန်ဂျီယာနီနှင့် မင်းသမီး မင်ဒီမိုးတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၃၁ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားသည် Insidious ထိတ်လန့်သည်းဖိုဇာတ်ကားများ၏ မူကွဲဇာတ်ကားဖြစ်သည်။

Thread: An Insidious Tale ဇာတ်ကားသည် ဂါထာမန္တန်များ၏ အကူအညီဖြင့် အချိန်နောက်ကြောင်းပြန် ခရီးသွားရောက်ခဲ့ကြသော ဇနီးမောင်နှံနှစ်ဦး ရင်ဆိုင်ခဲ့ရသည့် ချောက်ချားဖွယ်ဖြစ်ရပ်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျရမီဆလိတ်က ရေးသား၍ ကိုယ်တိုင် တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Thread: An Insidious Tale ဇာတ်ကားသည် ဇာတ်ညွှန်းရေးဆရာ ဂျရမီဆလိတ်အတွက် ပထမဆုံးဒါရိုက်တာလက်ရာဇာတ်ကားလည်းဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

KKO





# ကာရန်လွဲမေတ္တာ ရုပ်သံဇာတ်လမ်းတွဲ Season-2 ရိုက်ကူးလျက်ရှိ

**ရန်ကုန် ဇွန် ၁**

MRTV-4 ရုပ်သံလိုင်းတွင် ပြသနေဆဲဖြစ်သည့် ကာရန်လွဲမေတ္တာ ရုပ်သံဇာတ်လမ်းတွဲ Season-2 ကို မေ ၃၁ ရက်မှစ၍ ရန်ကုန်မြို့တွင် ရိုက်ကူးလျက်ရှိကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲကို ဖန်တီးရိုက်ကူးသူ ဒါရိုက်တာ ကိုကိုဝင်းက ပြောပြ၍ သိရသည်။

ကာရန်လွဲမေတ္တာ ရုပ်သံဇာတ်လမ်းတွဲ Season-1 သည် စာရေးဆရာမ နေနွယ်ဇင်မြင့်၏ အောင်မြင်ကျော်ကြားသော ဝတ္ထုဇာတ်လမ်းတစ်ပုဒ်ဖြစ်သည့် အဆိပ်သင့်မေမေတ္တာကို အေးကြည်သာဟန်၊ နီလာရှိန်နှင့် မယ်မင်းဘုံတို့က ဇာတ်ညွှန်းခွဲထားခြင်းဖြစ်ပြီး Niyyayana Entertainment က ရိုက်ကူးထုတ်လုပ်ထားခြင်းဖြစ်ကြောင်း၊ ယခုဆက်လက်ရိုက်ကူးမည့် ကာရန်လွဲမေတ္တာ Season-2 တွင်လည်း ဝတ္ထုဇာတ်လမ်းမှာ စာရေးဆရာမ နေနွယ်ဇင်မြင့်၏ ဝတ္ထုကို ကျောရိုးယူကာ အေးကြည်သာဟန်၊ နီလာရှိန်နှင့် မယ်မင်းဘုံတို့က ဇာတ်လမ်းဖြည့်စွက်ကာ ဇာတ်ညွှန်းခွဲထားခြင်းဖြစ်ကြောင်း သိရသည်။

"ထုတ်လွှင့်ပြသဆဲဖြစ်တဲ့ ကာရန်လွဲမေတ္တာ Season-1 ရိုက်ကူးစဉ်ကတည်းက Season-2 ကို ဆက်လက်ရိုက်ကူးဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။ ဒုတိယပိုင်း Season-2 က Season-1 ထက်ပိုပြီးတော့ စိတ်ဝင်စားအောင်၊ ပိုပြီးတော့ ကြိုးစားထားပါတယ်။ အခြေအနေအရ အဓိကဇာတ်ဆောင်တချို့ကို အပြောင်းအလဲ လုပ်လိုက်ရပေမဲ့ ဝါရင့်သရုပ်ဆောင် တော်တော်များများကို ဖြည့်စွက်ပြီးတော့ ရိုက်ကူးထားပါတယ်"ဟု ဒါရိုက်တာ ကိုကိုဝင်းက ပြောပြသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် MRTV-4 သရုပ်ဆောင်များဖြစ်ကြသည့် မိုးသူရ၊ မေမြင့်မိုရ်၊ ဂရိတ်ချန်းတို့နှင့်အတူ ဝါရင့်သရုပ်ဆောင်များဖြစ်သည့် ရဲအောင်၊ မင်းဦး၊ မင်းသူချိုပြုံး၊ မေသန်းနု၊ သန်းသန်းစိုး စသည့်အနုပညာရှင်များစွာ ပံ့ပိုးပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Ceremony to honour Myanmar sports teams that won medals in 32nd SEA Games held; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers address



Senior General Min Aung Hlaing addresses the ceremony to honour the victorious athletes.

**Nay Pyi Taw June 1**

A ceremony to honour Myanmar sports teams that won medals in 32nd SEA Games hosted by Cambodia by the State was held at Wanna Theikdi Stadium B here this morning addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, who also presented honourary awards.

Present together with the Senior General were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, SAC Joint Secretary Lt-Gen Ye Win Oo, SAC members, union ministers, union level officials, the Nay Pyi Taw Council chair, Chief of General Staff (Army, Navy and Air) General Maung Maung Aye, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, members of Myanmar Olympic Council, chairs and vice chairs of Myanmar sports federations, honoured guests, athletes who bring honour to the nation, managers and coaches and officials.

The Senior General said Myanmar sent 341 athletes who took part in 19 events and 104 managers/coaches totaling 445 to SEA Games. The Myanmar contingent won 21 gold medals, 25 silver medals and *See Page 13*



Senior General Min Aung Hlaing presents cash award to a winner.



Senior General Min Aung Hlaing presents cash award to a winning team.



Senior General Min Aung Hlaing presents cash award to a winner.



Senior General Min Aung Hlaing presents cash award to a winner.



Senior General Min Aung Hlaing presents cash award to a winner.


Vice-Senior General Soe Win presents cash award to a winning team.

*From Page 12*

68 bronze medals totaling 114 medals.

It is a joy and honour for the entire people that both male and female football teams reached semifinal. The women's team met strong teams from Vietnam, Philippines and Malaysia in the group stage. Myanmar team fairly beat ASEAN giant Thai team in the semifinal and reached the final for the first time after 2005. Hence, they could give satisfaction to the people to a certain degree.The significance of the games is that Myanmar contingent won the largest number of medals abroad after 1981.A total of 6210 athletes from 11 countries took part in the 32nd SEA Games. The number of athletes of each contingent from host Cambodia, Philippines and Thailand exceeded 800. Vietnam sent over 700 athletes, Malaysia over 600, Indonesia, Laos and Singapore over 500 each, and Myanmar 341. Host country and Philippines took part in all 36 events of the games, and Thailand, Malaysia, Vietnam, Indonesia and Singapore in over 30 events. Myanmar participated in 19 events or 52.78% of the total events. The number of Myanmar athletes represented 5.5% of all the participants.Based on the ratio of the number of athletes and the number of medals, Myanmar's percentage of success in the SEA Games from the 27th to 32nd is 28% in the 27th games, 17.8% in the 28th games, 9.68% in the 29th games, 7.66% in the 30th games,21.51% in the 31st games, and 33.43% in the 32nd games, which is the highest percentage record.

The success of sports is a pleasure for us all. As a national cause, efforts should be made for the football team to win goal as aspired by the entire citizens. Athletes and sports federations are urged to win largest number of gold in volleyball, track and field, weightlifting and boxing, the events in which Myanmar was powerful once. Winning medals in international games amount to improving the country's image through sports. Thanks to the athletes and coaches, the State Flag could be raised and the sound national anthem could be heard internationally. Hence, they deserve due honour.The relevant ministry and sports federations should lay down advanced plans to take part in the 33rd SEA Games to be hosted by Thailand in 2025 with higher standard, to increase the number of athletes and competing events of Myanmar contingent, and to achieve greater success. SEA Games is the most prestigious sports event in Southeast Asia. It records the ASEAN's sports standard and measures the sports level of a country. Hence, sportsmen and sportswomen should strive more with unyielding spirit, perseverance, zeal, and strength to maintain their success in the international games including the coming SEA Games.

The Senior General urged all to secure greater number of gold, silver and bronze medals in the international competitions for uplifting the prestige of the State, giving training to all youths to take part in the competitions and penetrating the Southeast Asian level to the Asian and world levels with concerted efforts.

Union Minister for Sports and Youth Affairs U Min Thein Zan reported on participation of Myanmar sports contingent in the 32nd SEA Games.

The Senior General presented cash awards to gold medallists Maung Aik Soe Lin, Ma Khaing Wah Phu, Ma May Honey Aung Lwin, Maung Mana Kwee and Maung Tin Htoo Zaw, Maung Aung Khaing Lin, Maung Hein Htet Aung, Maung Kyaw Thu Soe Aung and Maung Yazar Tun in the Vovinam sport, Maung Paing Zeyar Phyo, Maung Arnt Bwe Nyein and Ma Nilar Soe Oo in the Vovinam (Khunbo Kata) event, Maung Sithu Maung, Maung Zaw Thet, Maung Ye Zaw Moe and Maung Myo Tun Arnt in the Vovinam (Arnit) event, the women's team I the Same Stroke Event-1 of Chinlone event, the men's and women's teams in the Linking (Preliminary) Event-3, the men's team in the Non Repetition Secondary Event-4, the women's team in the Non-Repetition Secondary Event-4, the men's team in the Hoop Takraw event, U Pauk Sa, an athlete for Maung Maung (a) Phone Myint Kyaw and Maung Thaw Zin Htet in the billiard and snooker event, U Sandi Oo in Wushu event, the men's five-oar 250-m U-24 traditional boat team, Maung Kyaw Min Naing in the Taekwondo event, Ma Zin May Oo in the weightlifting event and Ma Cherry Thet in Pétanque event.

The Senior General presented US$50,000 as special prize to the women's football team which could sail to the final match of the 32nd SEA Games and US$20,000 to the men's football team which could advance to the semifinal match.

The Vice-Senior General presented cash awards to silver medallists Maung Tin Htoo Zaw, Ma Eindray Phu and Ma Hnin Thet Way in the Vovinam event, Ma Nilar Soe Oo and Ma Theingi Win Kyaw in the Vovinam (Khunbo Kata) event, Ma Moe Moe Aye in the Vovinam (Arnit) event, men's double and women double teams in the Sepak Takraw event.

SAC Joint Secretary Lt-Gen Ye Win Oo, SAC members General Mya Tun Oo, Lt-Gen Moe Myint Tun, Lt-Gen Soe Htut, Daw Dwe Bu, Poe Rei Aung Thein, Mahn Nyein Maung, Dr Hmu Htan, Dr Aung Kyaw Min, Dr Kyaw Tun, Khun San Lwin, U Shwe Kyein and U Yan Kyaw, Union Ministers U Win Shein, Dr Nyunt Pe and U Min Thein Zan, Chief of the General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Admiral Moe Aung, Commander-in-Chief (Air) General Tun Aung and senior military officers from the Office of the Commander-in-Chief presented cash awards to silver and bronze medallists, coaches and managers in Chinlone, Traditional Boat Race, Wushu, Khun Khama, Judo, football, badminton, Vovinam, billiard/snooker, Taekwondo, weightlifting, boxing, chess, track and field, cricket and E-sports respectively.


Vice-Senior General Soe Win presents cash award to a winning team.

On behalf of the medallists, Ma Sandi Oo, who bagged one gold and two silver medals, spoke words of thanks.

The Senior General and party cordially greetd the victorious athletes and coaches.

The Myanmar sports contingent won 21 gold, 25 silver and 68 bronze medals in Vovinam, Vovinam (Khunbo Kata) Vovinam (Arnit), Sepak Takraw, Billiard and Snooker, Pitanque, Wushu, Taekwondo, Traditional Boat Race and weightlifting events among 19 competing events in the 32nd SEA Games held in Cambodia. Excepty volleyball and tennis events among 11 sports events, Myanmar athletes secured 25 silvers and 68 bronze medals. Silver medallists could reach the final matches with their brilliant efforts despite winning the gold medals. Myanmar women's football team could sail to the final match whereas Myanmar men's team could advance to the semifinal match. As the government recognized their efforts, officials often encouraged them. Now, deserved cash awards were presented to them. In this regard, the government presented K30 million each to gold medalists, K20 million each to silver medallists, K10 million each to bronze medallists, K10 million each to member of team-wise gold medallists, K7 million each to those from the silver medallists and K3.5 million each to those from the bronze medallists, K10 million each to coaches and managers for winning gold medal, K5 million each to silver medal and K3 million each to bronze medal. Hence, K3.333 billion and US$70,000 were awarded to the medallists. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## တရုတ်(တိုင်ပေ)က အမေရိကန်မှ FIM-92 Stinger လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များ လက်ခံရရှိခဲ့



တရုတ်(တိုင်ပေ)သည် အမေရိကန်မှ FIM-92 Stinger လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်များ ပထမအသုတ်ကို ဒေါ်လာသန်း ၅၀၀ စစ်ဘက်ဆိုင်ရာအကူအညီပေးရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် လက်ခံရရှိခဲ့ကြောင်း မေ ၃၀ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

အဆိုပါလက်နက်များသည် ဘိုးရင်း ၇၄၇ ကုန်တင်လေယာဉ်ဖြင့် သီတင်းပတ်နှောင်းပိုင်းက Taoyuan အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

FIM-92 Stinger လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်များကို အစောပိုင်းကာလများကတည်းက ပေးပို့မည်ဟု ရည်မှန်းထားသော်လည်း ဆက်လက်ဖြစ်ပွားနေသော ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် ဝယ်ယူရေးလုပ်ငန်းစဉ်ကို နှောင့်နှေးစေခဲ့သည်ဟု Taipei Times ၏ အစီရင်ခံစာအရ သိရသည်။

လေကြောင်းရန်ကာကွယ်ရေး လက်နက်များကို လက်ကိုင်အိတ်ဆောင်ပုံစံဖြင့် ထည့်သွင်းထုပ်ပိုးထားကြောင်း၊ တရုတ်(တိုင်ပေ)စစ်ဘက်သည် နှစ်လက်တပ် (Dual Mount Stinger)၊ Humvee-Mounted Avenger ယာဉ်တင်လက်နက်စနစ်နှင့် Apache တိုက်ခိုက်ရေးရဟတ်ယာဉ်များအတွက် ဝေဟင်ပစ်လွှတ်မှုပုံစံများအပါအဝင် Stinger ဒုံးကျည် အမျိုးအစားများစွာကို ပိုင်ဆိုင်ထားပြီဖြစ်ကြောင်း သိရသည်။

Raytheon Missiles &Defence မှ ဖန်တီးထုတ်လုပ်ထားသည့် Stinger ဒုံးကျည်သည် မြေပြင်တပ်များ လျင်မြန်စွာ တပ်ဖြန့်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့်ပေါ့ပါးပြီး လူတစ်ကိုယ်သယ် လေကြောင်းရန် ကာကွယ်ရေးစနစ်ဖြစ်သည်။

၎င်းကို အော်ပရေတာတစ်ဦးတည်းက ကိုင်တွယ်ပစ်ခတ်နိုင်သော်လည်း ကြည်းတပ် တပ်ရင်း၊ တပ်ဖွဲ့များသည် တာဝန်ထမ်းဆောင်ရာတွင် ပိုမိုမြန်ဆန်ပြီး ပစ်မှတ်ကို တိကျစွာဖော်ထုတ်တိုက်ပွဲဝင်နိုင်ရန်အတွက် အကူစစ်သည်များ ထပ်မံတွဲဖက်ပေးလေ့ရှိသည်။

ယခင် Redeye ဒုံးကျည်များနှင့် နှိုင်းယှဉ်ပါက Stinger ဒုံးကျည်သည် အကွာအဝေး ၈ ကီလိုမီတာထိ လွှမ်းခြုံကာကွယ်နိုင်ပြီး အမြန်နှုန်းနှင့်အကွာအဝေး စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ထားခြင်းဖြစ်သည်။

ဒုံးကျည်တွင် ရန်သူ၊ မိတ်ဆွေခွဲခြားမှုစနစ် အသုံးပြုထားပြီး ပစ်မှတ်များကို ခြေရာခံထိန်းကျောင်း တိုက်ပွဲဝင်နိုင်ရန် အနီအောက်ရောင်ခြည်သုံးအာရုံခံစနစ်ကို အသုံးပြုထားသည်။

တရုတ်(တိုင်ပေ)စစ်ဘက်သည် အနိမ့်ပျံသန်းဝင်ရောက်လာနိုင်သည့် တိုက်ခိုက်ရေးရဟတ်ယာဉ်များကို Stinger ဒုံးကျည်စနစ် အသုံးပြုတုံ့ပြန်ဖျက်ဆီးရန် ရည်ရွယ်ထားသည်ဟု သတင်းရင်းမြစ်များက ရေးသားထားကြကြောင်း သိရသည်။

**Taiwan Takes Delivery of Stinger Air Defense Missiles From US ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်မှ လေတပ်စခန်းအခြေပြု လေဘောလုံးစောင့်ကြည့်ထောက်လှမ်းရေးစနစ်လေးခုဝယ်ယူရန် ပိုလန် နည်းလမ်းရှာဖွေနေ

ပိုလန်နိုင်ငံ၏ လက်နက်အေဂျင်စီသည် အမေရိကန်နိုင်ငံမှ လေတပ်စခန်းအခြေပြုလေဘောလုံးစောင့်ကြည့်ထောက်လှမ်းရေးစနစ်လေးခုကိုဝယ်ယူရန် နည်းလမ်းရှာဖွေလျက်ရှိကြောင်း မေ ၃၀ ရက်က Defense 24 သတင်းဌာနက ရေးသားဖော်ပြထားသည်။

အေဂျင်စီ၏ ပြောရေးဆိုခွင့်ရှိသူက ဝယ်ယူလိုသည့်စနစ် အတိအကျကိုမူ ထုတ်ဖော်ပြောကြားထားခြင်းမျိုး မရှိပေ။ သို့သော် ၎င်းက Lockheed Martin Tethered Aerostat Radar System (TARS) ၏ပုံနှင့်အတူ ၎င်း၏ထုတ်ပြန်ချက်ကို Twitter တွင်ရေးသားထားသည်ကို ထောက်ချင့်၍ အမေရိကန်ထုတ် လေဘောလုံးသုံးစောင့်ကြည့်ထောက်လှမ်းရေးစနစ်များကို ဝယ်ယူသွားနိုင်ဖွယ်ရှိကြောင်း သုံးသပ်နိုင်သည်။

ပိုလန်နိုင်ငံသည် Barbara အစီအစဉ်အရ ၂၀၁၇ ခုနှစ်မှစတင်ကာ လေတပ်အခြေစိုက်ဧရိယာ ကင်းထောက်၊ စောင့်ကြည့်ရေးစနစ်တစ်မျိုးကို ဝယ်ယူရန်နည်းလမ်းရှာဖွေနေပြီဖြစ်ကြောင်း Defense 24 သတင်းဌာနက ဖော်ပြခဲ့ပြီး အဆိုပါစနစ်သည် ဆွီဒင်နိုင်ငံမှဝယ်ယူရန်ဆွေးနွေးနေသည့် ဝေဟင်ကြိုတင်သတိပေးမှုနှင့် ထိန်းချုပ်မှုစနစ်တို့ကို ထပ်ပေါင်းအင်အားဖြည့်တင်းပေးနိုင်ကြောင်း ရေးသားဖော်ပြခဲ့ဖူးသည်။

လေတပ်စခန်းမှ ကြိုးဖြင့်လွှတ်တင်ထားသော လေဘောလုံးထောက်လှမ်းရေးစနစ်သည် ရုရှားနိုင်ငံထုတ် Ch-55 ဝေဟင်ပစ်ခရုဇ်ဒုံးကျည်ကဲ့သို့သော အနိမ့်ပျံပစ်မှတ်များကို ခြေရာခံနိုင်စွမ်းရှိသည်။

ရုရှားဘက်မှ ဖြတ်ကျော်ကျရောက်လာသော ဒုံးကျည်အပိုင်းအစများကို ဧပြီလက ပိုလန်နိုင်ငံ တောအုပ်ထဲတွင် တွေ့ရှိခဲ့ကြောင်း ပိုလန်နိုင်ငံ ကာကွယ်ရေးဌာနမှ ပြောကြားခဲ့သည်။ အဆိုပါ လေဘောလုံးထောက်လှမ်းရေးစနစ်သည် အခြားကင်းထောက်နှင့် စောင့်ကြည့်ရေးစနစ်များထက် လေထဲတွင် ကြာကြာနေနိုင်သည်။

TARS လေဘောလုံးလွှတ်တင်၍ စောင့်ကြည့်ထောက်လှမ်းရေးစနစ်များသည် ထောက်လှမ်းနိုင်မှု အကွာအဝေးမိုင် ၂၀၀ (၃၂၂ ကီလိုမီတာ)ရှိပြီး အနိမ့်အနေး ပျံသန်းသောလေယာဉ်၊ ရေကြောင်းနှင့်မြေပြင်ပစ်မှတ်များကို ထောက်လှမ်းရန် အကောင်းဆုံး လုပ်ဆောင်နိုင်သည်။



**Poland Looking Into US Aerostat-Based Surveillance System ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂျာမနီနိုင်ငံက ယူကရိန်းသို့ Vector UAV ဒရုန်း ၅၄ စင်း ထပ်မံပေးပို့ခဲ့



ဂျာမနီနိုင်ငံသည် ယူကရိန်းသို့ Vector UAV ဒရုန်း ၅၄ စင်းထပ်မံပေးပို့ခဲ့ရာ အဆိုပါ ဒရုန်းအမျိုးအစား စုစုပေါင်းအရေအတွက်မှာ ၇၁ စင်းထိရှိလာပြီဖြစ်ကြောင်း ဂျာမနီနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအရ www.armyrecognition.com တွင် မေ ၃၀ ရက်က ရေးသားဖော်ပြထားသည်။

Unmanned Aerial Vehicles (UAVs) ဟုလည်း ခေါ်ဝေါ်သုံးနှုန်းလေ့ရှိသည့် ကင်းထောက်ဒရုန်းများသည် ရုရှား-ယူကရိန်း ပဋိပက္ခတွင် အဓိကအခန်းကဏ္ဍမှပါဝင်နေပြီး ၎င်းတို့၏ကျယ်ပြန့်သော ထောက်လှမ်းမှုနှင့်ကင်းထောက်နိုင်စွမ်းကြောင့် ခေတ်သစ်လေကြောင်းဖြိမ်းခြောက်မှုများတွင် နံပါတ်တစ်ဦးစားပေးနေရာသို့ ရောက်ရှိနေသည်။ ဤဒရုန်းများသည် ကြီးမားသောဧရိယာများပေါ်တွင် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ထောက်လှမ်းမှုများကို လုပ်ဆောင်နိုင်ပြီး ပိုမိုကောင်းမွန်သော အခြေအနေအရပ်ရပ်ကို သိရှိနိုင်စေရန်နှင့် ထောက်လှမ်းရေးအချက်အလက်များကို စုဆောင်းနိုင်စေရန် အသုံးပြုနိုင်မည်ဖြစ်သည်။

Vector ဒရုန်းများသည် ပြင်းထန်သောရာသီဥတုအခြေအနေ သို့မဟုတ် ညအချိန်တွင်ပင် ပုံရိပ်များနှင့်ဗီဒီယိုများကို ကြည်လင်ပြတ်သားစွာ ရိုက်ကူးနိုင်စွမ်းရှိပြီး ရန်သူလှုပ်ရှားမှုများကိုခြေရာခံကာ ဖြစ်နိုင်ခြေရှိသော ခြိမ်းခြောက်မှုများ သို့မဟုတ် ပစ်မှတ်များကို ဖော်ထုတ်ရန်အတွက် စံပြအသုံးပြုနေရသည့် စွမ်းအားစုများဖြစ်လာခဲ့သည်။

Vector များ၏ အရေးပါမှုသည် စောင့်ကြည့်ထောက်လှမ်းခြင်း တစ်ခုတည်းသာမဟုတ်ပေ။ အခြေအနေများစွာတွင် ၎င်းတို့သည် ပစ်မှတ်ထားသောတိုက်ခိုက်မှုများကို တိကျစွာလုပ်ဆောင်နိုင်ကာ လူသားစစ်သည်များ၏အန္တရာယ်ကို လျှော့ချနိုင်ပြီး ဘေးထွက်ဆိုးကျိုး အနည်းဆုံးဖြစ်စေနိုင်သည်။ ၎င်းတို့သည် မိမိ တပ်ဖွဲ့ဝင်များကို တိုက်ပွဲဝင်စရာမလိုဘဲ အဝေးမှပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းရှိသည်။

ထို့ပြင် တိုက်ခိုက်မှုအပြီးတွင် ပျက်စီးဆုံးရှုံးမှုအကဲဖြတ်ရန် Vector ဒရုန်းများကို အသုံးပြုနိုင်ပြီး စစ်ဆင်ရေးလုပ်ဆောင်နေသော တပ်ဖွဲ့များအတွက် အထောက်အပံ့များစွာရရှိစေနိုင်သည်။ ၎င်းတို့သည် အန္တရာယ်ရှိသော သို့မဟုတ် လက်လှမ်းမမီသောနေရာများတွင် ရောက်ရှိနေသည့် မိမိတပ်ဖွဲ့ဝင်များ၏ တည်နေရာများကို ဖော်ထုတ်ပေးနိုင်ပြီး ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများကိုပါ ပံ့ပိုးပေးနိုင်သည်။

Vector ဒရုန်းသည် ၂၀၂၀ ပြည့်နှစ်တွင် ဂျာမနီအခြေစိုက်ကုမ္ပဏီ Quantum Systems က စတင်ထုတ်လုပ်ခဲ့သော ကင်းထောက်လေယာဉ်အမျိုးအစားဖြစ်သည်။

Vector ဒရုန်း၏ဒီဇိုင်းတွင် ရှေ့တောင်ပံနှစ်ခု တပ်လေယာဉ်ကိုယ်ထည်ဖြင့် တောင်ပံတစ်ခုစီတွင် Electric Hover Propeller ပန်ကာတစ်ခု ပါရှိသည်။ ဒရုန်း၏နောက်ဘက်တွင် အလျားလိုက် Stabilizers တောင်ပံနှစ်ခုနှင့် Propeller ပန်ကာတစ်ခုတို့ ပံ့ပိုးထားသည့်အမြီး (Tailfin) တစ်ခုရှိသည်။

**Germany boosts Ukraine's drone fleet with additional delivery of 54 Vector UAVs ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကသာမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါး ၁၁၀၈၂ ဧကအနက် ၆၉၀၅ ဧက ရိတ်သိမ်းပြီးစီး



**ကသာ ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောနွေစပါး ၁၁၀၈၂ ဧကအနက် ၆၉၀၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများကို ယခုနှစ် ဧပြီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ နွေစပါး ၆၉၀၅ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၇၉ ဒသမ ၇၂ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် ကသာမြို့နယ်မှာ နွေစပါး ၁၁၄၁၁ ဧကစိုက်ပျိုးဖို့လျာထားတာ နွေစပါး ၁၁၀၈၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိစိုက်ပျိုးထားတဲ့ နွေစပါးစိုက်ခင်းတွေ ရိတ်သိမ်းနေကြပါတယ်။ အထွက်နှုန်းလဲ ကောင်းမွန်ပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ကသာမြို့နယ်တွင် နွေစပါး ၁၁၄၁၁ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင်စိုက်ပျိုးခဲ့ရာ ဧပြီလထိ ၁၁၀၈၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် နွေသီးနှံစိုက်ပျိုးရာသီက ကသာမြို့နယ်တွင် နွေစပါး ၁၁၀၉၁ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာနစာရင်းများအရ သိရသည်။

ကသာမြို့နယ်အတွင်း ယခုနှစ် နွေစပါးစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နွေစပါးအထွက်နှုန်းတိုးတက်ရေးအတွက် နည်းပညာများပေးခြင်း၊ မြေဩဇာကျွေးခြင်း၊ သဘာဝမြေဩဇာ အသုံးပြုခြင်း၊ ပေါင်းရှင်းခြင်း၊ ပိုးသတ်ဆေးသုံးခြင်း စသည့်အသိပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကသာမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက ဆင်းကေရီ-၁၊ မျှော်ဘီ- ၂၊ ရောမင်း၊ ရွှေဘို-၁၊ ပုလဲသွယ်၊ ဗီယက်နမ်၊ ကောက်ညှင်းတို့ကို စိုက်ပျိုးခဲ့ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

(၂၀၆)

# တနိုင်းမြို့နယ် မိုင်းခွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တနိုင်း ဇွန် ၁**

ကချင်ပြည်နယ် တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ မိုင်းခွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ အဌမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တနိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွန့်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး တနိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွန့်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၆၅၀ ကို လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မိုင်းခွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ အဌမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၂ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၆၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# သိန်းနီမြို့နယ်တွင် ကိတ်မုန့်မျိုးစုံပြုလုပ်နည်းသင်တန်းဆင်းပွဲ ကျင်းပ

**သိန်းနီ ဇွန် ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ကိတ်မုန့်မျိုးစုံ ပြုလုပ်နည်းသင်တန်းဆင်းပွဲကို မေ ၃၁ ရက် နံနက်ပိုင်းက အဆိုပါဌာနအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ လားရှိုးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေပြီး အသက်မွေးဝမ်းကျောင်း လုပ်ငန်းများတွင် အထောက်အကူပြုစေရန်ရည်ရွယ်၍ ကိတ်မုန့်မျိုးစုံပြုလုပ်နည်းသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သိန်းနီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇာအောင်က သင်တန်းဖွင့်လှစ်ပို့ချနိုင်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထို့နောက် လားရှိုးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများလက်တွေ့ပြုလုပ်ပြသထားသော ကိတ်မုန့်မျိုးစုံကို ကြည့်ရှုကြသည်။

အဆိုပါ ကိတ်မုန့်မျိုးစုံပြုလုပ်နည်းသင်တန်းသို့ သိန်းနီမြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကိတ်မုန့်မျိုးစုံ ပြုလုပ်နည်းကို ကျွမ်းကျင်နည်းပြများက မေ ၁၆ ရက်မှ ၃၀ ရက်ထိ ၁၅ ရက်ကြာ စာတွေ့ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁-၆-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနော်သုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနော်သုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၁၈၉၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၁၉၇၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၈၇၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၇၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၈၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် နည်းပြများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

မြန်မာနိုင်ငံသားအားလုံးကလိုလားတောင့်တနေသည့် ဘောလုံးပြိုင်ပွဲ ရွှေတံဆိပ်ဆုရရှိရေးကိုလည်း အမျိုးသားရေးအဖြစ် ဦးတည်ကြိုးပမ်းကြရန် တိုက်တွန်းလိုပါကြောင်း၊ အလားတူ အရှိန်အဝါကြီးခဲ့သော အစဉ်အလာရှိခဲ့သည့် ဘော်လီဘော၊ ပြေးခုန်ပစ်၊ အလေးမနှင့် လက်ဝှေ့ပြိုင်ပွဲများတွင်လည်း ရွှေတံဆိပ်များလွှမ်းနိုင်အောင် ကြိုးပမ်းကြရန် အားကစားသမားများနှင့် အဖွဲ့ချုပ်များကိုပါ တိုက်တွန်းလိုပါကြောင်း။

**နိုင်ငံတကာပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်များရယူပေးနိုင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့်မြှင့်တင်ပေးရာရောက်သည့်အပြင် နိုင်ငံတကာအလယ်တွင် အမိမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပြီး နိုင်ငံတော်သီချင်းသံ လွှင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့သူများဖြစ်သည့်အတွက်** အုပ်ချုပ်သူနည်းပြများအပါအဝင် နိုင်ငံ့ဂုဏ်ဆောင်အားကစားမောင်မယ်များအား **ယခုကဲ့သို့ထိုက်ထိုက်တန်တန်ဂုဏ်ပြုရခြင်းပင်ဖြစ်**ပါကြောင်း။

ထို့ကြောင့် လာမည့် ၂၀၂၅ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အဆင့်မီမီယှဉ်ပြိုင်နိုင်မည့်အားကစားနည်းအရေအတွက်သာမက အားကစားသမားအရေအတွက်ပါ တိုးမြှင့်ယှဉ်ပြိုင်နိုင်ရေးနှင့် ယခုထက်ပိုမိုအောင်မြင်မှုရရှိစေရေး ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်သွားကြရန် ဝန်ကြီးဌာနနှင့် အားကစားအဖွဲ့ချုပ်များကို ကြိုတင်အသိပေးမှာကြားလိုပါကြောင်း။

**အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသည် အရှေ့တောင်အာရှဒေသအတွင်း ဂုဏ်သိက္ခာအမြင့်ဆုံး အားကစားပြိုင်ပွဲ၊ အာဆီယံနိုင်ငံများ၏ အားကစားအဆင့်အတန်းကိုမှတ်ကျောက်တင်ရာ အားကစားပြိုင်ပွဲ၊ နိုင်ငံတစ်နိုင်ငံ၏ အားကစားအဆင့်အတန်းကိုတိုင်းတာသည့် အားကစားပြိုင်ပွဲကြီးတစ်ခုလည်းဖြစ်**ပါကြောင်း၊ ထို့ကြောင့်လည်း အားကစားမောင်မယ်များအနေဖြင့် နောင်လာမည့်အရှေ့တောင်အာရှအားကစားပြိုင်ပွဲအပါအဝင် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင်လည်း ဆက်လက်အောင်မြင်မှုရရှိစေရေး မလျှော့သောဇွဲ၊ လုံ့လ၊ အားမာန်စိတ်ဓာတ်တို့ဖြင့် ယခုထက်ပိုမိုအားထုတ်ကြိုးပမ်းသွားကြရန်ထပ်မံပြီး အလေးအနက် တိုက်တွန်းမှာကြားလိုပါကြောင်း။

နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ယခုထက်ပိုမိုရရှိပြီး နိုင်ငံ့ဂုဏ်ကို အားကစားဖြင့်မြှင့်တင်နိုင်ရေး၊ လူငယ်လူရွယ်တိုင်း အားကစားကို စိတ်ပါဝင်စားပြီး လေ့လာလိုက်စားရာမှတစ်ဆင့် ပြိုင်ပွဲဝင်နိုင်သည်အထိ လေ့ကျင့်ယှဉ်ပြိုင်နိုင်ရေးနှင့် **အရှေ့တောင်အာရှအဆင့်မှသည် အာရှအဆင့်၊ ကမ္ဘာ့အဆင့်ထိ ထိုးဖောက်နိုင်စေရေး ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်း အားထုတ်သွားကြရန် တိုက်တွန်းမှာကြားလို**ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်ဆုရအားကစားသမားများ၊ နည်းပြများနှင့် အုပ်ချုပ်သူများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် ဗိုဗီနမ်အားကစားနည်းမှ မောင်အိုက်စိုးလင်း၊ မခိုင်ဝါဖူးနှင့် မမေဟန်နီအောင်လွင်၊ မောင်မနားကွီးနှင့် မောင်တင်ထူးဇော်၊ မောင်အောင်ခိုင်လင်း၊ မောင်ဟိန်းထက်အောင်၊ မောင်ကျော်သူစိုးအောင်၊ မောင်ရာဇာထွန်း၊ ဗိုဗီနမ် (ခွန်ဘိုကာတာ) ကစားနည်းမှ မောင်ပိုင်ဇေယျာဖြိုး၊ မောင်အံ့တွယ်ငြိမ်း၊ မနီလာစိုးဦး၊ ဗိုဗီနမ်(အားနစ်)ကစားနည်းမှ မောင်စည်သူမောင်၊ မောင်ဇော်သက်၊ မောင်ရဲဇော်မိုး၊ မောင်မျိုးထွန်းအံ့၊ ခြင်းလုံးအားကစားနည်းမှ Same Stroke Event-2 အမျိုးသမီးအသင်း၊ Linking (Preliminary) Event-3 အမျိုးသား၊ အမျိုးသမီးအသင်း၊ Non Repetition Secondary Event-4 အမျိုးသားအသင်း၊ Non Repetition Secondary Event-4 အမျိုးသမီးအသင်း၊ ပိုက်ကျော်ခြင်းအားကစားနည်း၊ ကွင်းသွင်းခြင်းကစားနည်းမှအမျိုးသားအသင်း၊ကွင်းသွင်းခြင်းကစားနည်းမှ အမျိုးသမီးအသင်း၊ ဘီလီယက်၊ စနူကာ အားကစားနည်းမှ ဦးပေါက်စ၊ မောင်မောင်(ခ)ဘုန်းမြင့်ကျော် (ကိုယ်စား) အားကစားသမား တစ်ဦး၊ မောင်သော်ဇင်ထက်၊ ဝူရှူးအားကစားနည်းမှ မစန္ဒီဦး၊ ရိုးရာလှေ အသက် ၂၄ နှစ်အောက် အမျိုးသား ငါးယောက်လှော် မီတာ ၂၅၀ အားကစားအသင်း၊ တိုက်ကွမ်ဒိုအားကစားနည်းမှ မောင်ကျော်မင်းနိုင်၊ အလေးမအားကစားနည်းမှ မဇင်မေဦး၊ ပီတန်းအားကစားနည်းမှ မခင်ချယ်ရီသက်တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။



**နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်ရ အားကစားသမားများကိုယ်စား ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် နှစ်ခု ရရှိသော ဝူရှူးအားကစားသမား မစန္ဒီဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အထူးဆုအဖြစ် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့သည့် အမျိုးသမီးဘောလုံးအသင်းအား အမေရိကန်ဒေါ်လာ ၅၀၀၀၀ ကိုလည်းကောင်း၊ အကြိုဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့သည့် အမျိုးသားဘောလုံးအသင်းကို အမေရိကန်ဒေါ်လာ ၂၀၀၀၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ငွေတံဆိပ်ဆုရရှိခဲ့ကြသည့် ဗိုဗီနမ်အားကစားနည်းမှ မောင်တင်ထူးဇော်၊ မအိမ်ခြွေဖူး၊ မနှင်းသက်ဝေ၊ ဗိုဗီနမ် (ခွန်ဘိုကာတာ) အားကစားနည်းမှ မနီလာစိုးဦး၊ မသီဂီဝင်းကျော်၊ ဗိုဗီနမ်(အားနစ်)အားကစားနည်းမှ မမိုးမိုးအေး၊ ပိုက်ကျော်ခြင်းအားကစားနည်း နှစ်ယောက်တွဲပြိုင်ပွဲ အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်နှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်းဇံ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက ခြင်းလုံးအားကစားနည်း၊ ရိုးရာလှေ၊ ဝူရှူးအားကစားနည်း၊ ခွန်ခမာအားကစားနည်း၊ ဂျူဒိုအားကစားနည်း၊ ဘောလုံးအားကစားနည်း၊ ကြက်တောင်၊ ဗိုဗီနမ်အားကစားနည်း၊ ဘီလီယက်၊ စနူကာ၊ တိုက်ကွမ်ဒိုအားကစားနည်း၊ အလေးမအားကစားနည်း၊ လက်ဝှေ့အားကစားနည်း၊ စစ်တုရင်အားကစားနည်း၊ ပြေးခုန်ပစ်အားကစားနည်း၊ ခရစ်ကတ်အားကစားနည်း၊ E Sports အားကစားနည်းတို့တွင် ငွေတံဆိပ်နှင့် ကြေးတံဆိပ်ဆုရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်ဆုရအားကစားသမားများ၊ နည်းပြများနှင့် အုပ်ချုပ်သူများကို ဂုဏ်ပြုဆုငွေများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်ရအားကစားသမားများကိုယ်စား ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ် နှစ်ခုရရှိသော ဝူရှူးအားကစားသမား မစန္ဒီဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် နည်းပြများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုအားကစားသမားများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားနည်း ၁၉ နည်းမှ ဗိုဗီနမ်၊ ဗိုဗီနမ် (ခွန်ဘိုကာတာ)၊ ဗိုဗီနမ် (အားနစ်)၊ ပိုက်ကျော်ခြင်း၊ ဘီလီယက်နှင့်စနူကာ၊ ပီတန်း၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ ရိုးရာလှေ၊ အလေးမအားကစားနည်း ရှစ်နည်း၌ ရွှေတံဆိပ် ၂၁ ခုရရှိခဲ့ကြောင်း၊ ကျန်အားကစား ၁၁ နည်းအနက် ဘော်လီဘောနှင့် တင်းနစ်အားကစားနည်းများမှလွဲပြီး ကျန်အားကစားနည်း ကိုးနည်းမှာ ငွေတံဆိပ် ၂၅ ခုနှင့် ကြေးတံဆိပ် ၆၈ ခုရရှိခဲ့ကြောင်း၊ ငွေတံဆိပ်ရရှိခဲ့ကြသည့် အားကစားနည်းများသည်လည်း ပြိုင်ပွဲများ၌ ဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ရွှေတံဆိပ်မရရှိခဲ့ကြသော်လည်း နိုင်ငံအတွက်နောက်ဆုံးဗိုလ်လုပွဲအဆင့်အထိ အကောင်းဆုံးကြိုးစားယှဉ်ပြိုင်သွားခဲ့ကြကြောင်း၊ မြန်မာအမျိုးသမီးဘောလုံးအသင်းအနေဖြင့် ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့ပြီး အမျိုးသားဘောလုံးအသင်းအနေဖြင့်လည်း အကြိုဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ပြင်းပြင်းထန်ထန်ကြိုးစားလေ့ကျင့်နေမှုများကို အသိအမှတ်ပြုသည့်အနေဖြင့် တာဝန်ရှိသူများက မကြာခဏကြည့်ရှုအားပေးခဲ့သကဲ့သို့ ယခုအခါတွင်လည်း ဆုတံဆိပ်ရရှိခဲ့ကြသူများကို ထိုက်တန်စွာဖြင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ရာ **တစ်ဦးချင်းပြိုင်ပွဲများ၌ ရွှေတံဆိပ်ရရှိခဲ့သူများကို ကျပ်သိန်း ၃၀၀၊ ငွေတံဆိပ်ရရှိခဲ့သူများကို ကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ်ရရှိခဲ့သူများကိုကျပ်သိန်း ၁၀၀၊ အသင်းလိုက်ပြိုင်ပွဲများ၌ ရွှေတံဆိပ်ရရှိခဲ့ကြသည့်အသင်းသားတစ်ဦးလျှင်ကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့ကြသည့် အသင်းသားတစ်ဦးလျှင် ကျပ်သိန်း ၇၀၊ ကြေးတံဆိပ်ရရှိခဲ့ကြသည့်အသင်းသားတစ်ဦးလျှင် ကျပ် ၃၅ သိန်းနှင့်အားကစားနည်းအလိုက် တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် နည်းပြများနှင့်အုပ်ချုပ်သူများအား မိမိတို့အားကစားနည်းမှ ရွှေတံဆိပ်ရရှိခဲ့ပါက တစ်ဦးလျှင် ကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့ပါက ကျပ်သိန်း ၅၀၊ ကြေးတံဆိပ်ရရှိခဲ့ပါက ကျပ်သိန်း ၃၀ စီပေးအပ်ချီးမြှင့်ခဲ့ရာ စုစုပေါင်းချီးမြှင့်ငွေအနေဖြင့် ငွေကျပ်စုစုပေါင်း ၃၃၃၃ သန်းနှင့် အမေရိကန်ဒေါ်လာခုနစ်သောင်းဖြစ်**ကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း စစ်တွေမြို့အတွင်းရှိ အခြေခံပညာကျောင်းများစတင်ဖွင့်လှစ်မှုနှင့် ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ယူနေမှုတို့ကို လိုက်လံကြည့်ရှုအားပေး



**စစ်တွေ ဇွန် ၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့အတွင်းရှိ အခြေခံပညာကျောင်းများစတင်ဖွင့်လှစ်မှုနှင့် ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ယူနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးသည်။

ဦးစွာ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့သည် စစ်တွေမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းတို့သို့ သွားရောက်ပြီး ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှု၊ နိုင်ငံတော်က အခမဲ့ထောက်ပံ့ပေးသည့် ကျောင်းဝတ်စုံ၊ ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်နှင့် ခဲတံ၊ ဘောပင်များရရှိမှု၊ စာသင်ဆောင်၊ စာသင်ခန်း၊ စားပွဲ၊ ကုလားထိုင်နှင့် သင်ထောက်ကူပစ္စည်းများပြည့်စုံလုံလောက်မှုရှိမရှိအခြေအနေ၊ ဆရာနှင့်ကျောင်းသားအချိုးမျှတမှု ရှိမရှိအခြေအနေနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ကျောင်းကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေတို့ကို လိုက်လံကြည့်ရှုမေးမြန်းပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်တော်သာရပ်ကွက်ရှိ အမှတ်(၁၅) အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ကျောင်းတက်လမ်းရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းတို့သို့ သွားရောက်ပြီး စာသင်ခန်းများအတွင်း ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှု၊ စာသင်ဆောင်၊ စာသင်ခန်းများ၏ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် သန့်ရှင်းသပ်ရပ်မှုအခြေအနေများကိုကြည့်ရှုကာ KG တန်း၌ တက်ရောက်နေသည့် ကျောင်းသားကလေးငယ်များကို ကျောပိုးအိတ်များနှင့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့သည် စစ်တွေမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် စစ်တွေတပ်နယ်ရှိ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းတို့သို့သွားရောက်ပြီး ကျောင်းအပ်လက်ခံနေမှု၊ ကျောင်းသားကျောင်းသူများ ကျောင်းတက်ရောက်မှု၊ပညာသင်ကြားသင်ယူမှုနှင့်သင်ကြားရေးအတွက် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများရရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အတန်းငယ်ကလေးများအတွက် ကျောပိုးအိတ်များကို ထောက်ပံ့ပေးအပ်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါကျောင်းများသို့ ရောက်ရှိစဉ် ဗိုလ်ချုပ်ကြီးတင်အောင်စန်းက နိုင်ငံတော်အစိုးရအနေဖြင့် မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများကို ပုံမှန်ကျောင်းဖွင့်ချိန်အမီဖွင့်လှစ်နိုင်ရန် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးခဲ့ကြောင်း၊ ကျောင်းနေအရွယ်ကလေးအားလုံး စာသင်ကျောင်းများ၌ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားစေလိုကြောင်း၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊စာသင်ဆောင်၊စာသင်ခန်းနှင့် ကျောင်းအတွင်းအပြင် သန့်ရှင်းသာယာရေးအတွက်လည်း အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်းနှင့်လိုအပ်သည်များကိုလည်း ဆက်လက်ဖြည့်ဆည်းထောက်ပံ့ ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်း၌ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့သည် လောကာနန္ဒာစေတီတော်မြတ်ကြီးသို့ရောက်ရှိပြီး စစ်တွေမြို့နယ်သံဃနာယကအဖွဲ့က ဦးဆောင်ကျင်းပသည့် အကြိမ်(၃၀)မြောက် နိကာယ်စာမေးပွဲကြီးကြပ်ဆရာတော်ကြီးများကို ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့သည် စစ်တွေမြို့ ပြည်နယ်ဩဝါဒါစရိယ နန္ဒာရာမကျောင်းတိုက်ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒသီရိ အမှူးပြုသော စာမေးပွဲကြီးကြပ်ဆရာတော်ကြီးများကိုဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ စာဖြေသံဃာတော် ၄၅၃ ပါးကို အချိုရည်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်တို့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ကျင်းပသည့် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြပြီး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများ အချိန်အဟုန်ဖြင့် ဆောင်ရွက်သွားနိုင်ရေးနှင့် လုပ်ငန်းများလျင်လျင်မြန်မြန်ပြီးစီးရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် MNDAA၊ TNLA၊ AA ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၁**

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် MNDAA၊TNLA၊AA ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားမြို့ အရှေ့တိုင်းဧည့်ရိပ်မွန်ဟိုတယ်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်၊လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (အငြိမ်းစား)၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းမြတ်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမှန်တရားနှင့်တရားမျှတသောအမျိုးသားပါတီ(MNTJP/MNDAA)၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး(PSLF/TNLA)နှင့် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်(ULA/AA)တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ် ခိုင်မာစေရေးကိစ္စ၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏လိုလားချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး ကိစ္စ၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပူးပေါင်းအကောင်အထည်ဖော်နိုင်ရေးကိစ္စနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ယုံကြည်မှုတည်ဆောက်ရေးဆိုင်ရာကိစ္စများကိုရှင်းလင်းဆွေးနွေးပြီး ဖမ်းဆီးထားသူများ ပြန်လည်လွတ်မြောက်ရေးကိစ္စ၊ မတရားအသင်းမှ ပယ်ဖျက်ရေးကိစ္စနှင့် မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အမြန်ဆုံး အဆင်ပြေချောမွေ့စွာရောက်ရှိနိုင်ရေးကိစ္စများကိုလည်း နှစ်ဖက်ရင်းနှီးပွင့်လင်းစွာအပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဆွေးနွေးပွဲပထမနေ့ကို ရပ်နားခဲ့ကြသည်။



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် MNDAA၊ TNLA၊ AA ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်ဇွန် ၂ ရက်တွင်ဆက်လက်တွေ့ဆုံ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ဇွန် ၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၉၁ ဦး တွေ့ရှိ

**နေပြည်တော် ဇွန် ၁**

မေ ၃၁ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၉၀၂၀ ကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၉၁ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၈၉၈၀ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၇၉၈၁ ဦး |

# စစ်တွေမြို့ရှိ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာသို့သွားရောက်၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၊ သဲချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်



**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။**

**နေပြည်တော် ဇွန် ၁**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာသို့ သွားရောက်၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားပြီး ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး စစ်မှုထမ်းဟောင်းအိမ်ရာဝင်းအတွင်း မုန်တိုင်းကြောင့်ပျက်စီးခဲ့သည့် အိမ်ခန်းများ ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းမိသားစုဝင်များကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအား ကြည့်ရှု၍ မိသားစုဝင်များ၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး ရေသယ်ယာဉ်များဖြင့် သောက်သုံးရေ ဖြန့်ဝေပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များသည် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်အထူးဆေးကုသရေးအဖွဲ့က စစ်တွေမြို့နယ် သဲချောင်းကျေးရွာရှိ ဆိုင်ကလုန်းရှပ်တာ၌ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လူနာတစ်ဦးချင်းစီ၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားကာ မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများ အသင်းချုပ်(MLCA)နှင့် အလှူရှင်များမှလှူဒါန်းသည့် ထမင်းဟင်းလျာဘူးများကို ထောက်ပံ့ပေးအပ်လှူဒါန်းကြသည်။ ထို့ပြင် စစ်တွေမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများကိုလည်း အဆိုပါ ထမင်းဟင်းလျာဘူးများကို တာဝန်ရှိသူများက အသီးသီး သွားရောက် ထောက်ပံ့ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် အဆိုပါ ထမင်းဟင်းလျာများကို ချက်ပြုတ်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည့် နေရာများသို့ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များသည် စစ်တွေတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်များကို ရင်းရင်းနှီးနှီး အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေးသည် တာဝန်ရှိသူများနှင့်အတူ ကျောက်ဖြူမြို့ရှိ အခြေခံပညာကျောင်းများနှင့် ကောလိပ်ကျောင်းများ၌ ကျောင်းများ စတင်ဖွင့်လှစ်သင်ကြားနေမှုနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုတို့ကို ကြည့်ရှု၍ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားသည်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ဘူးသီးတောင်မြို့ ဒမြူချောင်းကျေးရွာအုပ်စု၌ ကျန်းမာရေး စောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး ကျေးရွာအုပ်စု ငါးစုမှ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား ထောက်ပံ့ဖြန့်ဝေနေမှု အခြေအနေများ ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျောင်းများ စတင်ဖွင့်လှစ် သင်ကြားနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး မီးရထားဆိပ်ရပ်ကွက်ရှိ စားသုံးသူရေးရာဦးစီးဌာန၏ဂိုဒေါင်၌ ထောက်ပံ့ပစ္စည်းထုတ်ပေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။



**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေး ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။**

ထို့အတူ ကျောက်တော်မြို့သို့ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ်အောင်သူဦးသည် တာဝန်ရှိသူများနှင့်အတူ စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး အိပ်ဆောင်နှင့် စာသင်ဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အလားတူ မာန်အောင်မြို့သို့ရောက်ရှိနေသည့် ဗိုလ်မှူးချုပ်ကျော်ကျော်ဦးသည် တာဝန်ရှိသူများနှင့်အတူ မာန်အောင်မြို့ရှိ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြားနေမှုနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ် ဇွန်လ ၁ ရက် ကြာသပတေးနေ့**

၁။ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၂)ရပ်ကွက်နေ သချပ်ဆောင်၊အဆိုတော် ဒေါ်လီလီနိုင်ကျော်သည် ၂၀၂၃ ခုနှစ် မေ ၃၀ ရက် ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ပြန်လာစဉ် PDF အကြမ်းဖက်သမားတစ်ဦးက ၎င်း၏ နေအိမ်ရှေ့၌စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံခဲ့ရကြောင်း သိရသည်။

၂။ စစ်ရေးပစ်မှတ်မဟုတ်သော အပြစ်မဲ့ပြည်သူများကို ရက်စက်စွာသတ်ဖြတ်နေသည့် အကြမ်းဖက်လုပ်ရပ်ကို လုပ်ကိုင်နေသည့် မည်သည့်အကြမ်းဖက်အဖွဲ့အစည်းကိုမဆို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က လုံးဝ(လုံးဝ) လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့**

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သဘောထားထုတ်ပြန်ချက်

ရန်ကုန်တိုင်း သယ်န်းကျွန်းခရိုင် ရန်ကင်းမြို့နယ် အမှတ်(၂) ရပ်ကွက်တွင်နေထိုင်သော တေးသံရှင် လီလီနိုင်စိုး(ခ)လီလီနိုင်ကျော်ကို မေ ၃၀ ရက် ည ၇ နာရီတွင် PDF အမည်ခံ အကြမ်းဖက်သမားတစ်ဦးက သေနတ်ဖြင့်ပစ်ခတ်ခဲ့ကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် စိတ်ထိခိုက်ကြေကွဲခဲ့ရပါသည်။

ဤကဲ့သို့ အကြမ်းဖက်လုပ်ရပ်ဖြစ်ပေါ်နေခြင်းကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ရှုတ်ချ၍ လက်မခံနိုင်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

# အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များက ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ လှူဒါန်း



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ လှူဒါန်းရန် စုပုံပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၁**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များက ဆန်၊ဆီနှင့် စားသောက်ကုန်ပစ္စည်းများ လှူဒါန်းရန်အတွက် တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌ စုပုံပြင်ဆင်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုသည်။ အဆိုပါ လှူဒါန်းပစ္စည်းများကို တိုင်းစစ်ဌာနချုပ်မှ မော်တော်ယာဉ်များဖြင့် သယ်ဆောင်၍ ပုသိမ်မြို့မှ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်သို့ပို့ဆောင်ပြီး ၎င်းမှတစ်ဆင့် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆက်လက်ပေးပို့လှူဒါန်းမည်ဖြစ်ကြောင်းနှင့် ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များက လှူဒါန်းသည့် အပင်မျိုးစုံ ၄၉၁၇၆ ပင်နှင့် ဆောက်လုပ်ရေးပစ္စည်းများကို ဟိုင်းကြီးကျွန်းမြို့ ကမ်းထိုးရပ်မှ စစ်ရေယာဉ်ဖြင့် သယ်ဆောင်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ လေဘေးသင့်ဒေသများကို ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# မြန်မာနိုင်ငံရှိ မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အာဆီယံနိုင်ငံများမှပေးပို့သည့် အကူအညီပစ္စည်းများ စတုတ္ထအသုတ်အဖြစ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိ

**နေပြည်တော် ဇွန် ၁**

မိုခါမုန်တိုင်းဒဏ်သင့် မြန်မာပြည်သူများထံသို့ အာဆီယံနိုင်ငံများမှပေးပို့သည့် အကူအညီပစ္စည်းများ သယ်ဆောင်လာသည့် မလေးရှားလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ယနေ့နံနက် ၁၁ နာရီ ၁၀ မိနစ်ခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ယနေ့ ရောက်ရှိလာသည့်လေယာဉ်သည် အာဆီယံနိုင်ငံများမှပေးပို့သည့် စတုတ္ထအသုတ်ဖြစ်ပြီး အကူအညီပစ္စည်းများကို သဘာဝဘေးဆိုင်ရာ လူသားချင်းစာနာမှုအကူအညီများအတွက် အာဆီယံညှိနှိုင်းရေးဌာန(AHA Centre) တာဝန်ရှိသူတစ်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြပြီး မုန်တိုင်းဒဏ်သင့်ဒေသများရှိ ပြည်သူများထံသို့ ဆက်လက်ပို့ဆောင်နိုင်ရေး လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။

စတုတ္ထအသုတ်အဖြစ် ယနေ့ရောက်ရှိလာသည့် ထောက်ပံ့ကူညီရေးပစ္စည်းများမှာ Shetter Tool Kit အခု ၄၅၀၊ Family Tent ဖာ ၂၀၊ Water Filtera- tion System တစ်ဖာ၊Water Filteration System (Pump) နှစ်ဖာ၊ တာပေါ်လင်စ ၂၆၂ ခုပါဝင်ပြီး စုစုပေါင်း ၁၁ ထုပ် ကုန်တန်ချိန် ၁၉ တန်ကျော်ရှိကာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇၂၀၀၀ ကျော်ဖြစ်ကြောင်း သိရသည်။

အာဆီယံနိုင်ငံများမှ မုန်တိုင်းဒဏ်သင့်ပြည်သူများထံ ပေးအပ်လှူဒါန်းထောက်ပံ့ခြင်းဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ကယ်ဆယ်ရေးနှင့် အကူအညီများပံ့ပိုးရာတွင် ဘေးသင့်ပြည်သူ တစ်ဦးတစ်ယောက်မျှမကျန်ရှိစေရေးမူကို လက်ကိုင်ထား၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၏ ကြီးကြပ်မှုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ဝန်ကြီးဌာနအသီးသီးနှင့် အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်လက်ရှိပြီး AHA Centre သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။





မြန်မာနိုင်ငံရှိ မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများထံသို့ အာဆီယံနိုင်ငံများမှ ပေးပို့သည့် အကူအညီပစ္စည်းများ စတုတ္ထအသုတ် အဖြစ် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိစဉ်။

# ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်





ရခိုင်ပြည်နယ် အတွင်းရှိ သဘာဝဘေး ဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ရေး ပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက် ပို့ဆောင်ပေးစဉ်။

**နေပြည်တော် ဇွန် ၁**

တပ်မတော်အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ ကူညီကယ်ဆယ်ရေး အဖွဲ့များကိုစုဖွဲ့စေလွှတ်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကိုလည်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင် ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် သဘာဝဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများလိုက်ပါပြီး တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် ဆက်သွယ်ရေးပစ္စည်းများ၊ အဝတ်အထည်များ၊ စားသောက်ဖွယ်ရာများနှင့် ကယ်ဆယ်ရေးပစ္စည်းများကို တင်ဆောင်၍ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်ဖြင့် တစ်ကြိမ် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းနှင့် မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊

ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)က လေဘေးသင့်ပြည်သူများကို အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ထံ မွန်ပြည်နယ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)မှ တာဝန်ရှိသူ တစ်ဦးက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်းရာ ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

**နေပြည်တော် ဇွန် ၁**

မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)က ပြုလုပ်သော မိုခါ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းခြင်းကို လွှဲပြောင်းပေးအပ်ယနေ့နံနက်ပိုင်းတွင် မော်လမြိုင် မြစေတီပရိယတ္တိစာသင်တိုက် (ရဲကျောင်း)၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဖိုးမင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်နှင့် မြို့နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ မြစေတီပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာမင်္ဂလဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဥက္ကဋ္ဌတို့က လေဘေးသင့် ထောက်ပံ့ပစ္စည်းများကို လှူဒါန်းရခြင်းနှင့် ပတ်သက်၍ အသီးသီးရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်းပဓာန ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာမင်္ဂလဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံ လေဘေးသင့် အလှူနှင့်ပတ်သက်၍ ဩဝါဒစကားနှင့် ဝမ်းမြောက်အနုမောဒနာစကား နာယူကြည်ညိုပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သတင်းရရှိသည်။

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိအခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ပုဏ္ဏားကျွန်းမြို့ မြို့မဘုန်းကြီးကျောင်း၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ စစ်တွေမြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် လေဆိပ်၌ ထောက်ပံ့ပစ္စည်းများကို သယ်ယူပို့ဆောင်ပေးပြီး လမ်းဘေးဝဲယာမှ လဲကျနေသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မောင်တောမြို့နယ်သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဒုံးပိုက်ကျေးရွာ၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မောင်တောမြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မောင်တောမြို့ ဟိန္ဒူကယ်ဆယ်ရေးကျေးရွာ၌ လေဘေးသင့်ပြည်သူများကို သောက်သုံးရေများ ဖြန့်ဝေပေးခြင်းနှင့် အောင်ဇလကျေးရွာအုပ်စု၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ကျောက်ဖြူမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျောက်ဖြူမြို့ ငုံးချွန်ကျေးရွာအုပ်စု၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် လမ်းဘေးဝဲယာမှ လဲကျနေသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ဒပြုချောင်းကျေးရွာအုပ်စု၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ရသေ့တောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် တောင်ရင်းတန်းရပ်ကွက်နှင့် အရှေ့တောင်ရပ်ကွက်တို့ရှိ ဒေသခံပြည်သူများကို ဆန်နှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်လျက်ရှိသည်။

အလားတူ မြောက်ဦးမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ရွှေတောင်ဘုန်းတော်ကြီးကျောင်းရှိ ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လဲကျနေသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် နဒင်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ စစ်တွေမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ရွှေတောင်ဘုန်းတော်ကြီးကျောင်းရှိ ရွာသစ်ကေကျေးရွာအတွင်းရှိ လဲကျနေသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။




တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့က ဒေသခံပြည်သူများကို သောက်သုံးရေ ဖြန့်ဝေပေးစဉ်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်း၌အခြေပြု၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းကာ ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ




**နေပြည်တော် ဇွန် ၁**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူ စားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်ပစ္စည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူခဲ့ကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

☆ **ကျောဖုံးမှအဆက်**

အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများတွင်လည်း ကျောင်းသား၊ ကျောင်းသူများက ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များအညီနှင့် အေးချမ်းစွာ တက်ရောက်ပညာသင်ကြားလျက်ရှိရာ ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၆၂၂၉၃၃၇ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်းနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား၊ ကျောင်းသူများကို သင်ရိုးညွှန်းတမ်းစာအုပ်များ အခမဲ့ထုတ်ပေးပြီး ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များကို အခမဲ့ပေးအပ်လျက်ရှိကြောင်း သိရှိရသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စနစ်တကျဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက စာသင်ခန်းများတွင် ကိုဗစ်-၁၉စည်းကမ်းများနှင့်အညီ စာသင်ခုံများနေရာချထားခြင်း၊ စာသင်ချိန်များကို စနစ်တကျစီမံထားခြင်း၊ ကျောင်းကြိုပို့ယာဉ်များစီစဉ်ထားခြင်း၊ ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးစသည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးထားကြသည်။

ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ရွာအခြေပြုပြည်သူလူထုလုံခြုံရေးအဖွဲ့များ ပူးပေါင်း၍ အေးချမ်းစွာပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးအားပေးစကားများ ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤



နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စတင်ဖွင့်လှစ်နေမှုကို တွေ့ရစဉ်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK $ နှင့် UAB pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကို ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်မြူမြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၁-၆-၂၀၂၃

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ဧည့်မထ | ဧဝိန် | ပဲဆီ | ရှောက်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၅၂၀၀ | ၃၅၀၀ | ၂၂၀၀ | ၁၂၄၀၀ | ၁၃၉၀၀ | ၂၈၀၀ | ၅၀၀၀-၅၆၀၀ | ၁၄၀၀ | ၈၉၀၀ | ၁၆၀၀၀-၁၇၅၀၀ | ၉၃၀၀ | ၁၈၀၀၀-၁၉၀၀၀ | ၂၅၀ | ၃၀၀ |
| ၂ | ရန်ကုန် | ၅၆၀၀ | ၃၅၀၀ | ၃၂၀၀ | ၉၀၀၀-၁၃၀၀၀ | ၁၂၀၀၀-၁၅၀၀၀ | ၂၀၀၀-၃၀၀၀ | ၇၅၀၀-၉၀၀၀ | ၁၅၀၀-၂၈၀၀ | ၁၄၀၀၀ | ၁၂၀၀၀-၁၆၀၀၀ | ၈၀၀၀-၁၀၀၀၀ | ၂၀၀၀၀-၂၃၀၀၀ | ၂၆၀-၃၀၀ | ၃၀၀-၃၅၀ |
| ၃ | မန္တလေး | ၅၂၀၀ | ၃၀၀၀ | - | ၁၂၅၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၃၀၀၀ | ၇၀၀၀-၇၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | - | ၁၀၀၀၀-၁၁၀၀၀ | ၂၅၀ | ၃၂၀ |
| ၄ | လားရှိုး | ၄၉၅၀ | ၂၅၀၀ | ၂၅၀၀ | ၁၁၀၀၀-၁၃၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၃၀၀၀ | ၆၀၀၀-၇၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၀၆၀၀၀ | ၂၄၀၀၀ | ၂၅၀ | ၃၅၀ |
| ၅ | မော်လမြိုင် | ၄၆၀၀ | ၂၈၀၀ | ၂၄၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၂၂၀၀ | ၇၀၀၀-၇၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၇၅၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၃၀၀ | ၄၀၀ |
| ၆ | မြိတ် | ၄၀၀၀ | ၂၉၅၀ | ၂၄၅၀ | ၁၅၀၀၀-၁၇၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၃၀၀၀ | ၈၀၀၀-၉၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၃၀၀ | ၃၅၀ |
| ၇ | ဒိုလယ် | ၅၀၀၀ | - | - | ၁၄၀၀၀-၁၅၇၀၀ | ၂၀၀၀၀-၂၁၀၀၀ | ၃၀၀၀ | ၇၀၀၀-၉၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၁၄၀၀၀ | ၂၇၀၀၀-၂၉၀၀၀ | ၂၅၀ | ၃၅၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

0 w Kv d @

# ရှာသာရှာပါမိုး

ဝိုင်ဝိုင်




(၁)

"အစ်ကို မိုးတွေမည်းနေတာပဲ မသွားပါနဲ့လား"

ညီမဖြစ်သူ မညိုစကားကို ကျွန်တော်အရေးမထားနိုင်ပါ။ လက်စွဲတော်နှစ်ဘီးတပ်အမှိုက်ပုံးကို လက်ကိုင်ကဆွဲလျက် ခြံတံခါးဖွင့်ကာ ထွက်လာခဲ့သည်။

"အဲဒီလိုပဲ အစ်ကိုကတော့ မတော်လို့မိုးမိရင် နေမကောင်းဖြစ်အုံးမယ်။ စားဖို့တောင်မလောက်တာ။ သူ့ဆေးကုဖို့က ဝေးပါသေးတော်"

"ပြောမနေနဲ့ကွာ။ ဖြစ် သေ အေးတာပဲ"

နောက်နားကနေ အော်ပြောနေသည့် ညီမတို့လင်မယား၏စကားက အကြင်နာနည်းလှသည်။ ကျွန်တော်က စည်ပင်မှ သန့်ရှင်းရေးဝန်ထမ်းအငြိမ်းစား။ စိတ်အစွဲခေါ်မလား။ အလုပ်သံယောဇဉ်လားမသိ။ အမှိုက်များကို မမြင်ချင်။ အမှိုက်သွားမပစ်ချင်သောလူများကို ကူညီချင်စိတ်ကြောင့် အငြိမ်းစားယူပြီးလည်း နေ့စဉ် အမှိုက်ပုံးဆွဲကာ မြို့မဈေးနှင့် လမ်းတစ်လျှောက် ကျွန်တော် အမှိုက်လိုက်သိမ်းသည်။ ကျွန်တော်က ညီမလေးနှစ်ယောက်ကိုငဲ့ကာ အိမ်ထောင်မပြုခဲ့ပါ။ မိဘများဆုံးပါးစဉ်ကတည်းက ရှစ်တန်းနှင့်ကျောင်းထွက်ပြီး ပန်းရန်လုပ်၍ ညီမနှစ်ယောက်ကိုရှာကျွေးခဲ့သည်။ ကျွန်တော့်အသက် ၃၀ အရွယ်တွင် စည်ပင်ဌာနက သန့်ရှင်းရေးအလုပ်ခေါ်၍ အလုပ်ဝင်ခဲ့သည်။

အကြီးမ မချိုက ရေစကြိုသားနှင့်အိမ်ထောင်ကျကာလိုက်သွားသည်။ အငယ်မ မညိုကလည်း အရက်သမားနှင့်ရကာ အိမ်ပေါ်ခေါ်တင်ခဲ့သည်။ ကျပန်းအလုပ်လုပ်သောယောက်ဖက အချိုးမပြေပါ။ မူးလာလျှင် ရန်ကလုပ်တတ်သေးသည်။ ကလေးသုံးယောက်နှင့် ဆင်းရဲတွင်းနက်လှန်းသော ညီမမိသားစုနှင့်နေရသည်မှာ စိတ်ညစ်လှသည်။ ကျွန်တော်တို့နေသည်မှာ စစ်ကိုင်းမြို့ နန္ဒာဝန်ရပ်ကွက်၏အောက်ချိုင့်ထဲတွင်ဖြစ်သည်။ မိုးရွာများလျှင် ရေဝင်ရပ်ကွက်ဖြစ်သည်။ ခြေတံရှည်အိမ်၏အောက်ထပ်တွင် အကာအရံမရှိဘဲ ကျွန်တော်နေရသည်မှာ ပင်စင်ယူပြီးကတည်းကဖြစ်သည်။ ယခင်ကတော့ အိမ်အပေါ်ထပ်ဘုရားစင်အောက်တွင်နေရသည်။ အောင်မင်္ဂလာကျောင်းတိုက်မှ ဆရာတော်က ဘုန်းကြီးကျောင်းတွင် လာနေပါဟုခေါ်သော်လည်း ကျွန်တော်သွားမနေနိုင်ခဲ့ပါ။ တူ၊ တူမလေးများကို အလွန်ချစ်၍ ခွဲမနေနိုင်ခဲ့။

ကျွန်တော့်လစာအပြည့်ပေးနိုင်တုန်းက အဆင်ပြေသည်။ ကျွန်တော်ပင်စင်ယူခါစ လုပ်သက်ဆုငွေများရစဉ်ကလည်း အဆင်ပြေခဲ့သည်။ နောက်နှစ်များတွင်တော့ ကျွန်တော့်ပင်စင်အနည်းငယ်နှင့် အဆင်မပြေတော့ပါ။ လွန်ခဲ့သောနှစ်နှစ်က ကျွန်တော် အမှိုက်သိမ်းရန်ထွက်ရင်း မိုးမိကာ လေဖြန်းခဲ့၍ အတော်ကုသခဲ့ရသည်။ ဘယ်ဘက်ခြေထောက်က သိပ်မသန်တော့ပါ။ လမ်းလျှောက်လျှင်ထော့နဲ့ထော့နဲ့နှင့် လျှာလေးကာ စကားသိပ်မပြောနိုင်တော့ပါ။

(၂)

"ဟောတော် မိုးတွေမည်းနေတာကို ဦးကြင်ကလဲ လာနေသေးတယ်။ တော်ကြာ နေမကောင်းဖြစ်နေပါအုံးမယ်"

"အေးဟယ် အသက်လဲကြီးလှပြီ။ နားပါတော့ ဦးကြွင်ရယ်"

ဈေးသည်များ၏ စိုးရိမ်သောသံယောဇဉ်စကားများက ကျွန်တော့်အတွက် နွေးထွေးလှသည်။ မိုးများက ဝေါခနဲရွာချလိုက်သည်။ မိုးအေးသောကြောင့် ခြေထောက်များ ကိုက်လာသည်။ အသုပ်သည် မအေးက ကြာဆံဟင်းခါးပူပူလေးထည့်တိုက်သည်။ မိုးစဲသွားတော့ ဈေးသည်များ ဝိုင်းထည့်ပေးလိုက်သောအမှိုက်များ ပုံးထဲတွင်အပြည့်။ ဈေးသည်များက စားစရာမုန့်များနှင့် ပိုက်ဆံအနည်းငယ်ပေးလိုက်ကြသည်။ ရလာသောငွေအနည်းငယ်ကို ကျွန်တော့်အင်္ကျီအောက်နားအတွင်းဘက်တွင် ကပ်၍ချုပ်ထားသော အိတ်ကပ်အတွင်းသေချာထည့်လိုက်သည်။ မုန့်များကတော့ ချစ်သည့် တူ၊ တူမလေးများအတွက် အိမ်သို့သယ်သွားရမည်။ အမှိုက်ပုံးဆွဲကာ စည်ပင်ရုံးထောင့်တွင်ရှိသော အမှိုက်ကန်အတွင်းသို့ပစ်ခဲ့ပြီး အိမ်ပြန်ခဲ့သည်။

"ဟေး ဘကြီးပြန်လာပြီ"

ပျော်ရွှင်စွာပြေးလာသော တူအလတ်ကောင် ဖိုးတက်ကို ကျွန်တော်ပိုချစ်သည်။

"ဟွန့် ဘကြီးနော် သမီးသူငယ်ချင်းတွေနေတဲ့ နန်းတော်ရာရပ်ကွက်ဘက် မသွားပါနဲ့ပြောထားလဲမရဘူး။ နင်တို့ဘကြီးက အမှိုက်လေးသိမ်းပေးပြီး ပိုက်ဆံတောင်းစားနေတာလို့ အပြောခံရတယ်။ သမီးရှက်တယ်"

ရှစ်တန်းအရွယ် တူမကြီးအိအိစကားကို ကျွန်တော်ပြန်မပြောနိုင်ပါ။

"ဟာ မမကြီးကလဲ အဲဒီအိမ်တွေကအမှိုက်တွေကို ဘကြီးကသိမ်းပေးလို့ သူတို့ကလဲ စေတနာနဲ့ မုန့်တွေ၊ ပိုက်ဆံတွေပေးတာပေါ့ဟ။ နင်ရှက်တယ်ဆိုရင် ဒီမုန့်တွေလာမစားနဲ့။ အငယ်ကောင် လာဟေ့ မုန့်စားမယ်"

ငါးတန်းကျောင်းသားလေးဖိုးတက်က ကျွန်တော့်ကို အကောင်းမြင်တတ်သည်။ အိအိက မျက်နှာမဲ့ကာ အိမ်ပေါ်တက်သွားသည်။

"သ သမီး စား"

အားယူကာ လေးလေးပင်ပင်ခေါ်လိုက်သော ကျွန်တော့်စကားကို အိအိက အရေးမလုပ်၊ မုန့်လာမစား၍ စိတ်မကောင်းဖြစ်မိသည်။

"အစ်ကို ပိုက်ဆံရှိရင်ပေးပါအုံး။ မိုးတွင်းဆိုတော့ ကိုမင်းကလဲအလုပ်မရှိဘူး။ ဆန်လဲမရှိတော့ဘူး"

ကျွန်တော် ပုဆိုးထဲထည့်ဝတ်ထားသော အင်္ကျီအောက်နားကိုဆွဲထုတ်ကာ အတွင်းအိတ်ကပ်ထဲထည့်ထားသော ပိုက်ဆံအလိပ်လေးကိုဖြေလိုက်သည်။ ငွေ ၁၀၀၀ တန် သုံးရွက်နှင့် ငွေ ၅၀၀ တန် ငါးရွက်။ ငွေ ၅၀၀ တန် ငါးရွက် မညိုကိုပေးလိုက်တော့-

"အစ်ကိုကလဲ အကုန်ပေးပါ။ ဆီကောဝယ်ရမှာ"

ပြောပြောဆိုဆို လက်ထဲကပိုက်ဆံကို ဖျတ်ခနဲယူသွားသည်။ တစ်ပတ်လုံး ကျွန်တော်ရသောပိုက်ဆံလေးများ အကုန်ယူသွားပါပြီ။ ပင်စင်လစာလည်း အားလုံးပေးရသည်။ ကျွန်တော့်ကို သဒ္ဓါကြေးပေးကြသောပိုက်ဆံလေးများကို မသုံးရက်ခဲ့ပါ။ အပတ်စဉ် ဥပုသ်ရက် ဈေးပိတ်သည့်နေ့တိုင်း အောင်မင်္ဂလာကျောင်းတိုက်သို့သွားကာ ဥပုသ်စောင့်သည်။ ဆရာတော်က ကျောင်းကိုအုတ်တံတိုင်းကာရံချင်သည်။ တစ်ခန်းလျှင် ငွေ ၅၀၀၀၀ ကျသင့်မည်။ တစ်လုံးတည်း မလှူနိုင်သူများ အနည်းငယ်စီလှူနိုင်ကြောင်း မိန့်ကြားခဲ့သည်။ ကျွန်တော် အုတ်တံတိုင်းသုံးခန်းလှူချင်၍ အပတ်စဉ်တိုင်း စုထားသောငွေလှူသည်။ မနက်ဖြန် ဥပုသ်နေ့တွင်လှူမည့်ပိုက်ဆံအားလုံး မညိုဆွဲယူသွား၍ စိတ်မကောင်းဖြစ်လည်း ကျွန်တော်ကျေနပ်သည်။ ကိုယ့်သွေးသားလေးများစားသောက်ရရန် အရေးပိုကြီးနေသည်။

"ဘကြီး ထမင်းစားတော့မလား။ သားခူးကျွေးမယ်"

ဖိုးတက်ကိုခေါင်းယမ်းပြကာ ကျွန်တော့်ခုတင်လေးပေါ်တွင် လှဲအိပ်လိုက်သည်။ ရင်ခေါင်းထဲပူထိုးနေ၍ ထမင်းလည်းမစားချင်ပါ။ ခဏနားလိုက်မည်။ နေ့ခင်းတွင် အမှိုက်သိမ်းထပ်ထွက်ရဦးမည်။ တူမကြီးမသွားနှင့်ပြောသော နန်းတော်ရာရပ်ကွက်ထဲမသွား၍မဖြစ်ပါ။ အမှိုက်ပစ်ခိုင်းချင်သောအိမ်များက ကျွန်တော့်ကိုမျှော်နေလိမ့်မည်။ သူတို့ပေးသောငွေအနည်းငယ်ကို ကျွန်တော် ဘုန်းကြီးကျောင်းအုတ်တံတိုင်းအတွက် လှူချင်သေးသည်။

(၃)

ကျွန်တော်နိုးလာတော့ ညနေ ၃ နာရီထိုးပါပြီ။ မိုးရိပ်များရှိနေသော်လည်း မိုးမရွာပါ။ ကျွန်တော် အမှိုက်ပုံးဆွဲကာ အိမ်ထဲကထွက်မည်အလုပ်-

"ဘကြီး နေကောင်းရဲ့လား။ မသွားပါနဲ့တော့။ ပြောမရရင် သားလိုက်ခဲ့မယ်"

"ဟဲ့ ဖိုးတက် ဘာလိုက်ချင်တာတုံး။ နင့်အဖေသိရင် ပြဿနာတက်မယ် လာစမ်း။ အစ်ကိုလဲမသွားနဲ့တော့ မိုးကရွာအုံးမှာ"

ကျွန်တော် ခေါင်းယမ်းပြကာထွက်လာခဲ့သည်။ မိုးဆိုသည်မှာလည်း သူ့ရာသီကာလအရ ရွာချင်ရွာမည်။ ကျွန်တော်သည်လည်း ခွန်အားရှိသမျှ နိုင်သောအလုပ်လုပ်ချင်သည်။ ကျွန်တော့်လုပ်အားနှင့်ရသောငွေကို လှူချင်သေးသည်။ ခေါင်းများထိုးကိုက်လာသော်လည်း ကျွန်တော်နောက်မဆုတ်ပါ။ အမှိုက်ပုံးလက်ဆွဲကွင်းကိုဆွဲကာ တရွေ့ရွေ့နှင့် အိမ်ပေါက်စေ့ကျွန်တော်ရပ်သည်။ တစ်အိမ်ပြီးတစ်အိမ်နှင့် ရပ်ကွက်တစ်ဝက်ရှိသေးသည် အမှိုက်များပြည့်လာသည်။ သည်နေ့မှ အမှိုက်ထည့်သည့်အိမ်များနေသလို ပိုက်ဆံလည်းပိုပေးနေကြသည်။ ကျွန်တော် စည်ပင်ရုံးထောင့်က အမှိုက်ကန်ထဲ အမှိုက်များပစ်ထည့်ပြီးတော့ ချွေးများထွက်ကာ မောဟိုက်နေသည်။ ကျန်သောရပ်ကွက်တစ်ဝက်ဘက် အမှိုက်သွားသိမ်းရမလား၊ အိမ်ပြန်လိုက်ရမလား ကျွန်တော်တွေးမိသည်။ အိမ်မပြန်သေးပါဘူး။ အလှူငွေပိုလှူနိုင်ရန် သွားလိုက်ပါဦးမည်။ နဖူးကချွေးများသုတ်လိုက်သည်။ မနက်ဖြန်လှူနိုင်ရေးအတွက် အားတက်ကာဆက်လျှောက်မိသည်။ ထူးခြားစွာ အမှိုက်အများကြီးသိမ်းရသလို ငွေများများလည်းရခဲ့သည်။ နောက်တစ်ကြိမ် အမှိုက်ကန်အတွင်း အမှိုက်များပစ်ထည့်အပြီးမှာ မိုးများ သဲသဲမဲမဲရွာလာသည်။ အိမ်အပြန် အမှိုက်ပုံးအလွတ်ကိုဆွဲလာရသည်မှာ လေးလံလှသည်ဟုထင်မိသည်။

"ဟော အစ်ကိုကတော့ မိုးတွေရွဲနစ်လာပြီ။ နေမကောင်းဖြစ်ရင် ကုစရာမရှိဘူးပြောပြီးသားနော်"

မညို၏စကားက မိုးသံနှင့်အပြိုင်။ ဖိုးတက်လေးက ကျွန်တော်အဝတ်လဲအပြီးတွင် ခေါင်းကဆံပင်များကို ရေသုတ်ပေးသည်။ ရေနွေးပူပူတိုက်သည်။ ကျွန်တော် ပြုံးမိသည်။ ကျွန်တော်သိပ်ချစ်ခဲ့သော၊ ကျွန်တော် အရိပ်မိုးပေးခဲ့သော ညီမဖြစ်သူက မေတ္တာရောင်ပြန်မဟပ်လည်း သူ့သွေးသားလေးက ကျွန်တော့်ကို မေတ္တာရောင်ပြန်ဟပ်သည်။

"ဘကြီး သားထမင်းခူးလိုက်မယ်နော်"

ကျွန်တော်ခေါင်းယမ်းပြမိသည်။ ရင်ခေါင်းထဲပူထိုးနေ၍ ထမင်းမစားချင်သည့်အကြောင်းကို အားယူကာပြောလည်း အသံမထွက်ပါ။ မိုးကလည်း ပိုသည်းလာသည်။ အကာအရံမရှိသော ကျွန်တော့်အောက်ထပ်ဘုံနန်းလေးက မိုးပက်၍အေးလွန်းသည်။ ဖိုးတက်လေးက ကျွန်တော့်ခုတင်ခေါင်းရင်းကို ဆာလာအိတ်ခွံများစုပြီး ကာတတ်သလိုကာပေးထား၍ တော်ပါသေးသည်။ ဖိုးတက်လေးက သူ့အမေခေါ်၍ အိမ်ပေါ်တက်သွားပြီ။ ကျွန်တော် ခုတင်လေးပေါ်တွင်လှဲအိပ်ရင်း ပိုက်ဆံလေးများကို တယုတယရေလိုက်သည်။

"အိုး. . . ငွေ ၃၀၀၀ တိတိပါလား။ မနက်ဖြန်ဘုန်းကြီးကျောင်းမှာလှူနိုင်ပြီ။ အပတ်စဉ် အလှူငွေစာရင်းတိုးတော့မယ်။ ဒီငွေလှူလိုက်ရင် အုတ်တံတိုင်းတစ်ခန်းဖိုးပြည့်ပြီ"

စိတ်က ကျေနပ်ပီတိဖြစ်လည်း ခန္ဓာကိုယ်ကလေးလံလာသည်။ ကျွန်တော့်အသက် ၆၇ နှစ်ရှိပြီ။ တစ်ခါမျှမလှူဖူးပါ။ ယခုလှူနိုင်ပြီဖြစ်၍ သေပျော်ပါပြီ။ ခြေထောက်များထုံကျဉ်လာကာ လှုပ်မရတော့ပါ။ ရင်ခေါင်းထဲပူထိုးနေသည်က ပိုဆိုးလာသည်။ အသက်ရှူမဝတော့။ မျက်စိများပြာဝေလာသည်။ အားယူကာ ညီမလေးကို အော်ခေါ်သည်။ အသံကမထွက်။ အသက်ရှူရကျပ်လာပြီ။ ကျွန်တော်အသက်မထွက်ချင်သေးပါ။ ကျွန်တော်၏ အုတ်တံတိုင်းအလှူလေးကို ရေစက်ချချင်ပါသေးသည်။ မိုးကလည်း ရွာနေသည်မှာမရပ်တော့။ ရပ်ပါပြော၍မရနိုင်တော့လည်း ရှာသာရှာပါမိုး။ မထွက်ချင်သေးသည့်အသက်ကို ကျွန်တော့်ခန္ဓာကိုယ်က လက်မခံတော့သောအခါ. . . . .။

# တရုတ်နိုင်ငံမှ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် EV ဆိုင်ကယ်များတင်သွင်းမှု များပြားလျက်ရှိ



**နေပြည်တော် ဇွန် ၁**

တရုတ်နိုင်ငံမှ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် EV ဆိုင်ကယ်များတင်သွင်းမှု များပြားလျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုမူဝါဒဌာနခွဲ ညွှန်ကြားရေးမှူး ဦးမင်းအောင်အေးထံမှ သိရသည်။

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် တရုတ်နိုင်ငံမှ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်သို့ EV ဆိုင်ကယ်အစီး ၆၄၀ ကို မေ ၃၁ ရက်က တင်သွင်းခဲ့ကြောင်း၊ ပြီးခဲ့သည့် မေ ၂၅ ရက်ကလည်း ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းဖြင့် ရန်ကုန်ဆိပ်ကမ်းသို့ တရုတ်နိုင်ငံမှ Wuyang Honda အမျိုးအစား လျှပ်စစ်သုံးဆိုင်ကယ် ၁၉၂ စီးတင်သွင်းထားကြောင်း သိရသည်။

"လျှပ်စစ်စွမ်းအင်သုံးယာဉ်တွေအပြင် လျှပ်စစ်စွမ်းအင်သုံး ဆိုင်ကယ်တွေပါ တင်သွင်းမှု မြင့်တက်နေပါတယ်။ မေလအတွင်းမှာပဲ ပင်လယ်ရေကြောင်းကတော့ နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းကပါ ဆိုင်ကယ် ၈၃၂ စီး တင်သွင်းထားပြီးဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးမင်းအောင်အေးက ပြောပြသည်။

လက်ရှိတွင် ပြည်သူများအနေဖြင့် EV ယာဉ်များကို စိတ်ဝင်စားမှုများပြားနေပြီး နိုင်ငံတော်ကလည်း EV ယာဉ်များကို ဇွန် ၁ ရက်မှစ၍ လမ်းအသုံးပြုခ အပါအဝင် အခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတစ်ဝန်း EV ယာဉ်များအတွက် Charging Station များကို အဝေးပြေးလမ်းမကြီးများနှင့် အဝေးပြေး ယာဉ်ရပ်နားစခန်းများတွင် တပ်ဆင်ထားပြီးဖြစ်ကာ ယာဉ်သွားလာမှု များပြားသည့် ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့တော် အများပြည်သူသွားလာရာ နေရာများတွင်လည်း တပ်ဆင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ASH

# ငြိမ်းချမ်းကြပါစေ

\- တူညီဆန္ဒ
သဘောမျှသော်
လောကလှပ ငြိမ်းချမ်းမည်။

\- ဆန္ဒသဘော
မလိုက်လျော၍
သောကမီးတွေ လောင်မြိုက်သည်။

\- သောကအပူ
ကိုယ်စီယူသော်
မည်သူအေးချမ်းနိုင်မည်နည်း။

\- ကိုယ်စီဆန္ဒ မပြည့်ဝလည်း
မျှတအတွေး ကိုယ်စီပေးလျက်
တလေးတစား သည်းခံငြားသော်
ပျော်ပါးစိတ်လှ ငြိမ်းချမ်းရကာ
လောကနိဗ္ဗာန် စံထိုက်သည်။

\- လောဘ ဒေါသ
မောဟကင်းကွာ
သောကခွာလေ
မေတ္တာစိတ်ရင်း နှလုံးသွင်း၍
ကောင်းခြင်းမင်္ဂလာရှိကြစေ
ငြိမ်းချမ်းပါစေ ကမ္ဘာမြေ။ ။

**စန်းထက်(ဖန်ခါးမြေ)**

# ဟိုင်းကြီးကျွန်းမြို့ ငွေတောင်ကမ်းခြေသို့ မေလအတွင်း ခရီးသွားဧည့်သည် ၃၃၁၅၅ ဦးထိ လာရောက်လည်ပတ်ခဲ့

**ပုသိမ် ဇွန် ၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ တင်းချောင်းကျေးရွာအနီးမှ ငွေတောင်ကမ်းခြေသို့ မေလအတွင်း ခရီးသွားဧည့်သည် ၃၃၁၅၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်းမှ ခရီးသွားလုပ်ငန်းတာဝန်ခံ ဒေါ်နီနီမာက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ငွေတောင်ကမ်းခြေသို့ ဧပြီလအတွင်း ခရီးသွားဧည့်သည် ၃၁၁၅၅ ဦး ထိလာရောက်လည်ပတ်ခဲ့ပြီး မေ ၁ ရက်မှ ၃၁ ရက်ထိ ခရီးသွားဧည့်သည် ၃၃၁၅၅ ဦးထိလာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"နွေရာသီကျောင်းပိတ်ရက်လဲဖြစ်ပြီး အပူရှိန်တွေက ပြင်းလွန်းတာကြောင့် မေလအတွင်းကို ခရီးသွားတွေ များပြားခဲ့ပါတယ်။ ပျမ်းမျှတစ်ရက်ကို ခရီးသွားဧည့်သည် အယောက် ၁၀၀၀ ကျော်ထိ လာရောက်လည်ပတ်ခဲ့ပါတယ်။ လက်ရှိမှာလဲ လာရောက်လည်ပတ်တဲ့သူတွေ များနေပါတယ်။ မေလအတွင်း စနေနေ့နဲ့တနင်္ဂနွေနေ့တွေဆို လာရောက်လည်ပတ်တဲ့ခရီးသွားပိုလာပါတယ်။ ကျောင်းတွေဖွင့်လို့ ခရီးသွားလျော့နည်းသွားနိုင်ပေမဲ့ မိုးရာသီ မိုးဖြိုင်ဖြိုင်မကျခင် ခရီးသွားတွေလာနေအုံးမယ်လို့ ယူဆပါတယ်"ဟု ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်းမှ ခရီးသွားလုပ်ငန်းတာဝန်ခံ ဒေါ်နီနီမာက ပြောပြသည်။



ငွေတောင်ကမ်းခြေသို့ လာရောက် လည်ပတ်အပန်းဖြေသည့် ခရီးသွားဧည့်သည်များသည် ရန်ကုန်တိုင်းဒေသကြီးမှခရီးသွားဧည့်သည်များ အများဆုံးဖြစ်ကြောင်း၊ အဆိုပါကမ်းခြေသို့ လာရောက်လည်ပတ်သည့် ခရီးသွားများ အစစအရာရာ အဆင်ပြေစေရန်အတွက် ကမ်းခြေပြု ကမ်းရိုးတန်းရေယာဉ်များ၊ Express ယာဉ်များ၊ ခေါက်တိုသုံးဘီးယာဉ်များ၊ စင်လုံးငှားယာဉ်များ ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# နမ့်စန်မြို့နယ် အမှတ် (၅) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များရွေးချယ်

**နမ့်စန် ဇွန် ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ ဒုတိယအကြိမ် ပြန်လည်ရွေးချယ်ခြင်းကို ယနေ့နံနက်ပိုင်းက အမှတ် (၅)ကျေးရွာ၌ ကျင်းပသည်။

ရွေးဦးစွာ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိဒေါ်ဖြိုးဖြိုးအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များကို ရွေးချယ်ရာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အမှန်တကယ် လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်သည့်ပုဂ္ဂိုလ်များကိုသာ ရွေးချယ်ဖွဲ့စည်းရန်နှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော အမှတ် (၅) ကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များရွေးချယ်ရာတွင် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့် အညီ ရွေးချယ် ဖွဲ့စည်းခဲ့သည်။

အခမ်းအနားသို့ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြိုးဖြိုးအောင်နှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။ **သံသာ**

# လှိုင်းဘွဲ့မြို့နယ် နံ့သာအုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**လှိုင်းဘွဲ့ ဇွန် ၁**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဥဒေါင်းကျေးရွာအုပ်စု နံ့သာအုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ နံ့သာအုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကွန်ကရစ်လမ်းကို ဌာနကသတ်မှတ်ထားသော စံနှုန်းများအတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

လှိုင်းဘွဲ့မြို့နယ် ဥဒေါင်းကျေးရွာအုပ်စု နံ့သာအုန်းကျေးရွာ၌ လမ်းအရှည်ပေ ၇၀၀၊ အကျယ် ၁၄ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၄ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၃ ဒသမ ၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက နံ့သာအုန်းကျေးရွာရှိ အိမ်ခြေ ၂၇၅ အိမ်မှ လူ ၁၇၁၁ ဦးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စများ ဆောင်ရွက်ရာ၌ ရာသီမရွေးသွားလာနိုင်သောလမ်း ဖြစ်လာမည်ဖြစ်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

ခရီးသွားဆောင်းပါး

# ကုန်းကြမ်းမြို့သို့ အသွားခရီး

သက်နိုင်(ပြင်ဦးလွင်)

ဒီတစ်ခေါက်ထွက်ခဲ့တဲ့ခရီးစဉ်က ရှမ်းပြည်နယ် (မြောက်ပိုင်း) တရုတ်-မြန်မာနယ်စပ်က မြို့လေး တစ်မြို့ဖြစ်တဲ့ ကုန်းကြမ်းမြို့ဖြစ်ပါတယ်။ အခုခရီးစဉ် မှာ ထူးခြားမှုလေးတွေ၊ စိတ်လှုပ်ရှားစရာလေးတွေ အနည်းငယ်ပါဝင်နေတယ်။ ခရီးထွက်ရခြင်းအကြောင်း ရင်းကလဲ လောက်ကိုင်မြို့က ကျောင်းသားမိဘက စတင်ခဲ့တာပါ။ သူက သူ့ရဲ့သားသမီး၊ တူတွေ၊ တူမ တွေကို ပြင်ဦးလွင်မြို့မှာ လာရောက်ပညာသင်ကြား ပေးနေရင်း ကျောင်းပိတ်ရက်တစ်ခုမှာ လောက်ကိုင် မြို့ကို အလုပ်ကိစ္စတစ်ခုနဲ့ ခေတ္တသွားစရာရှိနေတယ်။ တစ်ယောက်တည်းဖြစ်နေတာကြောင့် ဆရာလိုက်ခဲ့ ပေးပါဆိုပြီး ခရီးဖော်အဖြစ်လိုက်ပါပေးဖို့ အကူအညီ တောင်းခံခဲ့တယ်။ မိမိအနေနဲ့ ကျောင်းပိတ်ရက်မှာ အခြားခရီးစဉ်တွေမရှိသေးဘဲ အားလပ်နေပေမဲ့ မကြာသေးခင်ကရောက်ရှိခဲ့ပြီး ခရီးစဉ်ဖြစ်နေတဲ့ အတွက် စဉ်းစားရတော့တယ်။

အရင်တစ်ခေါက် ကွမ်းလုံ၊ ချင်းရွှေဟော်၊ လောက်ကိုင်ခရီးစဉ်တုန်းက မရောက်ဖြစ်ခဲ့ဘဲ ကျန်ရှိ နေသေးတဲ့ မုံးကိုး၊ ကုန်းကြမ်းမြို့တွေကို သွားလို့ရလား၊ လိုက်ပို့ပေးနိုင်မလားမေးကြည့်တော့ သွားလို့ရတယ်၊ လိုက်ပို့ပေးပါမယ်ဆိုတာနဲ့ လောက်ကိုင်ခရီးစဉ်ကို လိုက်ပါသွားရောက်ဖို့ သဘောတူလက်ခံလိုက်ရတယ်။ မုံးကိုးနဲ့ ကုန်းကြမ်းမြို့တွေကို သွားလို့မရဘူးဆိုရင် ဒီခရီးစဉ်ကို လိုက်ပါဖြစ်မှာမဟုတ်ပါဘူး။ ရှမ်းပြည် နယ် (မြောက်ပိုင်း)ဒေသမှာ တရုတ်နိုင်ငံနယ်စပ်မြို့တွေ ဖြစ်တဲ့ မူဆယ်၊ နမ့်ခမ်း၊ ကြူကုတ် (ပန်ဆိုင်း)၊ ချင်း ရွှေဟော်၊ လောက်ကိုင်မြို့တွေရှိရာကို ရောက်ဖူးနေ ပြီး မုံးကိုးနဲ့ ကုန်းကြမ်းမြို့တွေကို မရောက်ဖူးသေးတာ နဲ့ ခရီးစဉ်အသစ်အဖြစ် သွားရောက်ရပါတော့မယ်။ ဒါနဲ့ ကျောင်းသားမိဘကို ဘယ်နေ့သွားမှာလဲ၊ ဘယ် နှယောက်သွားမှာလဲ၊ ဘယ်ကားနဲ့သွားမှာလဲမေး ကြည့်တော့ ကျောင်းတွေစတင်ပိတ်တဲ့ပထမရက်မှာ မိမိတို့နှစ်ယောက်တည်း သူ့ရဲ့ကားနဲ့သွားရောက်ကြ မှာဖြစ်ကြောင်း သိလိုက်ရတယ်။ ဒီတစ်ခေါက်ခရီးစဉ် မှာ မိမိနဲ့အတူ ခရီးဖော်အဖြစ် အမြဲပါဝင်သုံးစွဲမောင်း နှင်နေကျဖြစ်တဲ့ ခွေးဘီလူးကားလေးကို အနားပေး ချန်ရစ်ထားခဲ့ရပါတော့မယ်။

သတ်မှတ်ရက်မနက်စောစော ၅ နာရီမှာ မိမိနဲ့ ကျောင်းသားမိဘနှစ်ယောက်တည်း ပြင်ဦးလွင်မြို့က နေ စတင်ထွက်ခွာလာခဲ့ကြတယ်။ အသုံးပြုတဲ့ကားက အကွာရာအမြင့်ကားနံပါတ်၊ အော်တိုဂီယာအကောင်း စား ကားကြီးပါ။ မနက်စောစော လမ်းရှင်းရှင်းအချိန် မှာ ကားကောင်းကောင်း၊ လမ်းကောင်းကောင်းနဲ့ အမြန်နှုန်းမြင့်တင်မောင်းလာခဲ့ကြတာ နောင်ချိုမြို့ကို ၆ နာရီကျော်ကျော်လေးမှာ ဝင်ရောက်လာခဲ့ကြတယ်။ နောင်ချိုမြို့ရောက်တာနဲ့ ကျောင်းသားမိဘက ဂုတ် တွင်းလမ်းကို ကျွမ်းကျွမ်းကျင်ကျင်မမောင်းရဲသေးလို့ မောင်းခဲ့ပေးပါဆိုတာနဲ့ လူလဲပြီးမောင်းလာခဲ့တာ ဂုတ်တွင်းကိုကျော်လာခဲ့ပြီး ကျောက်မဲမြို့ထမင်းဆိုင် တန်းရှိရာကို ကားမောင်းချိန် ၁ နာရီကျော်အတွင်း ရောက်ရှိလာပြန်တယ်။ လောက်ကိုင်မြို့ရောက်တဲ့ထိ သွားဖူး၊ မောင်းဖူးတဲ့ခရီးလမ်းကြောင်းဖြစ်နေလို့ ကျောက်မဲမြို့ထမင်းဆိုင်တန်းမှာ မနက်စာစားသောက် ပြီးတာနဲ့ ဘယ်မှမဝင်မနားတော့ဘဲ ဆက်လက် မောင်းနှင်လာခဲ့တာ ချင်းရွှေဟော်မြို့ရောက်မှ ခြေဆန့်လက်ဆန့်အညောင်းပြေခဏနားကြရတယ်။

ရောက်ရှိပြီးတာမကြာသေးတဲ့ခရီးစဉ်မှာ မြင်ကွင်း တွေက အပြောင်းအလဲမရှိသေးပါဘူး။ ဒါပေမဲ့ ခရီး လမ်းကြောကိုသိရှိနေပြီးဖြစ်လို့ ကားမောင်းရတာ ပိုမို အဆင်ပြေနေတယ်။ စမ်းတဝါးဝါးနဲ့ မေးမြန်းစုံစမ်းစရာ တွေလဲ မလိုတော့ပါဘူး။ ဒါကြောင့်လဲ ချင်းရွှေဟော် မြို့ကနေထွက်လာပြီးကတည်းက ကားကိုအရှိန်တင်ပြီး မောင်းနှင်လာခဲ့လိုက်တယ်။ မကြာခင်မှာ လောက် ကိုင်မြို့ရှိရာ တောင်တန်းမြင့်မြင့်ကြီးတွေပေါ် တက် ရောက်ရတော့မှာပါ။ အခုခရီးစဉ်က အရင်တစ်ခေါက် ခရီးစဉ်ထက် ပိုမိုမြန်ဆန်သလို အော်တိုဂီယာကား အသစ်ကြီးနဲ့ နှစ်ယောက်တည်းလာခဲ့ကြရလို့လဲ မပင်မပန်းနဲ့ သက်သက်သာသာရှိလှပါတယ်။ လောက်ကိုင်မြို့ကို မွန်းလွဲ ၂ နာရီမှာရောက်ရှိ လာကြတယ်။

လောက်ကိုင်မြို့ကိုရောက်တာနဲ့ မြို့တွင်းကားလမ်း ပိတ်ဆို့မှုတွေကို စတင်ရင်ဆိုင်ကြုံတွေ့ရပါပြီ။ ရှုပ်ထွေးရှည်လျားတဲ့ကားတန်းကြီးနဲ့အတူ တရွေ့ရွေ့ တအိအိ စိတ်ရှည်လက်ရှည်မောင်းနှင်လာခဲ့ရပြီး တည်းခိုအိပ်စက်ကြရမဲ့ ကျောင်းသားမိဘအိမ်ကို ညနေ ၄ နာရီထိုးခါနီးမှ ရောက်ရှိလာခဲ့တယ်။ ကျောင်းသားမိဘအိမ်ကိုရောက်တော့မှ နေ့လယ်စာ နဲ့ ညစာထမင်းကို နှစ်နပ်စာပေါင်းပြီး ကိုးကန့်ရိုးရာ ဟင်းတွေနဲ့ စားသောက်ကြရတယ်။ တည်းခိုအိမ်က အရင်တစ်ခေါက်တည်းဖူး၊ အိပ်ဖူးတဲ့အိမ်ဖြစ်နေသလို




အိပ်စက်ရတဲ့အခန်းကအစ အရင်အခန်းတွေပဲဖြစ် နေတာကြောင့် ထမင်းစားခန်း၊ ရေချိုးခန်း၊ သန့်စင် ခန်း စတာတွေကို ဘယ်နေရာ၊ ဘယ်မှာရှိတယ်ဆိုတာ သိရှိပြီးဖြစ်နေပါပြီ။ ဒါကြောင့် သူစိမ်းတစ်ယောက်လို မဟုတ်တော့ဘဲ အစစအရာရာအဆင်ပြေနေတယ်။

လောက်ကိုင်မြို့ကို ပထမရောက်ရှိခဲ့တဲ့အချိန်က ကိုးကန့်နှစ်သစ်ကူးချိန်ဆောင်းရာသီဖြစ်ပြီး အလွန် ချမ်းအေးလှပါတယ်။ အအေးဓာတ်က ပြင်ဦးလွင်မြို့ ထက် ပိုမိုသာလွန်နေတယ်။ ဒါပေမဲ့ အခုတစ်ခေါက် ဒုတိယအကြိမ် နွေရာသီကာလမှာ အလွန်ပူပြင်းတဲ့ ဒဏ်ကို ခံစားရတော့တယ်။ အပူဒဏ်က မိမိတို့ ပြင်ဦးလွင်မြို့ထက် ပိုမိုပူပြင်းနေတယ်။ ဒေသခံ ကျောင်းသားမိဘပြောကြားချက်အရ လောက်ကိုင် မြို့က အေးရင်လဲအလွန်အေး၊ ပူရင်လဲ အလွန်ပူ ကြောင်း မှတ်သားဖွယ်ဒေသန္တရဗဟုသုတအဖြစ် သိရှိ လိုက်ရတယ်။

တစ်ညနေလုံး အိပ်ခန်းတွင်းမှာအောင်းနေခဲ့ပြီး အပူရှိန်သက်သာသွားတဲ့ ည ၈ နာရီထိုးမှ အိမ်ရှေ့ လမ်းမကြီးပေါ် ထွက်လာခဲ့တယ်။ လမ်းမပေါ်မှာ လောက်ကိုင်မြို့ရဲ့ထုံးစံအတိုင်း ကားတွေ၊ ဆိုင်ကယ် တွေ ဥဒဟိုတဝီဝီသွားလာနေကြတယ်။

တစ်ညလုံး နားနားနေနေ၊ အေးအေးဆေးဆေး နဲ့အိပ်နေခဲ့ပြီး အခန်းတံခါးခေါက်သံကြားလို့ အိပ်ရာ ကနေထလာချိန်မှာ မနက် ၆ နာရီထိုးနေပါပြီ။ အိပ်ခန်းတံခါးဖွင့်လိုက်တာနဲ့ ခရီးဖော်ကျောင်းသား မိဘက အခန်းထဲဝင်ရောက်လာပြီး သူဒီနေ့အလုပ် ကိစ္စတစ်ခုရှိနေလို့ အပြင်သွားစရာရှိကြောင်း ပြောဆို မှုနဲ့အတူ လိုအပ်ရင်သုံးစွဲဖို့ တရုတ်ယွမ်ငွေ ၁၀၀၀ နဲ့ ကားသော့ကိုပေးအပ်ခဲ့တယ်။ ကျောင်းသားမိဘထွက် သွားပြီးတဲ့နောက်မှာ ၆ နာရီဆိုတဲ့အချိန်က အနည်း ငယ်စောနေသေးလို့ အိပ်ကောင်းကောင်းနဲ့ဆက်အိပ် နေလိုက်တာ ၈ နာရီထိုးမှ ပြန်နိုးလာခဲ့တော့တယ်။ အိပ်ရာကနိုးနိုးချင်း ရေမိုးချိုးအဝတ်အစားလဲပြီး လက်ဖက်ရည်ဆိုင်ကို ထွက်လာတဲ့အခါ အိမ်ရှေ့မှာ အဆင်သင့်ထိုးထားပေးတဲ့ ကားကောင်းကြီးကိုလဲ တွေ့မြင်ခဲ့ရတယ်။

လက်ဖက်ရည်ဆိုင်က ကျောင်းသားမိဘအိမ်နဲ့ မျက်စောင်းထိုးနေရာမှာရှိနေတာကြောင့် လက်ဖက် ရည်သောက်၊ မုန့်စားနေရင်းနဲ့ အိမ်ကိုကော ကားကိုပါ မြင်တွေ့နေရတယ်။ ခရီးဖော်ကျောင်းသားမိဘကလဲ အလုပ်ကိစ္စနဲ့အပြင်ကိုသွား၊ မိမိမှာလဲ ဘာအလုပ်မှမရှိ တစ်နေကုန်အားနေတာနဲ့ လက်ဖက်ရည်သောက်ရင်း စဉ်းစားမိနေတာက ကားတစ်စီးနဲ့ မုံးကိုးနဲ့ ကုန်းကြမ်း မြို့တွေရှိရာကိုသွားရင် ပိုမိုကောင်းမွန်အဆင်ပြေတယ် ဆိုတာကို ဖျတ်ခနဲသတိရသွားခဲ့တယ်။ ဒါကြောင့်လဲ အသက်အရွယ်အားဖြင့် မိမိထက်ငယ်ရွယ်နေတဲ့ လက်ဖက်ရည်ဆိုင်ပိုင်ရှင် အမျိုးသမီးကို မေးမြန်းစုံစမ်း ရတော့တယ်။

ဆိုင်ရှင်ရဲ့ပြောပြချက်အရ သွားလို့ရကြောင်း၊ ကုန်းကြမ်းမြို့ထိ ၄၂ မိုင်ဝေးသေးကြောင်း၊ ကုန်းကြမ်း ကနေတစ်ဆင့် မုံးကိုးကိုသွားရမှာဖြစ်ပြီး အသွားအပြန် တစ်နေကုန်ခရီးနဲ့ လုံလောက်ကြောင်း၊ လောက်ကိုင် မြို့ကနေထွက်တာနဲ့ တောင်တက်ခရီးကြမ်းကြမ်းကို စတင်ရမှာဖြစ်ကြောင်း၊ တာရှေထန်ကို ဦးစွာဖြတ်သန်း ရောက်ရှိသွားမှာဖြစ်ကြောင်း စတာတွေကို စိတ်ရှည် လက်ရှည်နဲ့ရှင်းပြနေတယ်။ မိမိအနေနဲ့ကလဲ တည်းခိုနေတဲ့အိမ်ကို လက်ညှိုးညွှန်ပြပြီး အဲဒီ အိမ်မှာ တည်းခိုရောက်ရှိနေတာဖြစ်ကြောင်း၊ သွားရင် အိမ်အရှေ့မှာရပ်ထားတဲ့ကားနဲ့သွားမှာဖြစ်ကြောင်း၊ မရောက်ဖူးသေးတဲ့ဒေသလဲဖြစ် တစ်ယောက်တည်းလဲ ဖြစ်နေတာကြောင့် ဖြစ်နိုင်ရင် ဆိုင်မှာ အလုပ်အားနေ သူတစ်ယောက်ယောက်ကို အဖော်အဖြစ်ထည့်ပေးစေ လိုကြောင်း စတာတွေကို ပြန်လည်ရှင်းလင်းပြော ကြားနေရတယ်။

ဒါပေမဲ့ လက်ဖက်ရည်ဆိုင်မှာလဲ အားလပ်နေတဲ့ သူမရှိလို့ တစ်ယောက်တည်းပဲထွက်လာခဲ့ရတော့တယ်။ လူတစ်ယောက် ကားတစ်စီးနဲ့ တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသေးတဲ့ နေရာဒေသမြို့ရွာတွေရှိရာကို စတင်ခရီးထွက်ခွာပါတော့မယ်။ ကားပေါ်ကိုရောက် ရောက်ချင်း ကားထဲမှာ ဆီရှိ၊ မရှိ စစ်ဆေးကြည့်တော့ တိုင်ကီအပြည့်ရှိနေကြောင်း ဆီဂိတ်လက်တံက ညွှန်ပြ နေတယ်။ ပထမတစ်ခုစိတ်ချသွားရပြီဖြစ်လို့ ဒုတိယ အနေနဲ့ ရေ၊ လေ စတာတွေကိုစစ်ကြည့်တော့လဲ အားလုံးက ကောင်းကောင်းမွန်မွန်၊ ပြည့်ပြည့်စုံစုံဖြစ် နေတာကြောင့် ကုန်းကြမ်းမြို့ခရီးကို စတင်လိုက်ရတယ်။

လက်ဖက်ရည်ဆိုင်ပိုင်ရှင်အမျိုးသမီးပြောပြလိုက် တဲ့အတိုင်း လောက်ကိုင်မြို့ကနေ ထွက်ခွာပြီးတာနဲ့ တောင်တက်လမ်းတွေကို မောင်းနှင်တက်ရောက်နေ ရတယ်။ မောင်းနေရတဲ့လမ်းအနေအထားကလဲ ကုန်းကြမ်းမြို့ကို မောင်းနေရတယ်ဆိုတဲ့အတိုင်း တကယ့်ကို ကုန်းမြင့်မြင့်ကြမ်းကြမ်းကြီးပေါ် မောင်းနေရတာပါ။ လမ်းအခြေအနေနဲ့ မြို့နာမည် ကိုက်ညီနေတာကို လက်တွေ့သိရှိတွေ့မြင်နေရတယ်။ မြို့အမည်ပေးခဲ့တဲ့သူတွေက နာမည်နဲ့လိုက်ဖက် အောင်ပေးခဲ့ကြတာထင်ပါတယ်။ အခုလိုအချိန် မြန်မာတစ်နိုင်ငံလုံးနီးပါးမှာ လမ်းတွေကောင်းမွန် သင့်တင့်နေကြပြီဖြစ်ပေမဲ့ ကုန်းကြမ်းမြို့လမ်းက ကောင်းမွန်ခြင်းမရှိသေးပါဘူး။ အရင်ခေတ်အခါက ဆိုရင် ဒီထက်ပိုမိုဆိုးဝါးလိမ့်မယ်ထင်ပါတယ်။ မြို့ အမည်နဲ့ လမ်းအခြေအနေက လိုက်ဖက်နေပါပြီ။

ကုန်းကြမ်းကြမ်း၊ လမ်းကြမ်းကြမ်းတွေကို တစ်ကွေ့ပြီးတစ်ကွေ့၊ တစ်တက်ပြီးတစ်တက် ကွေ့ပတ်မောင်းနှင်လာရင်း တဖြည်းဖြည်းနဲ့ တောင် တွေအောက်မှာကျန်နေရစ်ခဲ့တဲ့ လောက်ကိုင်မြို့ကို တောင်တွေကြားကနေ တစ်ချက်တစ်ချက်မြင်တွေ့နေ ရတယ်။ လမ်းတစ်လျှောက်မှာ ရွာတွေ၊ ဆိုင်တွေကို မတွေ့မမြင်ရသေးပါဘူး။ လမ်းအနေအထားကလဲ တစ်တောင်ပြီးတစ်တောင် တက်ရောက်မောင်းနှင်နေ ရဆဲပါ။ တစ်နေရာအရောက်မှာ အကွေ့တစ်ခုကို ပတ် ကွေ့ဆင်းသက်ပြီးတာနဲ့ လူနေအိမ်ခြေ တိုက်တာ အဆောက်အအုံတွေ အများအပြားရှိတဲ့နေရာကို ရောက်လာတယ်။ အိမ်တွေ၊ အဆောက်အအုံတွေကို တောင်ပေါ်လမ်းအမြင့်ပိုင်းကနေ တွေ့မြင်နေရတယ်။ အနီးကပ်ရောက်ရှိလာတဲ့အခါမှာ တာရှေထန်ဖြစ် ကြောင်း သိလိုက်ရတယ်။ တာရှေထန်ဆိုတာ ရွာလား၊ မြို့လားမသိရသလို ရွာအဝင်ဆိုင်းဘုတ်၊ မြို့အဝင် ဆိုင်းဘုတ်ဆိုတာတွေလဲမရှိပါဘူး။ အနီးဆုံးနေရာ တစ်ခုမှာ 'ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက် တာရှေထန်သာသနာပြုဌာန' ဆိုတဲ့ဆိုင်းဘုတ်တစ်ခု နဲ့ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ တာရှေထန်ရဲ့စခန်းဆိုတာကိုပဲ တွေ့မြင်နေရတယ်။

တာရှေထန်ရဲ့စခန်းကို ကျော်လွန်လာတာနဲ့ အိမ်တွေ၊ ဆိုင်တွေ၊ အဆောက်အအုံတွေ စည်စည်ကားကား လူတွေရှုပ်ရှုပ်ထွေးထွေးနဲ့ တွေ့မြင်လာရပြန်တယ်။ အိမ်တွေ၊ ဆိုင်တွေက လမ်းနဲ့ကပ်လွန်းနေတာကြောင့် သတိထားပြီးတော့လဲ မောင်းနှင်နေရတယ်။ တာရှေ ထန်က တောင်တွေပတ်လည်ဝိုင်းနေတဲ့အလယ်မှာ တည်ရှိနေတယ်။ လမ်းဘေးတစ်လျှောက် အိမ်တွေရဲ့ အနောက်မှာ လယ်ကွင်းလယ်ကွက်တွေကိုလဲ တွေ့မြင် နေရတယ်။ ဒေသခံတွေရဲ့အနေအထားက တောင်ယာ လုပ်ငန်းနဲ့ ကုန်ရောင်းကုန်ဝယ်လုပ်ငန်းတွေ ပေါင်းစပ် လုပ်ကိုင်နေတဲ့သဘောဖြစ်နေတယ်။ တွေ့မြင်နေရတဲ့ လူတွေရဲ့ပုံပန်းသဏ္ဌာန်အရ ကိုးကန့်လူမျိုးတွေဆိုတာ သိသာနေတယ်။ နယ်မြေဒေသအခြေအနေနဲ့ လုပ်ငန်း ကိုင်ငန်းတွေကို သိရှိလေ့လာရအောင် ဆိုင်တစ်ဆိုင် မှာ ဝင်ထိုင်စားသောက်ပြီး မေးမြန်းစုံစမ်းချင်ပေမဲ့ နေ့ချင်းပြန်ခရီးအချိန်မရမှာရယ်၊ မြန်မာစကားကို မပြောမဆိုတတ်ကြရင် အခက်အခဲတွေ့မှာရယ်ကြောင့် ဘယ်ဆိုင်မှမဝင်တော့ဘဲ ကားကိုဆက်လက်မောင်းနှင် လာခဲ့တော့တယ်။ တိုင်းရင်းသားကျေးရွာတွေမှာ မြန်မာစကားကို လုံးဝမပြောကြဘဲ သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားကိုသာ အဓိကထားပြီး တွင်တွင်ကျယ်ကျယ်အသုံးပြုနေကြတဲ့ နေရာဒေသ တွေကို မကြာခဏကြုံဆုံဖူးနေပါတယ်။

မြို့မှန်း၊ ရွာမှန်းမသိရသေးတဲ့ တာရှေထန်ကနေ တစ်ဆင့် ကုန်းကြမ်းမြို့ရှိရာကို အချိန်မီမောင်းနှင်ရ အုံးမှာဖြစ်တာကြောင့် အဖော်မပါတစ်ကိုယ်တည်း ခရီးကို ဆက်လက်မောင်းနှင်လိုက်ပါအုံးမယ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ပြေလျော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့သည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်း ကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များမှတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ် တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ် နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ပြေလျော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ယခုဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံသို့ မြန်မာထောပတ်သီးများ တင်ပို့မည်



**ရန်ကုန် ဇွန် ၁**

ယခုဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် မြန်မာထောပတ်သီးများကို တင်ပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MAVO) အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးမင်းက ပြောပြ၍ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ ထွက်ရှိသည့် Hass အမျိုးအစားထောပတ်သီး တန်ချိန် ၁၀၀၀ ကျော်ကို ထိုင်းနိုင်ငံသို့တင်ပို့ခဲ့ရကြောင်း၊ ထိုသို့ ပြည်ပဈေးကွက်သို့တင်ပို့ရာတွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းအပြင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှလည်း တင်ပို့လျက်ရှိပြီး မလေးရှားနိုင်ငံသို့လည်း တန်ချိန် ၅၀ တင်ပို့ထားကြောင်း သိရသည်။

ထို့ပြင် မြန်မာထောပတ်သီးနမူနာများကို ပြင်သစ်နိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ အာရပ်စော်ဘွားများပြည်ထောင်စု ဒုဘိုင်းမြို့သို့ စမ်းသပ်တင်ပို့လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံနှင့် ဒုဘိုင်းမြို့က မြန်မာထောပတ်သီးများကို ဝယ်ယူမှုရှိနေသော်လည်း အရည်အသွေးဆိုင်ရာ လက်မှတ်များ ရယူရန်ရှိနေသည့်အတွက် တင်ပို့မှုခေတ္တဆိုင်းငံ့ထားကြောင်း သိရသည်။

"မြန်မာထောပတ်သီးတွေကို ပြည်ပဈေးကွက်အသီးသီးသို့ တင်ပို့နေရာ အခုဘဏ္ဍာနှစ်အတွင်းမှာ အိန္ဒိယနိုင်ငံကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကနေ တင်ပို့သွားဖို့ရှိပါတယ်။ ပြည်ပသစ်သီးဝလံပြပွဲတွေမှာ မြန်မာနိုင်ငံထွက် ထောပတ်သီးတွေကို ပါဝင်ပြသရာကနေ အိန္ဒိယနိုင်ငံဘက်ကနေ သစ်သီးဝလံကုန်သည်တွေက မြန်မာထောပတ်သီးတွေကို မြန်မာနိုင်ငံထိ ကွင်းဆင်းဝယ်ယူမှုတွေရှိနေပါတယ်။ မြန်မာနိုင်ငံထွက်ထောပတ်သီးတွေကို အာရှကော ဥရောပ သစ်သီးဝလံကုန်သည်တွေကပါ စိတ်ဝင်စားပြီး မလေးရှား၊ ဗီယက်နမ်၊ ထိုင်း၊ တရုတ်၊ စင်ကာပူနိုင်ငံတွေနဲ့ ဒုဘိုင်းကို တင်ပို့မှုရှိခဲ့ပါတယ်"ဟု ဦးကျော်စိုးမင်းက ပြောပြသည်။

ပြည်ပသို့တင်ပို့နေသည့် မြန်မာထောပတ်သီး Hass အမျိုးအစားမှာ နှစ်စဉ် တန်ချိန် ၃၀၀ နှင့် ၅၀၀ ကြားထွက်ရှိကြောင်း၊ ထောပတ်သီးကို ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် မန္တလေးတိုင်းဒေသကြီး(ပြင်ဦးလွင်) တို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

ASH

# ပင်လောင်းမြို့နယ်၌ Smart Village စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပင်လောင်း ဇွန် ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း (Smart Village) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက ပေါ့အင်ကျေးရွာအုပ်စု ထီးရွေးကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်လောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဦးစီးမှူး ဦးဝ္ဂန်သန်းထွန်းနှင့်ဝန်ထမ်းများက ကော်မတီများဖွဲ့စည်းရာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အမှန်တကယ်ဆောင်ရွက်နိုင်သည့်ပုဂ္ဂိုလ်များသာ ရွေးချယ်ဖွဲ့စည်းရန်နှင့် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ထီးရွေးကျေးရွာသူ၊ ကျေးရွာသားများက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြသည်။

ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး၊ သွင်းအားစုများနှင့် ငွေကြေးဝန်ဆောင်မှုများ ပံ့ပိုးကူညီခြင်း၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားရေးမြင့်မားစေခြင်း၊ အသင်းအဖွဲ့များ ခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာမြှင့်မြိုးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး စသည့်ခေတ်မီစံပြကျေးရွာထူထောင်ရေး အစီအစဉ် လုပ်ငန်းစဉ် ခြောက်ရပ်ဖြင့် ထီးရွေးကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက ပြောပြ၍ သိရသည်။ **မောင်နိုင်**

# ခေတ်မရွေးတဲ့ကဗျာ (၁၉)

မန်းတင့်မော်

ကဗျာအကြောင်းပြောရလျှင် ဆုံးစမမြင်နိုင်ပါ။ ကမ္ဘာ့ကဗျာနှင့် မြန်မာကဗျာလမ်းကြောင်းများက ရှည်လျားလွန်းလှသည်။ ကဗျာပင်လယ်က ကျယ်ဝန်းမှုကို မတိုင်းတာနိုင်သကဲ့သို့ နက်ရှိုင်းမှုကိုလည်း တွက်ချက်၍မလွယ်ကူလှပါ။ ခေတ်အဆက်ဆက် စာဆိုအသီးသီးက ကဗျာများကို ရေးဖွဲ့ခဲ့ကြသည်များမှာလည်း ကာလရှည်ခဲ့သည်။ ယနေ့တိုင်ရေးဖွဲ့နေကြဆဲ။ နောင်တွင်လည်း ဆက်လက်ရေးဖွဲ့နေကြဦးမည်မှာ သေချာမှုတစ်ခုပင်။ ကဗျာပုံသဏ္ဌာန်အမျိုးမျိုး ရေးဖွဲ့ပုံစပ်ထုံးအသွယ်သွယ်များကလည်း ကဗျာလိုက်စားသူများနှင့် သုတေသနပြုသူများအတွက် လေ့လာမကုန် လိုက်စား၍မခန်းနိုင်ပေ။ မြန်မာကဗျာရေစီးကြောင်းထဲမှ ရေစက်ငယ်များကို ထိတွေ့ရန် မလွယ်ကူလှကြောင်းလည်း မှတ်သားမိပါသည်။

ပညာရှင်များ၏မိန့်ဆိုချက်၊ တွေ့ရှိချက်များအရ မြန်မာကဗျာစတင်ရာမှာ ပုဂံခေတ်ဟုဆိုသည်။ နှစ်ပေါင်းထောင်ချီ၍ လျှောက်လှမ်းခဲ့ရသော မြန်မာကဗျာလမ်းက ပန်းခင်းလမ်းမဟုတ်ခဲ့ပါ။ ကဗျာကြောင့်ကောင်းကျိုးခံစားခဲ့ကြရသည်များရှိသကဲ့သို့ ကဗျာကြောင့် ဆိုးကျိုးနှင့်ရင်ဆိုင်ခဲ့ကြရသည်များလည်းရှိသည်။ သမိုင်းဝင်ခဲ့သောကဗျာ၊ သမိုင်းတွင်ခဲ့သောကဗျာများရှိသကဲ့သို့ တိမ်မြုပ်ပျောက်ကွယ်ခဲ့ရသောကဗျာများစွာလည်းရှိခဲ့သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း သက်ဆိုင်ရာစာပေ၊ ဘာသာစကားများတွင်ကျယ်ခဲ့ရာ ကဗျာကလည်း အခန်းကဏ္ဍတစ်ရပ်အဖြစ် ထည်ထည်ဝါဝါရပ်တည်လျက်ရှိသည်။

ရှေးမြန်မာဘိုးဘွားများက ဆန်စပါးနှင့်အခြားသီးနှံများ စိုက်ပျိုးဖြစ်ထွန်းရာဒေသကို "ရေခံမြေခံ" ကောင်းသည်ဟု ဆိုလေ့ရှိသည်။ ဩဂအဆီအနှစ်ကြွယ်ဝသောမြေတွင် သန့်စင်သည့်ရေကောင်း၊ မိုးကောင်းမှန်မှန်ရပါက သီးပင်စားပင်များ အပွင့်မြိုင်၍ အသီးလှိုင်လေ့ရှိကြောင်းဟု မှတ်ယူရသည်။ ထို့အတူ စာပေလောကနယ်ပယ်တွင်လည်း အရပ်ဒေသတစ်ခု၌ စာ၊ ကဗျာဆိုင်ရာရေးဖွဲ့သူ များပြားလျှင် များပြားသလောက် ဒေသအရောင်တောက်လေ့ရှိပါ၏။ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာထွန်းကားသောနိုင်ငံဖြစ်၍ ဗုဒ္ဓသားတော်၊ ရဟန်းတော်များက တပည့်ဒါယကာများအတွက် ဗုဒ္ဓစာပေများကို ပို့ချသင်ကြားခဲ့ကြသည်။ ဗုဒ္ဓရှင်ပင်ဟောကြားခဲ့သော တရားတော်များကို စာပေပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဖွင့်ဆိုခဲ့ရာတွင် ကဗျာပုံစံလည်းပါဝင်ကြောင်း မှတ်သားရပါသည်။

ရေခံမြေခံအကြောင်းဆက်ရလျှင် မုံရွာမြို့ကို စာ၊ ကဗျာရေခံ၊ မြေခံ၊ မာတ်ခံကောင်းသောမြို့ဟု ဆိုနိုင်သည်။ မုံရွာဟုဆိုပါလျှင် လယ်တီဆရာတော်ကို ဦးစွာရည်မှန်းဦးခိုက်ကြည်ညိုရသည်သာ။ လယ်တီဆရာတော်ကြီး ဆောင်ရွက်တော်မူခဲ့သော သာသနာ့ဝန်များက လွန်စွာကြီးမား များပြားလှပါ၏။ စာသမားတို့လက်ကိုင်ပြုကြရသော ကျမ်းများစွာလည်း ပြုစုခဲ့ပါသေးသည်။ "သုံးလူ့ရှင်ပင်"အစချီခုနစ်နေ့ ဘုရားရှိခိုးလင်္ကာအမျိုးအစားကလည်း ကဗျာခေါင်းစဉ်အောက်တွင်ရှိနေသည်ဟု သိရသည်။ အများသိ လယ်တီဆရာတော်ကြီး၏ လက်ရာမွန်တစ်ပုဒ်ဖြစ်သည်။ လယ်တီတိုက်ထွက် ရဟန်းပညာရှိ၊ လူပညာရှိများစွာလည်း ပေါ်ထွက်ခဲ့ဖူးပါသည်။

ရစ်လုံးဘွဲ့ကဗျာကို စတင်တီထွင်ခဲ့သူမှာ မုံရွာနယ်သား လယ်တီပဏ္ဍိတဦးမောင်ကြီးဖြစ်ကြောင်းလည်း ဆရာမောင်ခင်မင် (ဓနုဖြူ)၏ စာအုပ်တွင်ဖတ်ရှုရသည်။ မုံရွာနယ်သား ကဗျာဆရာ၊ စာရေးဆရာများစွာလည်း ပေါ်ထွက်ခဲ့၊ ပေါ်ထွက်ဆဲ၊ ပေါ်ထွက်နေဦးမည်ဖြစ်ပါသည်။ မုံရွာဝင်းဖေ၊ အုံ့မောင်၊ ချစ်တွင်းချစ်သွေး၊ ဘုတလင်ချစ်လေး၊ ဘော်ဘော်(သလ္လာ)၊ အေးငွေနှင့် မင်းဆွေနှစ်(မုံရွာ) စသောကဗျာဆရာများကို မုံရွာနှင့်ယှဉ်တွဲလျက် မှတ်မိနေပါ၏။ အခြားသော မုံရွာနယ်သူ၊ နယ်သား ကဗျာဆရာ၊ ကဗျာဆရာမများစွာလည်း ကျန်ရှိနိုင်ပါသေးသည်။ မှတ်မိသမျှ ဖော်ပြခြင်းသာဖြစ်ပါသည်။

မုံရွာကဗျာဆရာများထဲမှ နေမင်းသန်းကိုမူ ယခင်က သတိမထားမိခဲ့ပေ။ စာရေးသူမုံရွာတက္ကသိုလ်သို့ ပြောင်းရွှေ့အမှုထမ်းသည့်ကာလ (၂၀၀၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်) အတွင်းရောက်မှ လူချင်းသိ စာချင်းညီ

**❖ လူမှုနယ်ပယ်တွင် မေတ္တာတရားသည် အရေးကြီးလှသည်။ အချင်းချင်းတွင် မေတ္တာခြံမှုလုံသည်။ မေတ္တာပေါင်းမှကောင်းသည်။ မေတ္တာပေးမှ အေးသည် ဟူ၍လည်း အားလုံးသိကြသည်။ လူတစ်ဦးသည် တစ်သက်တာလုံး အကောင်းချည်းမဆောင်ရွက်နိုင်။ မဖြစ်နိုင်။ ထို့အတူ အဆိုးချည်းသာ လုပ်ဆောင်ခြင်းလည်းမရှိနိုင်။ မြန်မာနှင့် ကမ္ဘာမှာပါ ထင်ပေါ်ကျော်ကြားသူများ၏ ဘဝမှတ်တမ်းများကို လက်လှမ်းမီသမျှ ရှာဖွေဖတ်ရှုကြည့်လျှင် အကောင်းအဆိုးရောပြွမ်း၍ လျှောက်လှမ်းခဲ့သူများစွာကို တွေ့ရပါမည်။ ❖**

ဖြစ်ကြသည်ဟု ဆိုရပါမည်။ ဒေသဆိုင်ရာဂျာနယ်၊ မဂ္ဂဇင်းများ ထုတ်ဝေကြရာမှ ဆုံစည်းရခြင်းဖြစ်သည်။ ကဗျာသမား၊ စာသမားချင်းက ရင်းနှီးလွယ်သည့်အတိုင်း အချိန်တိုအတွင်း ကဗျာညီအစ်ကိုများဖြစ်သွားသည်။ ဆရာနေမင်းသန်း၏ ကဗျာသက်တမ်းကားမနည်းလှ။ ၁၉၆၄ ခုနှစ်မှစ၍ ကဗျာဖြင့်စာပေလောကသို့ ဝင်ရောက်သည်။ ခေတ်ကြေးမုံပြင်နှင့် လူ့ဝန်းကျင် ကဗျာစာအုပ်(၁၉၈၄ ခုနှစ်)၊ ၇၅-ရုပ်ပုံလွှာ နေမင်းသန်း ကဗျာစာအုပ် (၂၀၁၉ ခုနှစ် ထိုစာအုပ်ဖြင့် မဲခေါင်စာပေဆုရရှိခဲ့)၊ ဘဝတွက်တာအရေးပါ ကဗျာသံပေါက်များ ကဗျာစာအုပ် (၂၀၂၁ ခုနှစ်)နှင့် ဆည်းဆာရတနာ ကဗျာ ၁၀၀ စာအုပ် (၂၀၂၂ ခုနှစ်)တို့ကို ရေးသားထုတ်ဝေခဲ့ကြောင်းသိရသည်။

ဆရာနေမင်းသန်း၏ ဆည်းဆာရတနာကဗျာ ၁၀၀ စာအုပ်တွင် ပုံမှန်ကဗျာပုဒ်ရေ ၉၉ ပုဒ်နှင့် ကဗျာရှည်တစ်ပုဒ်ပါဝင်သည်။ ကဗျာအမျိုးအစားစုံလင်ကြောင်း တွေ့ရသည်။ ထိုကဗျာများထဲမှ ကဗျာနံပါတ် ၂၆ တွင် "အကောင်းနှင့်အဆိုး" ခေါင်းစဉ်ပါကဗျာတွင်-

"လူ့ဘဝတွင်၊ အကောင်းထင်လည်း
တစ်မျှင်တစ်စိ၊ အဆိုးရှိလိမ့်။
လူ့ဘဝတွင်၊ အဆိုးထင်လည်း
တစ်မျှင်တစ်စိ၊ အကောင်းရှိလိမ့်။"ဟူ၍ စတင်လိုက်ပါသည်။ ရိုးစင်းလွန်းသော ခေါင်းစဉ်အောက်တွင် လူသားတိုင်းလျှောက်လှမ်းကြရသည့် ဘဝခရီးတွင် လျှောက်လှမ်းသူကိုယ်တိုင်ပင်လျှင် အကောင်း၊ အဆိုး နှစ်မျိုးစလုံးကို ပြုမူတတ်စမြဲဖြစ်သည်။ ထို့အတူ ဘဝတစ်သက်တာ ကြုံဆုံရသော အတွေ့အကြုံများတွင် အကောင်းမြင် အကောင်းထင်ရခြင်းများလည်းရှိသည်။ ဆန့်ကျင်ဘက်သဘောဆောင်သော အဆိုးမြင် အဆိုးထင်ရခြင်းလည်းရှိသည်။ အကောင်းအများစုတွင် အဆိုးမျှင်တစ်မျှင်ပါနိုင်သကဲ့သို့ အဆိုးအစုအဝေးတွင်လည်း အကောင်းတစိုးတစိပါနိုင်ပါသေးသည်။

ငယ်စဉ်ကသင်ကြားခဲ့ရသော "သမ္ဘတဆယ်စောင်တွဲ"စာအုပ်ပါ ဒဂုန်ဦးထွန်းမြင့်ရေးဖွဲ့သော မင်္ဂလာကဗျာတစ်ပိုင်းတစ်စကို သတိရမိသည်။ "ကောင်းဆိုးနှစ်တန်အစုံတွဲလို့၊ တလှည့်စီလဲအမြဲနေ၊ လောကဓံကြုံ မဖြုတမ်းပေါ့၊ မတုန်လှုပ်စမ်းနဲ့ စိတ်ခိုင်စေ။"ဟူ၍ ဖြစ်သည်။ ဤနေရာတွင် ကဗျာဆရာက လူမှုဆက်ဆံရေး၊ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေး စသောအရေးများအားလုံး၌ နှစ်ဖက်မြင်၊ နှစ်ဖက်မျှ၊ နှစ်ဖက်လှစေချင်သောစေတနာကို ပြဋ္ဌာန်းသည်ဟု ယူချင်ပါသည်။ အကောင်းတွေ့လျှင် အဆိုးကိုရှာ။ အဆိုးတွေ့လျှင် အကောင်းရှာဟူ၍ ညွှန်ပြပါသေးသည်။ တစ်ဖက်ပိတ်အမြင်အတွေးကို ရှောင်စေလိုရင်းလည်းဖြစ်ပါသည်။ ထို့ကြောင့်-

"အကောင်းဟူဘိ၊ သင်တွေ့ရှိက
ကျန်သည့်အဆိုး မြင်အောင်ကြည့်။
အဆိုးဟူဘိ၊ သင်တွေ့ရှိက
ကျန်သည့်အကောင်း မြင်အောင်ကြည့်။"ဟု ဆက်လက်ရေးဖွဲ့ပါသည်။

လူတစ်ဦးတစ်ယောက်ကို လူဆိုး၊ လူကောင်း သတ်မှတ်ရန် အပေါ်ယံကြည့်ရုံ၊ ခေတ္တခဏတွေ့ကြုံဆက်ဆံဖူးရုံနှင့် အဆင်မပြေနိုင်ပါ။ အပြည့်အဝကောင်းသူဟူ၍မရှိဟူသော နိုင်ငံခြားအဆိုအမိန့်တစ်ရပ်လည်းရှိသည်။ မြန်မာတို့က လူဆိုးတွင် "ချို" မပါ၍ အလွယ်တကူ လူကောင်း၊ လူဆိုးခွဲခြားရန် မလွယ်ဟုလည်း ဆိုကြပါသေးသည်။ ရွှေမန်းတင်မောင်၏ မုန်းလို့ဟုတ်ဘူး ပြဇာတ်တွင် "စိန်ကဲရွှေကဲထက် လူကဲခတ်ဖို့ခက်လှတာ"ဟူ၍ နားထောင်ခဲ့ဖူးသည်။ ဆန်ကောင်း မကောင်း ထောင်းမှသိ၊ လူကောင်း မကောင်း ပေါင်းမှသိ ဟူသောစကားရှိသည်။ လူအချင်းချင်း ပေါင်းသင်းဆက်ဆံရေးတွင် ထဲထဲဝင်ဝင်ပေါင်းလိုက်သောအခါ လူ့သဘော၊ လူ့သဘာဝ၊ လူ့စရိုက် အကောင်းအဆိုးတို့က ပေါ်လာသည်။ အကောင်းအဆိုးဆိုရာတွင် အဖြူ အမည်းဟူသော သဘောတရားတစ်မျိုးရှိသေးသည်။ အဖြူဆိုလျှင် နှစ်သက်သူများ၍ အမည်းဆိုလျှင် လူကြိုက်နည်းသည်။ လူမျိုးအလိုက် ယဉ်ကျေးမှုဓလေ့ထုံးစံများအလိုက် အကြိုက်ကွာခြားမှုလည်းရှိသည်။ အဖြူဆိုတိုင်း မကောင်းနိုင်။ ဘိန်းဖြူဆိုလျှင် ပျက်စီးရာလမ်းသို့ ဦးတည်သည်။ ထို့အတူ အမည်းဆိုတိုင်း ဆိုးသည်မဟုတ်။ လူ့အကျိုးပြုရေနံကို ရွှေမည်းဟု တင်စားကြရသည်သာ။ အဆိုပါသဘောကို ကဗျာစာဆိုက လူပုဂ္ဂိုလ်ကိုပမာပြုလျက်-

"မည်သည့်ပုဂ္ဂိုလ်၊ ကောင်းသည်ဆိုလည်း
သူ့ကိုစေ့စပ်၊ ကြည့်ရှုလတ်က
မအပ်မရော၊ တွေ့ရပါလိမ့်
သူ့မှာအဆိုးတကယ်ရှိ။
မည်သည့်ပုဂ္ဂိုလ်၊ ဆိုးသည်ဆိုလည်း
သူ့ကိုစေ့စပ်၊ ကြည့်ရှုလတ်က
သင့်မြတ်ဖွယ်ရာ၊ တွေ့ရပါလိမ့်
သူ့မှာအကောင်းဧကန်ရှိ။"ဟူ၍ ဆက်လက်ရေးဖွဲ့ပါသည်။

လူမှုနယ်ပယ်တွင် မေတ္တာတရားသည် အရေးကြီးလှသည်။ အချင်းချင်းတွင် မေတ္တာခြံမှုလုံသည်။ မေတ္တာပေါင်းမှကောင်းသည်။ မေတ္တာပေးမှ အေးသည် ဟူ၍လည်း အားလုံးသိကြသည်။ လူတစ်ဦးသည် တစ်သက်တာလုံး အကောင်းချည်းမဆောင်ရွက်နိုင်။ မဖြစ်နိုင်။ ထို့အတူ အဆိုးချည်းသာလုပ်ဆောင်ခြင်းလည်းမရှိနိုင်။ မြန်မာနှင့် ကမ္ဘာမှာပါ ထင်ပေါ်ကျော်ကြားသူများ၏ ဘဝမှတ်တမ်းများကို လက်လှမ်းမီသမျှ ရှာဖွေဖတ်ရှုကြည့်လျှင် အကောင်းအဆိုး ရောပြွမ်း၍ လျှောက်လှမ်းခဲ့သူများစွာကို တွေ့ရပါမည်။ အဆိုးမှအကောင်းသို့ ပြောင်းလဲလာသူ၊ လူ့ဘောင်လောကကို အကျိုးပြုသွားသူများရှိသကဲ့သို့ အကောင်းမှအဆိုး အမှောင်တွင်းတိုးဝင်လျက် လူ့ဘောင်ကို အရုပ်ဆိုးအကျည်းတန်စေသူများလည်းရှိနေသည်။ မည်သို့ပင်ဆိုစေ လူ့လောကတစ်ခွင်ကို မေတ္တာပန်းပင်ပျိုးလျက် မေတ္တာမိုးရွာမှသာလျှင် အရာရာလှပလျက် ပျော်ရွှင်ချမ်းမြေ့နိုင်လိမ့်မည်ဖြစ်ကြောင်းကို-

"ဤသို့ဖြစ်ရာ
အကောင်းသာပင်၊ ဘယ်မှာမရှိ
ရာပြည့်အဆိုး၊ မရှိရိုးတည်
လူဆိုးလူကောင်း၊ ဖြစ်တည်ကြောင်းလျှင်
အကောင်းလက္ခဏာ၊ တိုးပွားလာအောင်
မေတ္တာသက်ဝင်၊ အလှဆင်စို့
လူ့ခွင်သာယာချမ်းမြေ့ဖို့။ ။"ဟူ၍ အဆုံးသတ်ဖွဲ့ဆိုလိုက်သည်။ ကဗျာဆရာနေမင်းသန်း၏ "အကောင်းနှင့်အဆိုး"ကဗျာမှာ ရိုးရှင်းသော်လည်း ခေတ်အဆက်ဆက် မရိုးနိုင်သောသဘောတစ်ခုကို စပ်ဆိုထားပါသဖြင့် ခေတ်မရွေးတဲ့ကဗျာဟု ယူဆမိပါကြောင်း တင်ပြလိုက်ရပါသတည်း။

**ကိုးကား**

- **ဆည်းဆာရတနာကဗျာ ၁၀၀**
**[နေမင်းသန်း (မဲခေါင်စာပေဆုရ)]**
**၂၀၂၂ ခုနှစ် စက်တင်ဘာ**

# ပွင့်ဖြူမြို့နယ် စံပြကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**ပွင့်ဖြူ နှမ် ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို မေ ၃၁ ရက်က စံပြကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်က အမှာစကားပြောကြားပြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်က သင်တန်းသူများအနေဖြင့် သင်တန်းမှပို့ချပေးသော စက်ချုပ်သင်တန်းနှင့်ပတ်သက်သည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ်လေ့လာကာ လက်တွေ့နယ်ပယ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအဖြစ် အကျိုးရှိရှိအသုံးပြုစေလိုကြောင်း ပြောကြားသည်။


ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်နှင့် တာဝန်ရှိသူများက သင်တန်းတွင် လက်တွေ့အသုံးပြုသော ကျောင်းဝတ်စုံများကို ကျောင်းဆရာမထံသို့ ပေးအပ်ခဲ့ပြီး သင်တန်းသူများကို သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသူဦးရေ ၃၀ တက်ရောက်ပြီး သင်တန်းတွင် အခြေခံစက်ချုပ်နည်းအမျိုးမျိုး၊ အမျိုးသားဝတ်၊ အမျိုးသမီးဝတ် အင်္ကျီချုပ်ပုံအမျိုးမျိုး၊ ကလေးဝတ်အင်္ကျီ၊ ဘောင်းဘီ၊ ဂါဝန်ချုပ်ပုံ အမျိုးမျိုးတို့ကို ကျွမ်းကျင်ဆရာများက မေ ၂ ရက်မှ ၃၁ ရက်ထိ သင်ကြားပို့ချပေးခဲ့ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ခင်မာ**

# စနေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက တိုက်စစ်ကစားပုံထက်မြက်နေတဲ့ မန်စီးတီး၊ တိုရီနို၊ ရင်းနက်အသင်းတို့ကို အားပေးရမှာပါ

ML



အခုတစ်ပတ် စနေနေ့ညမှာတော့ ပရီးမီးယားလိဂ်နဲ့ ဘွန်ဒက်လီဂါပြိုင်ပွဲတွေ ရာသီပိတ်သိမ်းသွားပေမဲ့ အက်ဖ်အေဖလားဗိုလ်လုပွဲ၊ ပြင်သစ်လီဂူးနဲ့ အီတလီစီးရီးအေပွဲစဉ်တွေ ရှိနေသေးတာကြောင့် ပြိုင်ဆိုင်မှုအားကောင်းတဲ့ပွဲတွေကို ဆက်လက်ကြည့်ရှုရအုံးမှာဖြစ်ပါတယ်။ အက်ဖ်အေဖလားဗိုလ်လုပွဲမှာတော့ မန်စီးတီးနဲ့ မန်ယူတို့တွေ့ဆုံနေတာကြောင့် အကြိတ်အနယ်ရှိလာမှာဖြစ်ပေမဲ့ ကျန်လိဂ်ပြိုင်ပွဲတွေကတော့ ဥရောပပြိုင်ပွဲဝင်ခွင့်အတွက်သာကစားရမှာဖြစ်ပါတယ်။ လက်ရှိအမှတ်ပေးပြိုင်ပွဲတွေမှာတော့ ချန်ပီယံဆုအတွက် ယှဉ်ပြိုင်စရာမလိုတော့ပေမဲ့ တန်းဆင်းဇုန်ပြိုင်ပွဲကမပြီးဆုံးသေးတာကြောင့် အသင်းငယ်တွေအနေနဲ့ ရေကုန်ရေခန်းကစားလာမှာသေချာပါတယ်။ ဒါကြောင့် စနေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက တိုက်စစ်ပိုင်းထက်မြက်ပြီးရမှတ်လိုအပ်နေသေးတဲ့ အသင်းတွေကိုသာ အားပေးရမှာပါ။

### မန်စီးတီးအသင်းအနိုင်ရမှာပါ

စနေနေ့ညမှာကစားမဲ့ အက်ဖ်အေဖလားဗိုလ်လုပွဲစဉ်မှာတော့ မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းနဲ့ မန်ယူအသင်းတို့ တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်မှာသေချာပါတယ်။ မန်စီးတီးအသင်းဟာ လက်ရှိပရီးမီးယားလိဂ်မှာ ချန်ပီယံဆုရရှိခဲ့သလို ချန်ပီယံလိဂ်ပြိုင်ပွဲမှာလဲ ဗိုလ်လုပွဲတက်နိုင်ခဲ့တာကြောင့် ဖလားသုံးလုံးလမ်းကြောင်းပေါ်ရှိနေပြီး အောင်မြင်မှုရနေတယ်လို့ဆိုရမှာပါ။ သူတို့အသင်းဟာ တိုက်စစ်ပိုင်းကဟာလန်းကိုအားဖြည့်ပြီးတဲ့နောက်ပိုင်း ပြိုင်ပွဲစုံမှာကစားအားပိုကောင်းလာတာကြောင့် အသင်းကြီးတွေကိုတောင် ဂိုးပြတ်အနိုင်ရခဲ့တာဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ နည်းပြဂွါဒီယိုလာလက်အောက်မှာ ခြေစွမ်းပိုင်းတိုးတက်လာခဲ့ပြီး ဂွါဒီယိုလာရဲ့ နည်းစနစ်ပိုင်းတွေကလဲ ဒီနေ့ခေတ်မော်ဒန်ဘောလုံးလောကမှာ အကောင်းဆုံးလို့ ဆိုရမှာပါ။ အမှတ်ပေးပြိုင်ပွဲမှာဆိုရင် အမှတ်ပေးဇယားမှာဦးဆောင်နေတဲ့ အာဆင်နယ်ကို ဂိုးပြတ်အနိုင်ယူပြီး ဇယားထိပ်ကို ပြန်လည်တက်ရောက်နိုင်ခဲ့သလို ချန်ပီယံလိဂ်ပြိုင်ပွဲမှာလဲ ဘိုင်ယန်၊ ရီးရဲလ်မက်ဒရစ်တို့ကို အိမ်ကွင်းမှာဂိုးပြတ်အနိုင်ယူပြီး ဗိုလ်လုပွဲထိတက်ရောက်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ ဂရီလစ်၊ ဒီဘရိုင်း၊ အာကန်ဂျီ၊ ဒီယက်ဇ်တို့ ပါဝင်ဖို့မသေချာပေမဲ့ ပရီးမီးယားလိဂ်မှာ ကစားသမားစုဖွဲ့မှုအကောင်းဆုံးဖြစ်တဲ့ သူတို့အသင်းအတွက် အခက်တွေ့မှာမဟုတ်ပါဘူး။

မန်ယူအသင်းဟာ အက်ဖ်အေဖလားသမိုင်းမှာ အာဆင်နယ်အသင်းပြီးရင် ဒုတိယမြောက်အောင်မြင်ဆုံးအသင်းလို့ဆိုရမှာပါ။ သူတို့အသင်းဟာ အက်ဖ်အေဖလားဗိုလ်လုပွဲအကြိမ် ၂၀ တက်ရောက်ခဲ့ရာမှာ ၁၂ ကြိမ်ထိ ဆုဖလားရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းကစားကွက်ပိုင်းဟာ တည်ငြိမ်မှုမရှိတဲ့အပြင် အသင်းကြီးတွေနဲ့တွေ့ရင် ခံစစ်ပိုင်းအားနည်းချက်တွေရှိနေတာကြောင့်လဲ အခုပွဲစဉ်မှာမန်စီးတီးရဲ့ ဖိအားပေးမှုကိုခံနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရမှာပါ။ အခုပွဲစဉ်မှာတော့ မာရှယ်၊ အန်တိုနီ၊ ဗန်ဒီဘိခ်၊ မာတီနက်ဇ်၊ ဆာဘစ်ဇာတို့ ပါဝင်နိုင်မှာမဟုတ်လို့ ကစားအားကျဆင်းမှာသေချာပါတယ်။ ဒါ့ပြင် သူတို့အသင်းနည်းပြတန်ဟက်ရဲ့ ကစားကွက်အခင်းအကျင်းကလဲ ဂွါဒီယိုလာရဲ့ မန်စီးတီးအသင်းကို ပွဲချိန်ပြည့်ဟန့်တားဖို့ မဖြစ်နိုင်ပါဘူး။ ဗိုလ်လုပွဲစဉ်ဖြစ်တာကြောင့် နှစ်သင်းစလုံး အစွမ်းကုန်ကြိုးစားလာမှာသေချာပေမဲ့ ကစားသမားစုဖွဲ့မှုနဲ့ လက်ရှိကစားကွက်ပိုင်းအကောင်းဆုံးပုံစံရနေတဲ့ မန်စီးတီးအသင်းပဲအနိုင်ရမှာပါ။

**မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အဲဗာတန် | ၀ | - | ၃ | မန်စီးတီး |
| မန်စီးတီး | ၄ | - | ၀ | ရီးရဲလ်မက်ဒရစ် |
| မန်စီးတီး | ၁ | - | ၀ | ချဲလ်ဆီး |
| ဘရိုက်တန် | ၁ | - | ၁ | မန်စီးတီး |
| ဘရန့်ဖို့ဒ် | ၁ | - | ၀ | မန်စီးတီး |

**မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | ၁ | - | ၀ | မန်ယူ |
| မန်ယူ | ၂ | - | ၀ | ဝုဗ် |
| ဘုန်းမောက် | ၀ | - | ၁ | မန်ယူ |
| မန်ယူ | ၄ | - | ၁ | ချဲလ်ဆီး |
| မန်ယူ | ၂ | - | ၁ | ဖူလ်ဟမ် |

### တိုရီနိုအသင်းကို အားပေးရမှာပါ

စနေနေ့ညမှာကစားမဲ့ စီးရီးအေနောက်ဆုံးပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ တိုရီနိုနဲ့ အင်တာမီလန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ တိုရီနိုအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာသုံးပွဲနိုင်၊ နှစ်ပွဲသရေနဲ့ တိုက်စစ်ပိုင်းက ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ လက်ရှိအမှတ်ပေးဇယားအဆင့်(၈)မှာ ရမှတ် ၅၃ မှတ်နဲ့ ရပ်တည်နေပေမဲ့ ရာသီပိတ်ပွဲစဉ်ကို နိုင်ပွဲနဲ့ အဆုံးသတ်ဖို့အတွက် ပြင်ဆင်လာမှာသေချာပါတယ်။ သူတို့အသင်းဟာ အခုရာသီမှာ ဘယ်လော့တီ၊ ဘရီမာတို့လို ကစားသမားကောင်းတွေ လက်လွှတ်ခဲ့ရပေမဲ့ ပုံစံကောင်းဆက်လက်ထိန်းသိမ်းနိုင်ခဲ့တာကြောင့် အဆင့်(၈)ထိ တက်ရောက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ ၃-၄-၂-၁ ကစားကွက်မှာတော့ ကစားသမားအားလုံးပုံစံကောင်းပြသနေသလို တိုက်စစ်ပိုင်းက ဗလာဆစ်၊ မီရန်ချက်ခ်၊ ဆာရာဘီယားတို့အတွဲကတော့ အဓိကဂိုးတွေသွင်းယူနေတာကိုတွေ့ရမှာပါ။ ဆာရာဘီယားကတော့ သွင်းဂိုး ၁၂ ဂိုးနဲ့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ်ရပ်တည်နေတာ ဖြစ်ပါတယ်။ သူတို့အသင်းဟာ အင်တာမီလန်နဲ့ ကစားခဲ့ရတဲ့ အိမ်ကွင်းပွဲစဉ်တွေမှာအသာရခဲ့ပြီး နောက်ဆုံးအိမ်ကွင်းငါးပွဲမှာ သုံးပွဲနိုင်၊ နှစ်ပွဲရှုံး ရလဒ်ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။

အင်တာမီလန်အသင်းဟာ နည်းပြဆီမွန်နီအင်ဇာဂီလက်ထက်မှာ ခြေစွမ်းပိုင်းတိုးတက်လာတာကြောင့် စီးရီးအေမှာရမှတ် ၆၉ မှတ်ထိရရှိခဲ့ပြီး အဆင့်(၃)မှာရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် ချန်ပီယံလိဂ်ပြိုင်ပွဲမှာလဲ ပေါ်တို၊ ဘင်ဖီကာ၊ အေစီမီလန်တို့ကို အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲထိရောက်ရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုပွဲစဉ်ကို ရှုံးနိမ့်ခဲ့ရင်လဲ ကြီးမားတဲ့အပြောင်းအလဲဖြစ်မှာမဟုတ်တာကြောင့် ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာမှာ မဟုတ်ပါဘူး။ အင်တာမီလန်ဟာလာမဲ့ ဇွန် ၁၁ ရက်မှာ မန်စီးတီးနဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲကစားရမှာဖြစ်တာကြောင့် ကစားသမားအလှည့်ကျ အသုံးပြုလာမှာသေချာနေပြီး အဓိကကစားသမားတွေ ဒဏ်ရာမရဖို့အတွက် ပြိုင်ပွဲကိုထိန်းချုပ်ကစားလာမှာပါ။ လက်ရှိ အင်တာမီလန်အသင်းအစုအဖွဲ့ဟာ တိုရီနိုထက်သာလွန်ပေမဲ့ ကစားသမားအစုံအလင်နဲ့ ပွဲမထွက်ခဲ့ရင်တော့ တိုရီနိုရဲ့ထိန်းချုပ်မှုအောက်မှာ ကျရောက်သွားမှာဖြစ်သလို မရှုံးနိမ့်ရေးသာကစားရမှာဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံမှုမှာတော့ အင်တာမီလန်က နောက်ကျဂိုးနဲ့ အနိုင်ရခဲ့ပေမဲ့ လက်ရှိခြေစွမ်းပိုင်းနဲ့ ရမှတ်လိုအပ်ချက်တွေအရ တိုရီနိုကသာနေတာကြောင့် အိမ်ရှင်ကိုသာအားပေးရမှာပါ။

**တိုရီနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆမ့်ဒိုးရီးယား | ၀ | - | ၂ | တိုရီနို |
| တိုရီနို | ၁ | - | ၁ | မွန်ဇာ |
| ဗီရိုနာ | ၀ | - | ၁ | တိုရီနို |
| တိုရီနို | ၁ | - | ၁ | ဖီအိုရင်တီးနား |
| စပီဇီယာ | ၀ | - | ၄ | တိုရီနို |

**အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အင်တာမီလန် | ၄ | - | ၂ | ဆက်ဆူအိုလို |
| အင်တာမီလန် | ၁ | - | ၀ | အေစီမီလန် |
| နာပိုလီ | ၃ | - | ၁ | အင်တာမီလန် |
| ဖီအိုရင်တီးနား | ၁ | - | ၂ | အင်တာမီလန် |
| အင်တာမီလန် | ၃ | - | ၂ | အတ္တလန်တာ |

### ရင်းနက်အသင်းကိုရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ ပြင်သစ်လီဂူးရဲ့ ရာသီပိတ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဘရက်နဲ့ ရင်းနက်အသင်းတို့ရဲ့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းပထမအကျော့ တွေ့ဆုံမှုမှာတော့ ရင်းနက်က အိမ်ကွင်းမှာသုံးဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းကလဲ ခံစစ်အသားပေးပြီး တန်ပြန်တိုက်စစ်နဲ့ ဖိအားပေးနိုင်ခဲ့တာကြောင့် နောက်ဆုံး ကစားခဲ့တဲ့ အိမ်ကွင်းငါးပွဲဆက် ရှုံးပွဲမရှိခဲ့သလို တိုက်စစ်ပိုင်းကလဲ ငါးပွဲစလုံး ဂိုးရခဲ့တာကိုသတိပြုရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ ပွဲစဉ်(၃၇)အပြီးမှာ ရမှတ် ၄၄ မှတ်သာရရှိခဲ့လို့ တန်းဆင်းဇုန်က လွတ်မြောက်ခဲ့ပြီး အဆင့်(၁၄)မှာရပ်တည်နေတာဖြစ်ပါတယ်။ လက်ရှိဘရက်အသင်းကတော့ ပြိုင်ဘက်ရဲ့ ကစားပုံကိုကြည့်ပြီး ပွဲထွက်နေကာ တန်ပြန်တိုက်စစ်နဲ့ ပြိုင်ဘက်ကိုဖိအားပေးကစားနေပေမဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်မှာတော့ ရင်းနက်က အသာရနေတာကိုသတိပြုရမှာပါ။ ဒါ့ပြင် ဘရက်အသင်းဟာ အမှတ်ပေးပွဲအိမ်ကွင်း ၁၈ ပွဲမှာ ခုနစ် ပွဲနိုင်၊ ငါးပွဲရှုံး၊ ခြောက်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ခံစစ်ပိုင်းကလဲ တိုက်စစ်ထက်မြက်တဲ့အသင်းတွေနဲ့ဆို ဂိုးပေးနေရတာကိုတွေ့ရမှာပါ။

ရင်းနက်အသင်းဟာပွဲစဉ်(၃၇)အပြီးမှာ ရမှတ် ၆၅ မှတ်နဲ့ အဆင့်(၅)မှာရောက်ရှိနေပေမဲ့ အဆင့်(၆)က မိုနာကို၊ အဆင့်(၇) လိုင်ယွန်တို့နဲ့ ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေတာကြောင့် အခုပွဲစဉ်ကို အနိုင်ရမှသာ ယူရိုပါကွန်ဖရင့်လိဂ်ဝင်ခွင့်သေချာမှာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုရာသီမှာတိုက်စစ် ဂူအီရီ၊ အီကမ်ဘီ၊ ကာလီမန်ဒိုမှုအင်ဂါတို့ကို ခေါ်ယူနိုင်ခဲ့သလို စပန်ဇီ၊ ဂျိုးရှွန်ဒွန်တို့လို ခံစစ်ကစားသမားတွေကိုလဲ ဖြည့်တင်းနိုင်ခဲ့လို့ ပထမရာသီဝက်မှာ ပုံစံကောင်းရခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲ ပြီးတဲ့အချိန်မှာ ဆူလီမန်နာကို ထုတ်ရောင်းခဲ့တာကြောင့် တိုက်စစ်ကစားအားကျဆင်းသွားသလို ခံစစ်ပိုင်းကလဲ ပေးဂိုးတွေများနေခဲ့လို့ ရလဒ်ကျဆင်းသွားခဲ့ပြီး လက်ရှိမှာ ဥရောပဝင်ခွင့်အတွက် ရုန်းကန်နေရတာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာ ဒဏ်ရာရကစားသမားငါးဦးရှိပေမဲ့ အဓိကကစားသမားတွေ ပါဝင်နိုင်မှာဖြစ်လို့ ရမှတ်ရှာဖွေနိုင်ဖို့ သေချာနေသလို ဘရက်စ်နဲ့တွေ့ဆုံခဲ့တဲ့ ကိုးကြိမ်မှာလဲ ခြောက်ပွဲနိုင်၊ သုံးပွဲသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် တိုက်စစ်ပိုင်းထက်မြက်နေတဲ့ ဧည့်သည်ရင်းနက်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ဘရက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရက် | ၂ | - | ၀ | နန့်တက် |
| လိုရီးယန့် | ၂ | - | ၁ | ဘရက် |
| ဘရက် | ၁ | - | ၀ | အော့ဇေး |
| ဘရက် | ၂ | - | ၁ | ကလဲယားမောက် |
| မာဆေး | ၁ | - | ၂ | ဘရက် |

**ရင်းနက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရင်းနက် | ၄ | - | ၂ | အန်ဂါ |
| နိုက် | ၂ | - | ၁ | ရင်းနက် |
| ရင်းနက် | ၄ | - | ၀ | ထရွိုင်းယက် |
| အေဂျက်စီယို | ၀ | - | ၅ | ရင်းနက် |
| ရင်းနက် | ၂ | - | ၀ | မိုနာကို |







## ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ
## သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအထောက်အကူပြု ပုံမှန်သင်တန်းများကို ၂၀၂၃ခု-နှစ်၊ ဇူလိုင်လ(၁)ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်၍ အောက်ပါသင်တန်းများသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | သင်တန်းအမည် | လက်ခံမည့်ဦးရေ |
|---|---|---|
| (က) ရိုးရာလွန်းရာကျအချိတ် | (၆)လသင်တန်း | ၅ ဦး |
| (ခ) လက်ရက်ကန်း | (၆)လသင်တန်း | ၁၀ ဦး |

၂။ သင်တန်းဝင်လျှောက်ထားသူများသည် အောက်ပါအချက်များနှင့်ပြည့်စုံရမည်-
(၁) သင်တန်းများအတွက် အခြေခံပညာမူလတန်းအောင်မြင်ပြီး (၁၆)နှစ်မှ (၂၅) နှစ်အတွင်းဖြစ်ရမည်။
(၂) အမှတ်စဉ်(က) သင်တန်းအတွက် အမျိုးသမီးများကို ဦးစားပေးမည်။

၃။ အောက်ပါလိပ်စာတွင် ဆက်သွယ်လျှောက်ထားနိုင်ပါသည်-
ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ (အမရပူရမြို့)
ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၂-၄၀၅၉၉၆၄၊ ၀၂-၄၀၇၀၄၂၈၊ ၀၉-၄၂၈၃ ၂၀ ၂၃၅၊ ၀၉-၄၀ ၂၅၇၃၉၁၈၊၀၉-၄၂၀၇၁ ၂၈၃၁(သင်တန်းရေးရာ)
E-mail - mmsaunder@gmail.com

၄။ သင်တန်းတိုင်းအတွက် ရေ မီး၊ အပြည့်အစုံ အဆောင် **(အခမဲ့)** နေထိုင်ခွင့်ရရှိမည်ဖြစ်ပြီး ပညာသင်ထောက်ပံ့ကြေး တစ်ဦးလျှင် တစ်လ ၃၀၀၀၀/-ကျပ် ချီးမြှင့်ပါမည်။

၅။ ရက်ကန်းပညာရပ်ကို အမှန်တကယ်စိတ်ဝင်စားပြီး သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများအား အသက်ကန့်သတ်ချက် လျှော့ပေါ့၍ လက်ခံသွားမည်ဖြစ်ပါသည်။

(MK) မော်ကွန်း အသည်းနှင့် ကင်ဆာအမျိုးမျိုးအထူးကုဆေးခန်း
ပ.၅/၆၈၊ ၄၂ × ၄၃လမ်းကြား၊ ၆၁(A)လမ်း မဟာမြိုင်(၂)မန္တလေး။
လူကြီးမင်းတို့ခံစားနေရသော အသည်းခြောက်၊ အသည်းခြောက်၊ ရေဖျင်း၊ အသည်းကင်ဆာ ရောဂါများနှင့် အခြားကင်ဆာ အမျိုးမျိုးတို့ကို သင့်တင့်သော ဈေးနှုန်းများဖြင့် စနစ်တကျကုသမှုပေးနေပါသည်။
ဆေးခန်းဖွင့်ချိန်။ ။နံနက်(၈း၀၀)မှ (၁၂း၀၀)နာရီထိ။
မှတ်ချက်။ ။ ၀၉-၄၀၂၅၀၀၄၄၂ သို့ကြိုတင်ဆက်သွယ် ရက်ချိန်း ရယူပါ။
☆ သံဃာတော်များ၊ သီလရှင်များ၊ အငြိမ်းစားဝန်ထမ်းများကို အထူးနှုန်းဖြင့် ဝန်ဆောင်မှုပေးပါသည်။
ဓာတ်ခွဲစစ်ဆေးချက် မှတ်တမ်းများအပြည့်အစုံ ယူလာရပါမည်။

### ပျောက်ဆုံးကြောင်း
ချမ်းမြသာစည်မြို့သစ်၊ (၂)ရပ်ကွက်နေ ဝင်းကိုအောင် (ဘ) ဦးမြသင်း (၅/ဒပယ(နိုင်)၁၁၂၇၀၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-264762)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၇၁၄၁၆၈၅

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

### ဖခင်အမည်မှန်
စဉ့်ကိုင်မြို့နယ်၊ အ. ထ. က(စဉ့်ကိုင်)၊ ကျောင်းဝင်အမှတ် (၁၆၃၀) Grade-10၊ အခန်း(E)မှ မစုစုဝင်း ၏ဖခင်အမည်မှန်မှာ ဦးအောင်ကိုလတ် ဖြစ်ပါကြောင်း။
**ဦးအောင်ကိုလတ်(၉/စကတ(နိုင်)၁၁၃၉၄၉)**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



### ဖခင်အမည်မှန်
စဉ့်ကိုင်မြို့နယ်၊ အ. ထ. က(စဉ့်ကိုင်)၊ ကျောင်းဝင်အမှတ် (၁၆၅၇) Grade-11၊ အခန်း(E)မှ မရွှေရည်လှိုင် ၏ဖခင်အမည်မှန်မှာ ဦးဗိုလ်တင်လှိုင် ဖြစ်ပါကြောင်း။
**ဦးဗိုလ်တင်လှိုင်(၉/စကတ(နိုင်)၀၆၃၅၁၁)**

### ဖခင်အမည်မှန်
စဉ့်ကိုင်မြို့နယ်၊ အ. ထ. က(စဉ့်ကိုင်)၊ ကျောင်းဝင်အမှတ် (၁၅၈၈) Grade-9၊ အခန်း(E)မှ မစံပယ်မိုးနှင့် မဖူးပြည့်စုံတို့၏ဖခင်အမည်မှန်မှာ ဦးဇင်ဖြိုးမောင် ဖြစ်ပါကြောင်း။
**ဦးဇင်ဖြိုးမောင်(၉/ကဆန(နိုင်)၁၃၅၈၃၃)**

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

### ဖခင်အမည်မှန်
မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထက(ခွဲ)(၂၉)၊ Grade-6 မှ မဖူးပြည့်စုံ နှင့် Grade-4 မှ မမေရှင်းသန့်ဖြူတို့၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ် (၈/ရစက(နိုင်)၁၄၂၅၇၃)အရ ဦးငွေအောင် ဖြစ်ပါကြောင်း။
**ဦးငွေအောင်(၈/ရစက(နိုင်)၁၄၂၅၇၃)**

### ပျောက်ဆုံးကြောင်း
လေးမျက်နှာမြို့နေ ဇော်သက်ပိုင် (ဘ) ဦးလှိုင်ဝင်း (၁၄/လမန(နိုင်) ၀၆၁၃၅၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-038368)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၁၀၉၄၅၁၅

### မွေးသက္ကရာဇ်အမှန်
(အဖ) ဦးအောင်နေထွန်း ၏သမီး၊ ပြင်ဦးလွင်မြို့၊ နောင်လှိုင်၊ အထက်တန်းကျောင်း Grade-5 မှ မကြယ်စင်ထွန်း ၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၇-၂၀၁၂ ဖြစ်ပါကြောင်း။ ၉-၇-၂၀၁၂

### ပျောက်ဆုံးကြောင်း
ညောင်တုန်းမြို့နေ ဦးမိုးဝင်း (ဘ) ဦးထိန်ဝင်း (၁၄/ညတန(နိုင်)၁၀၉၁၂၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၆၄၃၀၈၄၆

### ပျောက်ဆုံးကြောင်း
ညောင်တုန်းမြို့နေ ဦးထိုက်ခံ (ဘ) ဦးအောင်ကြည် (၁၄/ညတန(နိုင်) ၁၃၉၅၇၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၄၂၅၇၆၇၆

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**သစ်ပင်စိုက်မှ အရိပ်ရ၏၊ ရိပ်ခိုနားနေ အပန်းပြေ၏**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ဒေသတွင်း စားရေးဖူလုံမှုရှိပါက အခြားဒေသမှ ဝယ်ယူစားသုံးရခြင်းမပြုရသည့်အတွက် ဒေသတွင်း ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာပြီး ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ပြုလုပ်သော မြိတ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များကိုတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၃-၂၀၂၄ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြား



၂၀၂၃-၂၀၂၄ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၁**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများကို ယနေ့နံနက်ပိုင်းတွင် စတင်ဖွင့်လှစ်၍ သက်ဆိုင်ရာအတန်းအလိုက် သင်ခန်းစာများသင်ကြားပို့ချပေးလျက်ရှိသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် အခြေခံပညာအထက်တန်း၊အလယ်တန်း၊ မူလတန်းကျောင်းစုစုပေါင်း ၇၅၇ ကျောင်း၊ ဘုန်းတော်ကြီးသင်ကျောင်းစုစုပေါင်း ၂၈ ကျောင်း၊ကိုယ်ပိုင်ကျောင်းအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းစုစုပေါင်း ၁၄ ကျောင်း၊ စုစုပေါင်း ၇၉၉ ကျောင်းတို့ ပြန်လည်ဖွင့်လှစ်ပြီး ယနေ့တွင် ကျောင်းသား၊ကျောင်းသူစုစုပေါင်း ၂၁၇၀၄၂ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

နိုင်ငံအဝန်း၌ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ

စာမျက်နှာ ၂၃ ကော်လံ ၁ ☆

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် MNDAA၊ TNLA၊ AA ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေး**

စာမျက်နှာ - ၁၉

**မြန်မာနိုင်ငံရှိ မိုခါမှန်တိုင်းဒဏ်သင့် ပြည်သူများထံသို့ အာဆီယံနိုင်ငံများမှ ပေးပို့သည့် အကူအညီပစ္စည်းများ စတုတ္ထအသုတ်အဖြစ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိ**

စာမျက်နှာ - ၂၁